ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်

ဥပရိပဏ္ဏာသပါဠိတော်

နိဿယ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာတော်နှစ် ၂၅၀၆ ကောဇာသက္ကရာဇ် ၁၃၂၄ ၁၉၆၃

၄၄၄၆

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်

ဥပရိပဏ္ဏာသပါဠိတော်

နိဿယ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာတော်နှစ် ၂၅၀၆ ကောဇာသက္ကရာဇ် ၁၃၂၄ ၁၉၆၂

ဥပရိပဏ္ဏာသပါဠိတော်နိဿယ
မှတ်သားဖွယ်ရာ မာတိကာ

ဦးရေ	အကြောင်းအရာ	မျက်နှာအမှတ်

၁-ဒေဝဒဟဝဂ်
၁-ဒေဝဒဟသုတ်

၁။ ဝေဝံ မေ သုတံ, ဧကံ သမယံ, သက္ကေသု- ပုဒ်တို့၌ မှတ်သားဖွယ်နှင့် ဒေဝဒဟမည်ပုံ.... ၁

၂။ နိဂဏ္ဌတို့၏ ဝါဒနှင့် အားထုတ်မှုသည် ယုတ္တိလည်း မရှိ, အကျိုးလည်း မရဟု ဥပမာနှင့်တကွ မိန့်တော်မူခြင်း ၁-၈

၃။ အားထုတ်လျှင် အကျိုးရှိသော ဗုဒ္ဓဝါဒနှင့် ထိုဝါဒအရ (စျာန်,အဘိညာဉ် အဆင့်ဆင့်) အားထုတ်ပုံကို ဟောတော်မူခြင်း .... ၉၊၂၀

၂-ပဉ္စတ္တယသုတ်

၁။ နေဝ ရူပိံ နာရူပိံ- ပုဒ်ကို သဒ္ဒတ္ထ ဝေဖန်၍ ပြခြင်း ၂၁

၂။ သညီဝါဒ, အသညီဝါဒ, နေဝသညီနာသညီဝါဒ, ဥစ္ဆေဒဝါဒ- စသည်တို့ကို ဟောတော်မူခြင်း ၂၀-၂၇

၃-ကိန္တိသုတ်

၁။ "ပစ္စည်း ၄-ပါးနှင့် ဘဝကြီးပွါးရေးကို လိုလား၍ တရားဟောတော်မူခြင်းဖြစ်သည်ဟု သင်တို့ ယူဆကြသလော"ဟု မေးတော်မူသည်ကို ထိုသို့မယူဆကြောင်း, အကျိုးစီးပွါးများပြားစေလို၍ သနားစောင့်ရှောက်တော်မူသဖြင့် ဟောတော်မူခြင်းဖြစ်သည်ဟု ယူဆကြောင်း လျှောက်ထားခြင်း ၂၇-၈

၂။ သတိပဋ္ဌာန်စသော (အဘိဓမ္မာ)တရားတို့၌ ငြင်းခုံမှုမပြုပဲ လိုက်နာကျင့်သုံးရန်နှင့် အယူဝါဒ ကွဲပြားသည်ရှိသော် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို ဟောတော်မူခြင်း .... ၂၈၊၃၁

၄-သာမဂါမသုတ်

၁။ ပါဝါမြို့၌ နိဂဏ္ဌနာဋပုတ္တ ကွယ်လွန်ပြီးစ၌ပင်လျှင် ၎င်း၏တပည့်များ ခိုက်ရန်ငြင်းခုံကြသဖြင့် ဒကာ,ဒကာမတို့ ငြီးငွေ့ကာ ဂါရဝ နည်းပါးလာကြပုံ ၃၂-၃

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

၄-သာမဂါမသုတ်

၂။ ဝိနည်းသိက္ခာပုဒ်တို့နှင့်ပတ်သက်သော ငြင်းခုံမှုသည် ပြေပျောက် ပြီးငြိမ်းလွယ် အနည်းငယ်မျှသာဖြစ်ကြောင်း, ပုဗ္ဗဘာဂမဂ်, ပုဗ္ဗဘာဂပဋိပဒ် (သမထ ဝိပဿနာအလုပ်)နှင့် ပတ်သက်သော ငြင်းခုံမှုဖြစ်လတ်သော် သတ္တဝါ အများ. အစီးအပွါးမဲ့ခြင်းဖြစ်ကြောင်း ဟောတော်မူပုံ ၃၄

၃။ ငြင်းခုံခြင်းအကြောင်း (ဝိဝါဒမူလ) ၆-ပါး၊ အဓိကရုဏ်း ၄-ပါးနှင့် သမထ ၇-ပါး၊ သာရဏီယတရား ၆-ပါးတို့ကို အကျယ် ဟောကြားတော်မူခြင်း ၃၄၊၄၁

၅-သုနက္ခတ္တသုတ်

၁။ မြတ်စွာဘုရားရှင်အား ရဟန်းများက မိမိတို့ ရဟန္တာဖြစ်ကြောင်း လျှောက် ထားသည်ကို ကြားရသောအခါ "အားလုံးပင် စင်စစ် ရဟန္တာ ဖြစ်ကြပါ သလော" ဟူသော သုနက္ခတ်ရဟန်း၏အမေးကို ဘုရားရှင်ဖြေဆိုတော်မူခြင်း ၄၁

၂။ ရဟန္တာဖြစ်ပြီဟုမှတ်ထင်၍ လျှောက်ထားသော ရဟန်းများအား ဖြေရှင်း ဟောကြားတော်မူလိုသော အကြံသည်ပင် တရားထူးရလေဟန် ဟန်ဆောင် သူ မောဃပုရိသတို့ကြောင့်(ရံခါ)ပြောင်းလဲရသည်ဟု မိန့်တော်မူခြင်း ၄၁-၃

၃။ လောကာမိသာဓိမုတ္တ, အာနေဉ္ဇာဓိမုတ္တ-စသော ပုဂ္ဂိုလ်များကို ဥပမာအသီး အသီးနှင့်တကွ သုနက္ခတ်ရဟန်းအား ဟောကြားတော်မူခြင်း .... ၄၃၊၅၀

၄။ ရဟန်းများ လူထွက်ခြင်းသည် သေသည်မည်၍ ဂရုကအာပတ်သင့်ခြင်းသည် သေလုမြောပါး ဒုက္ခဝေဒနာ ခံစားရသည်မည်ပုံ ၄၈

၆-အာနေဉ္ဇသပ္ပါယသုတ်

၁။ အာနေဉ္ဇ, အာကိဉ္စည, နေဝသညာအား သင့်လျော်သော ကျင့်စဉ်များကို ဟောကြားတော်မူခြင်း ၅၀-၅၃

၂။ နာဟံ ကွစနိ၊ ကဿစိ ကိဉ္စနတသ္မိ၊ န စ မမ ကွစနိ၊ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ- ဝါကျများ၌ ပါဌ်မှား, ပါဌ်မှန်ကို ဂန္ထန္တရ ညှိ၍ ပြခြင်း ၅၃

၇-ဂဏကမောဂ္ဂလ္လာနသုတ်

၁။ "လှေကားထစ်ကဲ့သို့-တစ်တလီတစ် အခြေခံမှုစ၍ ဝေဒပညာကို သင်ယူရ သကဲ့သို့ရင်း, လေးအတတ်၌လည်း တရက်တည်းဖြင့်မပြီး၊ အဆင့်ဆင့် လေ့ ကျင့်ယူရသကဲ့သို့ရင်း သာသနာတော်၌ ဤသို့သောလေ့ကျင့်စဉ် ရှိပါ သလော" ဟု လျှောက်ထားသော ဂဏကမောဂ္ဂလ္လာန်ပုဏ္ဏားကြီးအား သီလသံဝရ, ဣန္ဒြိယသံဝရမှစ၍ ကျင့်စဉ်တရားများကို ဟောကြားတော် မူခြင်း ၅၅-၆

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၇-ဂဏကမောဂ္ဂလ္လာနသုတ်

၂။ "(က) နိဗ္ဗာန် (ခ) သွားရာလမ်း (ဂ) ညွှန်ကြားသူရှိပါလျက် အချို့သူများ အဘယ့်ကြောင့် နိဗ္ဗာန်မရောက်ကြပါသနည်း"ဟူသော အမေးကို ဥပမာနှင့် တကွ ဖြေတော်မူလိုက်ရာ ပုံဏားကြီး သဘောကျ ကြေနပ်လှသဖြင့် "အမြစ်တွင် ကရမက်၊ အနှစ်တွင် စန္ဒကူး၊ ပန်းတွင် မြတ်လေး၊ လက်ရှိ တရားဘို့တွင် ဂေါတမ၏ တရားသာလျှင် အမြတ်ဆုံး" ဖြစ်ကြောင်း လျှောက်ကာ ဥပါသကာအဖြစ် ခံယူလိုက်ခြင်း .... ၆၀၊၆၃

၃။ "အဇ္ဇတဂ္ဂေ ပါဏုပေတံ" ပုဒ်ကို ယုတ္တိ သဘာဝ သာဓကတို့ဖြင့် ကျနစွာ အနက် ပေး၍ ပြခြင်း ၆၃

၈-ဂေါပကမောဂ္ဂလ္လာနသုတ်

၁။ စဏ္ဍပဇ္ဇောတမင်း၏ အန္တရာယ်ကို ကြောက်ရွံ့စိုးရိမ်သဖြင့် အဇာတသတ်မင်း၏ အမိန့်အရ ရာဇဂြိုဟ်မြို့လုံခြုံရေးကိစ္စကို ဆောင်ရွက်နေရသော ဂေါပက-မောဂ္ဂလ္လာန်ပုံဏားထံ အရှင်အာနန္ဒာ ကြွရောက်ရာ "အရှင်ဂေါတမကဲ့သို့ သဗ္ဗညုတဉာဏ်ရသော ရဟန်းတပါးတလေ ရှိပါသလော"ဟူသော ပုံဏား၏ အမေးကို ရှင်အာနန္ဒာ ဖြေတော်မူခြင်း ၆၃-၄

၂။ ထိုအချိန် ဝဿကာရပုံဏား ရောက်လာကာ "အရှင်ဂေါတမ ပရိနိဗ္ဗာန်စံသည့် နောက် ရဟန်းတပါးပါးကို ကိုယ်တော်စားအဖြစ် ထားရှိပြီးလျှင်ထားသည့် အတိုင်းလည်း အခြားရဟန်းတို့က အသိအမှတ်ပြုကာ လိုက်နာလေးစား အပ်သော ရဟန်းတော်ရှိပါသလော" စသည်ဖြင့် အဆင့်အဆင့် မေး လျှောက်သည်ကို အရှင်အာနန္ဒာ ဖြေဆိုခြင်း ၆၅-၆

၃။ ကြည်ညိုလေးစားမှုကို ခံယူနိုင်သောရဟန်းကောင်းတို့၏အရည်အချင်း ၁၀-ချက် ကို ကြားနာရသော ဝဿကာရ ပုံဏားကြီးသည် ဥပနန္ဒ စစ်သူကြီးဘက်သို့ လှည့်ကာ ချီးကျူးစကား ပြောကြားပုံ ၆၇-၉

၄။ "ဝေဠုဝန်ကျောင်းတော်ကြီးသည် ဆိတ်ငြိမ်ချမ်းမြေ့၍ မွေ့လျော်ဘွယ် ရှိပါ၏ လော" စသည်ဖြင့် လျှောက်ထားသော ဝဿကာရ ပုံဏားကြီးသည် "အသင်တို့ကဲ့သို့သောပုဂ္ဂိုလ်ကြီးများ စောင့်ရှောက်ပြုစုကြသဖြင့် ဆိတ် ငြိမ်ချမ်းမြေ့၍ မွေ့လျော်ဘွယ်ရှိပေ၏" ဟု မိမိအား ချီးမွမ်းမိန့်ဆိုသည်ကို ကြေနပ်လှသဖြင့် "အရှင်တို့ကဲ့သို့ ဈာနလာဘီ အရှင်မြတ်တို့ သီတင်းသုံး စောင့်ရှောက်ကြသဖြင့် ဆိတ်ငြိမ်ချမ်းမြေ့၍ မွေ့လျော်ဘွယ်ရှိနေခြင်းဖြစ် ပါသည်"ဟု ရှင်အာနန္ဒာအား ပြန်လည်ချီးကျူးစကား လျှောက်ထားခြင်း.... ၆၉-၇၀

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၈-ဂေါပကမောဂ္ဂလ္လာန သုတ်

၅။ "အရှင်ဂေါတမသည် ဝေသာလီမြို့ မဟာဝုန်တောတွင်းရှိ အထွတ်တင် စရပ်ကျောင်း၌နေတော်မူစဉ် ဈာန်တရားကို များစွာပြောဟော၍ ၎င်းကိုယ်တိုင်လည်း ဈာန်ဝင်စားလေ့ ရှိသည်ကိုဖူးတွေ့ခဲ့ရဘူးပါသည်၊ အရှင်ဂေါတမသည် ဈာန်အားလုံးကို ချီးကျူးလေ့ ရှိပါသည်" ဟု (အယူအဆမှားယွင်းစွာ) လျှောက်ထားသော ဝဿကာရပုဏ္ဏားကြီးအား (မျက်နှာမထောက်ပဲ အမှန်အတိုင်း) ချီးကျူးအပ်,မအပ် ဈာန်နှစ်ရပ်ကို ဖြေရှင်းတော်မူခြင်း ၇၀-၇၁

၆။ ဝဿကာရ ပြန်သွားပြီးနောက်(ဝဿကာရ မေးစဉ်က ဝဿကာရ၏ နာမည်ကိုခေါ်၍ အကျယ်ဖြေဆိုသည်ကို နားထောင်ရင်း ဝဿကာရအပေါ် မနာလိုဖြစ်နေသော) ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏားကြီးက "အရှင်ဘုရား တပည့်တော်မေးလျှောက်သည်ကို မဖြေဆိုတော့ပဲကိုး" ဟု လျှောက်သည်ကို ထပ်မံဖြေရှင်းတော်မူရခြင်း ၇၁-၂

၉-မဟာပုဏ္ဏမသုတ်

၁။ မိဂါရမာတုပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် တခုသော လပြည့်နေ့ညချမ်း ရဟန်းပရိသတ်ခြံရံ၍ စမွယ်တော်မူသောအခါ ဥပါဒါန်, ခန္ဓာ, ပဉ္စုပါဒါနက္ခန္ဓာ, သက္ကာယဒိဋ္ဌိ, ရူပဿာဒ-အာဒီနဝ-နိဿရဏ စသော ရဟန်းတပါး၏ လျှောက်ထားချက် ပုစ္ဆာများကို တခုစီ တခုစီ ဖြေဆိုတော်မူစဉ် သံဃပရိသတ်အတွင်းရှိ အခြားရဟန်းတပါးသည် "ခန္ဓာ ၅-ပါးသည် အနတ္တတဲ့၊ အနတ္တဖြစ်လျှင် ထိုအနတ္တ ခန္ဓာ ၅-ပါးက ပြုလုပ်သမျှကံသည်လည်း အနတ္တပင်ဖြစ်သည်၊ (အကျိုးအပြစ် စံဘွယ်, ခံဘွယ် မရှိပြီ)"ဟု (သဿတဝါဒ) အကြံအစည် ကြံစည်တွေးတောနေသည်ကို သိတော်မူသဖြင့် ဆက်လက်၍မေးဖြေပြုကာ ဟောကြားတော်မူရာ ရဟန်းတော် ၆-ကျိပ် ရဟန္တာဖြစ်ပုံ.... ၇၂-၆

၁၀-စူဠပုဏ္ဏမသုတ်

၁။ မိဂါရမာတု ပြာသာဒ်၌ သီတင်းသုံးတော်မူစဉ် တခုသောလပြည့်နေ့ ညချမ်းဆိတ်ငြိမ်စွာခြံရံ၍နေသော ရဟန်းပရိသတ်အား "ချစ်သားတို့ သူယုတ်မာသည် သူယုတ်နှင့် သူမြတ်ကို ခွဲခြား၍ သိနိုင်ရာသလော"ဟု မေးတော်မူကာ ခွဲခြား၍ သိရှိ(အကဲခတ်) နိုင်ရန် ၎င်းတို့၌ရှိသော သဘောထား(ဓမ္မ) အပေါင်းအသင်း (ဘတ္တိ) အကြံအစည်(စိန္တိ) အတိုင်အပင်(မန္တိ) အပြောအဆို(ဝါစာ) အလုပ်အကိုင်(ကမ္မန္တ) အစွဲအယူ(ဒိဋ္ဌိ) အလှူအတန်း(ဒါန) တို့ကို ခွဲခြားပြဆိုကာသူယုတ် (အသပ္ပုရိသ) သူမြတ်(သပ္ပုရိသ)ကို ဝေဘန်၍ ဟောတော်မူခြင်း ၇၆-၈၁

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၂-အနုပဒဝဂ်

၁-အနုပဒသုတ်

၁။ ပညာကြီးသော ရှင်သာရိပုတြာသည် လခွဲပတ်လုံး တရားတို့ကို အစဉ်အတိုင်း ရှုနိုင်ပုံနှင့် ရှုသောတရား (ဈာန်စသည်) တို့ကို ပြဆိုပြီးနောက် သီလ, သမာဓိ, ပညာစခန်း၌ လေ့ကျင့်ခဏ်းပြောင်မြောက်၍ အပြီးဆုံးသို့ရောက်သူ, ဩရသ, ဓမ္မဒါယာဒ ဖြစ်သူဟုဆိုလျှင် ရှင်သာရိပုတြာကိုသာ ပြောဆို (ညွှန်ပြ) ရမည်ဖြစ်ကြောင်း၊ ဘုရားရှင်၏ ဓမ္မစက်ယန္တရားကို မမှားမယွင်းအောင် ပြန်လည်လှည့်နိုင်သူဖြစ်ကြောင်း ဟောတော်မူခြင်း.... .... ၇၂-၅

၂-ဆဗ္ဗိသောဓနသုတ်

၁။ ရဟန္တာဖြစ်ပြီဟု ဝန်ခံ, ပြောဆိုသူများ၏ စကားကို ကန့်လည်းမကန့်ကွက်, လက်လည်းမခံသေးပဲ (က) ဝေါဟာရ ၄-ပါး (ခ) ခန္ဓာ ၅-ပါး၊ (ဂ) ဓာတ် ၆-ပါး၊ (ဃ) အာယတန ၆-ပါး၊ (င) သကာယ (စ) ပရကာယ ဤ ၆-မျိုးနှင့် စပ်သော ပြဿနာတို့ကို အဆင့်ဆင့် မေးစိစစ်ပြီးနောက် (တရားအမှန်အတိုင်း ဖြေဆိုနိုင်မှသာလျှင်) လက်ခံ, သာဓု ခေါ်၍ "အရှင်ကဲ့သို့သော သီတင်းသုံးဘော်ကို တွေ့ရသည်မှာ တပည့်တော်တို့ လာဘ်ရသည်မည်ပါသည်" ဟု ချီးကျူး ပြောဆိုသင့်ကြောင်း.... (ရဟန္တာ ဟုတ်, မဟုတ် စစ်ဆေးနည်းကို အဋ္ဌကထာ၌လည်း အကျယ်ဖွင့်ပြထားသေးသည်။) ၇၅-၉

၃-သပ္ပုရိသသုတ်

၁။ ဆွေကြီး မျိုးကြီး, ပစ္စည်းဂုဏ်ဇာတ်, မြင့်မြတ်သောအမျိုးမှ ထွက်၍ ရဟန်းပြုခဲ့စေကာမူ ဇာတိမာန်ဖြင့် မိမိကိုယ်ကို ချီးပင့်, သူတပါးကိုရှုတ်ချနေသူဖြစ်လျှင် သူယုတ်မာပင် မည်၍, မြင့်မြတ်သောအမျိုးမှ ထွက်၍ ရဟန်းပြုသူ မဟုတ်စေကာမူ တရားအတိုင်း ကျင့်ကြံသူဖြစ်လျှင် ပူဇော် ချီးမွမ်းထိုက်သူ သူမြတ်မည်ကြောင်း သူယုတ်, သူမြတ်တို့ကို စိတ်နေသဘောထားဖြင့် ခွဲခြား၍ ဟောတော်မူခြင်း .... ၇၉၊၈၁

၂။ အခြံအရံပေါ၍ ကျော်စောထင်ရှားသူ, လာဘ်ပေါသူ, ဗဟုဿုတရှိသူ, ဝိနယဓရ, ဓမ္မကထိက, ဓုတင်ဆောင်, ဈာန်ရသူတို့၌လည်း စိတ်နေသဘောထားကို ထောက်ဆ၍ အသပ္ပုရိသ, သပ္ပုရိသ ခွဲခြား၍ ပြတော်မူခြင်း ၈၁-၃

၄-သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်

၁။ လိုက်နာ, ရှောင်ကြဉ်သင့်သော တရား (နည်းလမ်း) ကို ဟောတော်မူမည်ဟု မိန့်ဆိုကာ ကိုယ်, နှုတ်, စိတ်စသည်၌ ၂-မျိုးစီခွဲခြား၍ အကျဉ်း (မာတိကာ) မျှ ဟောကြားသည်ကို ရှင်သာရိပုတြာက ဆက်လက်၍ အကျယ်ခွဲ၍ ဟောတော်မူခြင်း ၈၃-၇

ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

၄-သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်

၂။ ထိုနောက် သေဝိတဗ္ဗာ သေဝိတဗ္ဗ (လိုက်နာ,ရှောင်ကြဉ်သင့်သော) ဆဝိဉ္ဉေယျ-အာရုံ ၆-ပါး, ပစ္စည်းလေးပါး, ဂေါစရဂါမ်, ပုဂ္ဂိုလ်တို့၌လည်း မြတ်စွာဘုရား အကျဉ်းမျှ စကားပျိုးသည်ကို ရှင်သာရိပုတြာ ဖွင့်ဆိုလျှောက်ထားရာ သာဓုခေါ်တော်မူ၍ "ချစ်သား သာရိပုတြာ သတ္တဝါအားလုံး ဤနည်းလမ်းကိုသာ သိရှိမည်ဆိုလျှင် ထာဝစဉ် အကျိုးများ၍ ချမ်းသာ တိုးပွါးပေမည်" ဟု မိန့်တော်မူခြင်း ၉၉-၁၀၀

၅-ဗဟုဓာတုကသုတ်

၁။ "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဟူသကဲ့သို့ ဘေးရန်ဟူသည် လူမိုက်ထံမှသာ ဖြစ်ပေါ်, ကူးစက်တတ်ကြောင်း၊ ထိုကြောင့် လူလိမ္မာ (ပဏ္ဍိတ) ဖြစ်အောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်းမိန့်တော်မူရာ အရှင်အာနန္ဒာက မည်မျှလောက် သိရှိလိမ္မာမှ လူလိမ္မာခေါ်နိုင်ပါမည်နည်း ဟု လျှောက်ထားသဖြင့် ဓာတ်, အာယတန, ပဋိစ္စသမုပ္ပါဒ်နှင့် ဌာနာဌာန၌ လိမ္မာမှ ပဏ္ဍိတမည်ကြောင်း အသီးအသီး ခွဲခြား၍ အကျယ်ဟောကြားတော်မူခြင်း .... ၁၀၀၊၁၀၂

၂။ ဌာနာဌာနကုသလ-အရာ၌ သောတာပတ္တိဉာဏ် အမြင်မှန်ရှိသူသည် မည်သည့်သင်္ခါရကို မည်သို့သောနည်းနှင့်မျှ နိစ္စစသည် ရှုရိုးထုံးစံမရှိကြောင်း, ပဉ္စာ-နန္တရိယကံငါးပါးကို လွန်ကျူးရိုးထုံးစံမရှိကြောင်း, လောကဓာတ်တခုတည်း-၌ ဘုရားနှစ်ဆူတပြိုင်နက်ပွင့်ရိုးထုံးစံမရှိကြောင်း, မိန်းမသားက ဘုရားစသည် ဖြစ်နိုင်ရိုးထုံးစံမရှိကြောင်း, ဒုစရိုက်က ကောင်းကျိုးပေးရိုးထုံးစံမရှိကြောင်း အရာအားလျော်စွာ အမှန်အတိုင်းသိပုံ ၁၀၂-၄

၃။ ဤသုတ်ဒေသနာသည် ဓာတ်ခွဲတရား, စက်လှဲ့တရား, တရားကြေးမုံ, တရားအမြိုက် စည်, အတုမဲ့ စစ်အောင်ပွဲတရားမည်၏ ဟု မှတ်သားရန်မိန့်တော်မူခြင်း ၁၀၄

၆-ဣသိဂိလိသုတ်

၁။ ရာဇဂြိုဟ်မြို့အနီးရှိ တောင်ငါးလုံးတွင် ဣသိဂိလိတောင်မှတပါး အခြားတောင် ၄-လုံးမှာ အမည်အမျိုးမျိုးခေါ်တွင်ခဲ့သော်လည်း ဣသိဂိလိတောင်မှာ ဣသိ (ပစ္စေကဗုဒ္ဓါ) ငါးရာတို့ တက်ရောက်ဝင်သွားပြီးနောက် မမြင်ရအောင် ပျောက်ကွယ်သွားသဖြင့် လူတွေက ရဟန်းမျိုတောင် (ဣသိဂိလိ ပဗ္ဗတ) ဟုသာ ခေါ်တွင်ခဲ့ကြကြောင်းနှင့် ပစ္စေကဗုဒ္ဓါတို့၏ ဘွဲ့တော်များကို ဟောကြားတော်မူခြင်း ၁၀၄-၇

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၇-မဟာစတ္တာရီသကသုတ်

၁။ မိစ္ဆာမဂ္ဂင်ရှစ်ခု၏ သရုပ် တရားကိုယ်, သမ္မာ မဂ္ဂင် ရှစ်ပါး၏ လောကီ,လောကုတ္တရာ နှစ်မျိုးစီထုတ်ပြသော သရုပ်တရားကိုယ် အကျယ်နှင့် သမ္မာဒိဋ္ဌိ(၅-မျိုး) ရှေ့သွားရှိပုံစသည်ကို ဟောတော်မူခြင်း .... ၁၀၇၊၁၁၂

၂။ မဟာစတ္တာရီသကအမည်ရပုံနှင့် ဤတရားကို မည်သူတဦးတယောက်ကမျှ မှား သည်ဟုမတော်လှန် မကဲ့ရဲ့ဝံ့ကြောင်း ဟောတော်မူခြင်း ၁၁၂-၃

၈-အာနာပါနဿတိသုတ်

၁။ ဘုရားရှင်သည် သာဝတ္ထိပြည်၌ ထင်ရှားသော ရဟန်းများနှင့် သီတင်းသုံးတော်မူစဉ် ကြီးသူက ငယ်သူကို ဆုံးမ၍ တရားထူးရ ငြိမ်သက်လှသည့် ရဟန်းပရိသတ်ကိုကြည့်တော်မူကာ "ကြာစုံပွင့်တုန်း တန်ဆောင်မုန်းလတိုင်အောင် ဤသာဝတ္ထိနေပြည်တော်၌ပင် သီတင်းသုံးငံ့လင့်နေမည်၊ အထက်ထက် ရှေးနည်းတူ တရားထူးရအောင်ကြိုးစားကြ"ဟု မိန့်တော်မူသည်ကို ကြားသိရသော နယ်ရဟန်းတို့သည် အရပ်ရှစ်မျက်နှာမှ လာရောက်ဖူးမျှော်ရင်း တရားထူးရကြပြန်ရာ တန်ဆောင်မုန်းလပြည့်နေ့ညဥ့်အခါ လရောင်လင်းပြင်၌ စင်ကြယ် ငြိမ်းချမ်းသည့် ရဟန်းပရိသတ်ကြီးကို ကြည့်ရှု၍ "ဤသို့သော ပရိသတ်မျိုးကို ယူဇနာပေါင်းများစွာ ဝေးကွာသော်လည်း ထမင်းထုပ် ထမ်း၍ သွားရောက် ဖူးမျှော်သင့်သည်"စသည် ဖြင့် မိန့်တော်မူခြင်း။ ၁၁၃-၇

၂။ အာနာပါနကို ပွါးများရှုမှတ်လျှင် သတိပဋ္ဌာန် ၄-ပါးမှအစ ဗောဓိပက္ခိယတရား ၃၇-ပါးလုံးကိုပင် ပွါးများရာရောက်ပုံနှင့် အဆင့်ဆင့် ပွါးများပုံတို့ကိုအကျယ် တဝင့်ဟောကြားတော်မူခြင်း .... ၁၁၇၊၁၂၀

၉-ကာယဂတာသတိ

၁။ ဤခန္ဓာကိုယ် (ကာယ) ကြီးကို ပြောင်း နှမ်းပဲ သီးနှံစုံထည့်ထားသော ၂-ဖက်ပေါက်အိတ်ကြီး ဥပမာ, နွားဖျက်ပုံ ဥပမာ, သူသေကောင် ဥပမာ, အရိုးစု ဥပမာတို့ဖြင့် ၃၂-ကောဋ္ဌာသ ခေတ်ခွဲပုံ ထင်မှတ်ရှုမှတ်ပုံကို ပြဆိုပြီးနောက် ထိုသို့ ရှုမှတ်ခြင်းကြောင့် ရရှိလာမည့်ဈာနသုခကို ဥပမာ အသီးသီးပြ၍ ဟောတော်မူခြင်း ၁၂၁-၁၂၆

၂။ မြစ်ရေတမျှ မဟာသမုဒ္ဒရာသို့သာ သက်ဝင်ရသကဲ့သို့ ကာယဂတာသတိ ရှုမှတ်ပွါးသူ၏သန္တာန်၌ ကုသိုလ်ခမ္မ မှန်သမျှ စုဝေးပေါင်းဆုံ ဖြစ်ပေါ်လာကြပုံ အကြောင်းနှင့် မရှုမှတ်မပွါးသူအား အပြစ်များပုံကို ဥပမာ ၅-မျိုးဖြင့် ဟောကြားတော်မူခြင်း ၁၂၇-၈

၃။ ရှုမှတ်ပွါးများသူအား ဥပမာ ၄-မျိုးနှင့်တကွ အကျိုး ၁၀- ပါး ရရှိကြောင်း ဟောတော်မူခြင်း ၁၂၉-၁၃၀

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၁၀-သန္ဒိဂါရုပပတ္တိသုတ်

၁။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာရှိလျှင် တောင့်တမှု(ဆုတောင်းပတ္ထနာ)အတိုင်း ပြည့်စုံကြောင်း(ရောက်လို, ရလိုရာဘဝ, ဓမ္မကိုရစေနိုင်ကြောင်း) ဘုံဘဝအဆင့်ဆင့်ပြ၍ ဟောကြားတော်မူခြင်း .... ၁၃၀၊၁၃၃

၂။ ဒက္ခိဏဝိဘင်္ဂသုတ်ဥက္ကာမုခသုကုသလသမ္ပတ္တိ-ပုဒ်ကို အဋ္ဌကထာ, ဋီကာ, ဗျာကရဏ်းတို့ဖြင့် စိစစ်၍ပြခြင်း ၁၃၂

၃-သုညတဝဂ်

၁-စူဠသုညတသုတ်

၁။ ဂါမသညာ, မနုဿသညာမှစ၍ နေဝသညာနာသညာယတနသညာ တိုင်အောင် အဆင့်ဆင့်သော သညာကို ပယ်ပုံနှင့် သုညတာဖလသမာပတ်ခေါ် အရဟတ္တဖိုလ် သမာပတ်နှင့် ပြည့်စုံအောင် နေပုံကို ဟောတော်မူခြင်း .... ၁၃၅၊၁၄၂

၂-မဟာသုညတသုတ်

၁။ ကပိလဝတ်မြို့ နိဂြောဓာရုံကျောင်းအာရာမ်အတွင်းရှိ ကာဠခေမက ကျောင်း၌ ကျောင်းသုံး ပရိဘောဂများ အများအပြား ခင်းကျင်း ထားရှိသည်ကို မြင်တော်မူသဖြင့် "ရဟန်းတော်များစွာ နေထိုင်ကြသလော" ဟု ရှင်အာနန္ဒာအား မြတ်စွာဘုရား မေးတော်မူသောအခါ (ရဟန်းသံဃာများဖက်မှ ကူညီဖေးမ, သည့် အနေဖြင့်) "သင်္ကန်း ချုပ်ဆိုးရာအခါ ဖြစ်ပါသည်" ဟု လျှောက်ထားသော်လည်း ဂဏသင်္ဂဏိကာရာမ (သင်းဖွဲ့ပေါင်းစု၍ နေထိုင်သူ)၏ လောကီ လောကုတ္တရာ ချမ်းသာများကို မရနိုင်ပုံ, တစုံတခု (ရုပ်ဝတ္ထု)ကို စွဲလမ်း နှစ်သက်နေသူသည် ထိုစွဲလမ်းနှစ်သက်ဖွယ်၏ ဖောက်ပြန်ခြင်း, မိမိမှတပါး အခြားသူသို့ ပြောင်းလဲခြင်း စသည်ကြောင့် သောက စသည် မဖြစ်သူကို ငါဘုရား မြင်တော်မမူ-စသည်ဖြင့် စုပေါင်းနေထိုင်မှု၏အပြစ်နှင့် ဧကီဘာဝသုညတာဖလသမာပတ္တိဝိဟာရ၏ မွန်မြတ်ပုံကို အကျယ် ဟောတော်မူခြင်း ၁၄၂-၉

၂။ တိရစ္ဆာနကထာ ၃၂-မျိုး၏ သရုပ်နှင့် အနက်ပေးပုံကို ဂန္ထန္တရညှိ၍ ပြဆိုခြင်း ၁၄၇

၃။ စုပေါင်းနေထိုင်မှု (ဂဏ) သဘော သက်ရောက်သော်လည်း ဆရာက နှင်ထုတ်စေကာမူ (သီလ စသော) အကျိုးရှိက ဆရာ့နောက်သို့ လိုက်အပ်ကြောင်း သို့ရာတွင် အကျင့် (ပဋိပတ်)မကျင့်ကြံပဲ ဗဟုသုတ (ပရိယတ်) အတွက် သက်သက်ကြောင့်မူ မလိုက်သင့်ကြောင်း, အချို့သူအား တကိုယ်တည်း နေသော်လည်း အကျိုးမများကြောင်း ဆရာ, တပည့်, အကျင့် ၃-မျိုး၏ အန္တရာယ်များကိုပါ ဟောတော်မူခြင်း ၁၅၀-၁၅၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၂-မဟာသုညတသုတ်

၄။ ဆရာ (ငါဘုရား)ကို ရန်သူအနေဖြင့်မဆက်ဆံပဲ, မိတ်ဆွေသဘောဖြင့် ဆက်ဆံရန်နှင့် "အိုးထိန်းသည်သည် အိုးကို မကွဲမပျက်အောင် ကိုင်တွယ် ပြုလုပ်သကဲ့သို့ မဟုတ်ပဲ ငါဘုရားသည်ကား သင်တို့အား အထပ်ထပ် နှိပ်ကွပ်ဆုံးမမည်, အပြစ်ရှိလျှင်လည်း ဖော်ထုတ်၍ ဖော်ထုတ်၍ ဆုံးမမည်" ဟု မိန့်တော်မူခြင်း ၁၅၂-၃

၃-အစ္ဆရိယအဗ္ဘုတသုတ်

၁။ "ယတြ ဟိ နာမ"စသော နာမသဒ္ဒါ၏ အယူဉ်ဖြစ်သော ပုဒ်နှင့်ပတ်သက်၍ ပါဠိ-ဋ္ဌကထာ-ဋီကာ-ဗျာကရုဏ်းတို့အရ အကျယ်ဝေဖန်၍ ပြခြင်း ၁၅၃-၅

၂။ ဗုဒ္ဓနှင့် ဗုဒ္ဓင်္ကုရတို့၏ မဖြစ်စဖူး ချီးကျူးဘွယ်ဂုဏ်များ .... ၁၅၃၊၁၆၀

၃။ "သတ္တာဟဇာတော" ပုဒ်၏ အတ္ထနိစ္ဆယ ကို ဋ္ဌကထာ-ဋီကာ-ဗျာကရုဏ်း အမျိုးမျိုးတို့ကို ကိုးကား၍ ပြဆိုခြင်း ၁၅၀

၄-ဗာကုလသုတ်

၁။ အရှင်ဗာကုလနှင့် အသက်လည်းတူ ရှေးလူဝတ်ကြောင်ဘဝက သူငယ်ချင်းလည်းဖြစ်သော အစေလကဿပ သည် အသက် ၁၆၀-ခန့်ရှိမှ အရှင်ဗာကုလ ရဟန်းပြုသည်ကိုသိ၍ ဝေဠုဝန်ကျောင်းသို့လိုက်လာကာ အရှင်ဗာကုလအား "ရဟန်းပြုသည့် အနှစ် ၈၀-ကာလအတွင်း အကြိမ်မည်မျှလောက် မေထုန ပြုဘူးပါသနည်း" ဟူသော ဗာလပုစ္ဆာ နှင့် ပတ်သက်၍ ကာမသညာမျှပင် မဖြစ်ဖူးကြောင်း မိန့်ဆိုသည်ကိုကြားရသဖြင့် ချီးကျူးအံ့ဩသွားခြင်း ၁၆၁-၂

၂။ ဝါဆိုသင်္ကန်း, ကထိန်သင်္ကန်းများကို မခံယူဘူးသည့်အပြင် သင်္ကန်းကို ကိုယ်တိုင်ချုပ်,ဆိုး,စီမံ၍ မဝတ်ဘူးကြောင်း, ရောဂါမဖြစ်ဘူးကြောင်း,အနင်းအနှိပ်မခံဘူးကြောင်း, ဆေးဆိုလျှင် ဖန်ခါးသီးတခြမ်းမျှပင် မစားသုံးဘူးကြောင်း စသော အရှင်ဗာကုလ ၏ အံ့ဖွယ်များ ၁၆၂-၃

၃။ အစေလကဿပ ရဟန်းပြုကာ ရဟန္တာဖြစ်ပုံ၊ (သက်တော် ၁၆၀၊ ဝါတော် ၈၀-ရ) ဒီဃာယုက အရှင်ဗာကုလ သည် (အသက်ရှင်စဉ်ကလည်း မိမိအတွက် အခြားသူတို့အပေါ်၌ တာဝန်မတက်စေခဲ့ဘူးသကဲ့သို့ ပရိနိဗ္ဗာန်စံပြီးသည့်နောက်တွင်လည်း တာဝန်မတက်ရစ်စေလိုသဖြင့်) ကျောင်းတိုင်းရှိ ရဟန်းများကို ဖိတ်ခေါ်၍ သံဃာအလယ်၌ တေဇောဓာတ် ပရိနိဗ္ဗာန် စံလွန်တော်မူသွားပုံကို အံ့ဖွယ် တပါးအဖြစ် (ဒုတိယ သံဂါယနာဆရာတို့) မှတ်တမ်းတင်တော်မူခဲ့ခြင်း ၁၆၃-၄

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၅-ဒန္တဘူမိသုတ်

၁။ ဗိမ္ဗိသာရမင်း၏ သားတော် ဇေယျသိန်မင်းသားသည် ကမ္ဘဋ္ဌာန်းကျောင်းနေ ကိုရင် အစိရဝတ အား သမာဓိနှင့်ပတ်သက်၍ တရားဟောရန်လျှောက်ထား သဖြင့် အချင်းချင်းကတိထားကာ ဟောကြားသော်လည်း "မဖြစ်နိုင်" ဟု ငြင်းဆိုကာ ထပြန်၍သွားသည့်အတွက် ဘုရားရှင်က ကာမဂုဏ်အလယ်၌ နေသူများ ဤတရားမျိုးကို မသိမြင်နိုင်ကြောင်း ဆင်ယဉ်, ဆင်ရိုင်း အသွား မတူပုံ ဥပမာ, တောင်ခြေနှင့် တောင်ပေါ်နေသူ ၂-ဦးတို့၏ အမြင်ချင်းမတူပုံ ဥပမာတို့ဖြင့် ကိုရင်အား ဟောကြားတော်မူခြင်း ၁၆၄-၈

၂။ ရဟန်းပြုသည်မှအစ ရဟန္တာဖြစ်သည်တိုင်အောင် အဆင့်ဆင့်ကျင့်ကြံရပုံကို တောဆင်ရိုင်းကို ဖမ်း၍ မင်းသုံးတော်ဝင် ဆင်ရတနာဖြစ်အောင် အဆင့်ဆင့် လေ့ကျင့်ယူရပုံဖြင့် ဥပမာပြ၍ ရဟန္တာမဖြစ်ပဲ သေသွားရခြင်းကို မယဉ် ကျေး (ရိုင်းစိုင်း) သော သေခြင်းဟု မိန့်တော်မူခြင်း .... ၁၆၈၊၁၇၄

၆-ဘူမိဇသုတ်

၁။ "မြော်လင့်တောင့်တချက်ဖြင့် ဗြဟ္မစရိယကျင့်သူအား အကျိုးရ-မရ" စသော တူတော်ဇေယျသိန်မင်းသား၏အမေးကိုအရှင်ဘူမိဇက "တောင့်တမှုရှိမရှိသည် လိုရင်းမဟုတ်၊ ယောနိသောမနသိကာရသာ လိုရင်းဖြစ်သည်ဟု ငါတို့ဆရာ ဘုရားဟောကြားမည် ထင်ကြောင်း" ဖြေဆို၍၊ ဘုရားရှင်က သဲကို ဆီပွတ် ဦးချိုနို့ ညှစ်ပုံ-စသော ဥပမာတို့ဖြင့် မဂ္ဂင်ရှစ်ပါးသာလျှင် အခြေခံအကြောင်း ရင်းဖြစ်သည်ဟု မိန့်တော်မူခြင်း ၁၇၄-၅

၇-အနုရုဒ္ဓသုတ်

၁။ ပဉ္စကင် လက်သမားဆရာကြီးအား အပ္ပမာဏစေတောဝိမုတ္တိ, မဟဂ္ဂတစေတော- ဝိမုတ္တိ ၂-မျိုးတို့၏ ထူးခြားပုံအရ တရားကိုယ်နှင့် ဘဝူပပတ္တိ ၄-ပါး (နတ် ဗြဟ္မာတို့ ကိုယ်ရောင်အဆင်း အချင်းချင်းမတူပုံအကြောင်း)ကို လုပ်ငန်းစဉ် ဖြင့်၎င်း, ဥပမာတို့ဖြင့်၎င်း အရှင်အနုရုဒ္ဓါဟောကြားတော်မူသောအခါ အရှင် သဘိယကလည်း ဝင်ရောက်မေးမြန်းကာ အရှင်အနုရုဒ္ဓါအား "အရှင်၏ ဟောကြားချက်ကို ကြားနာရာ ဤသို့ကြားဘူးသည်, ဤသို့ဖြစ်သင့်သည်ဟု မဆိုပဲ တထစ်ချ ဟောကြားနိုင်သည်ကို ထောက်သော် အရှင်သည် နတ် ဗြဟ္မာတို့နှင့် အတူတကွ ပြောဆိုနေထိုင်ဘူးပါသလား" ဟု မေးမြန်းသည်ကို ဖြေဆိုခြင်း .... ၁၇၆၊၁၈၁

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၈-ဥပက္ကိလေသသုတ်

၁။ ကောသမ္ဗီမြို့နေ ခိုက်ရန် ငြင်းခုံသော ရဟန်းများအား "ရန်ကိုရန်ချင်း မတုံ့လျှင်းလင့်"စသော ရန်ပြေ မာန်ပြေဂါထာတို့ကို သံဃာအလယ်၌ ရပ်၍ ဟောတော်မူပြီးနောက် (တပါးတည်းနေသော) ဆားချက်ရွာနေ အရှင်ဘဂုထံ ကြွ၍ ကေစာရနှင့် စပ်သော တရားစကားကို ဟောကြား၍ သွားတော်မူခြင်း ၁၇၂-၅

၂။ ထိုမှတဆင့် သေနာသနဝတ်ကို အလိုက်သိစွာ ပြုလုပ်၍ ကိုယ်ကြိုက်ကို ဖယ်ကာ သူကြိုက်လုပ်လျက် သုံးကိုယ်တစိတ် ညီညီညွတ်ညွတ် နေထိုင်ကြသော ပါစီနဝံတောနေ အရှင်အနုရုဒ္ဓ, အရှင်နန္ဒိယ, အရှင်ကိမိလတို့ထံသို့ကြွကာ ညီညွတ်မှုရှိ-မရှိ, တရားထူးရ-မရ မေးမြန်းတော်မူပြီးနောက် ဥပက္ကိလေသတရား ၁၁-ပါးနှင့် စျာန်တရားတို့ကို ဥပမာပြု၍ ဟောကြားတော်မူခြင်း .... ၁၇၅၊၁၉၂

၉-ဗာလပဏ္ဍိတသုတ်

၁။ လူမိုက်ဟုသိကြောင်း ၃-မျိုး, ၎င်းလူမိုက်ခံရမည့်-ဒိဋ္ဌဓမ္မကိုယ်စိတ်ဆင်းရဲမှု ၃-မျိုးနှင့်-တမလွန်ရောက်ရမည့် ငရဲဒုက္ခကို ဥပမာပြု၍ပင် မလွယ်ကူဟု မိန့်တော်မူသောအခါ"ဥပမာပြုခြင်းငှါမူ တတ်ကောင်းပါသလားဘုရား"ဟု ရဟန်းတပါးက လျှောက်သဖြင့် ဥပမာနှင့်တကွ ငရဲဒုက္ခကို ဆက်လက်ပြတော်မူပြီးနောက် ငရဲဒုက္ခကို (အနှစ်ရာထောင်) ဟော၍ကုန်နိုင်ဖွယ်မရှိဟု မိန့်တော်မူခြင်း။ ၁၉၃-၉

၂။ ၎င်းလူမိုက်သည် တိရစ္ဆာန်အမျိုးမျိုးဖြစ်ရကြောင်း, လိပ်ကာဏ်းကွင်းစွပ် ဥပမာကိုပြု၍ အပါယ်၌ တရားမျှတမှုစသည်မရှိခြင်းကြောင့် အပါယ်၌ရောက်ရသော ထိုလူမိုက်သည် လူ့ဘဝကိုပြန်၍ ရရန် ထိုဥပမာထက်ပင် ခဲယဉ်းကြောင်း, လူပင်ဖြစ်ရသည့်တိုင်အောင် ယုတ်ညံ့ဆင်းရဲ မွဲတေ်ရုပ်ဆိုးဖြစ်ရကြောင်း ကြွေအံရှုံးသူ ဥပမာဖြင့် ဟောတော်မူခြင်း .... ၁၉၉၊၂၀၃

၃။ အပြန်နည်းအားဖြင့် ပညာရှိဟုသိကြောင်း ၃-မျိုးမှစ၍ လူကောင်း နတ်ကောင်းဖြစ်ရပုံကို (ရတနာ ၇-ပါး, တန်ခိုး ၄-ပါးနှင့်ပြည့်စုံသော) စက္ကဝတ္တိမင်းအကြောင်း (စက္ကဝတ္တိသုတ္တန်), မြင်းမိုရ်တောင် ဥပမာ, ကြွေအံနိုင်သူ ဥပမာတို့ဖြင့် အကျယ်ဟောတော်မူခြင်း ၂၀၃-၉

၁၀-ဒေဝဒူတသုတ်

၁။ ယထာကမ္မူပဂဉာဏ်တော်ကိုအစချီကာ ဒုစရိုက်ပြု၍ ငရဲသို့ကျရောက်လာသူအား ငရဲထိန်းတို့က ယမမင်းထံ ဆွဲခေါ်အပ်နှံ၍ ယမမင်းက (၁) ဇာတိ (၂) ဇရာ (၃)ဗျာဓိ (၄)မင်းဒဏ်သင့်သော ကြမ္မာငင်သူ ခိုးသား (၅)မရဏဟူသော နတ်တမန် ၅-မျိုးဖြင့် စစ်ဆေးကာ ပြစ်မှုထင်ရှား၍ မဟာအဝီစိငရဲသို့ ချပုံ, ထိုမှထွက်ခွင့်ရသောအခါတွင်လည်း (၁)ဘင် (၂)ပြာ (၃)လက် (၄)သန် (၅) ကြေးနီ (၆) သံ–ငရဲတို့၌ ဆက်လက်ခံရပုံ ဒုက္ခကိုဟောပြတော်မူခြင်း .... ၂၁၀၊၂၁၅

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၀-ဒေဝဒူတသုတ်

၂။ ယမမင်းကြီးသည် လူ့ဘဝကိုရကာ ဘုရားရှင်၏တရားကို နာလိုကြောင်း အကြံအစည်ဖြစ်ပုံနှင့် ဤဒေဝဒူတဒေသနာကို မည်သူတဦးတယောက်ထံမှ တဆင့်ကြားရရှိသောအသိဖြင့် ဟောတော်မူခြင်းမဟုတ်၊ ကိုယ်တော်တိုင် သိမြင်ထင်ရှားသည့်အတိုင်းသာ ဟောတော်မူခြင်း ဖြစ်ကြောင်း မိန့်တော်မူ၍ (အပ္ပမာဒတရား လက်ကိုင်ထားရန်) "စောဒိတာ ဒေဝဒူတေဟိ" စသော ဂါထာတို့ဖြင့် သတိပေးဟောကြားတော်မူခြင်း ၂၁၆-၇

၄-ဝိဘင်္ဂဝဂ်

၁-ဘဒ္ဒေကရတ္တသုတ်

၁။ အတိတ်နှင့် အနာဂတ်ကို မစွဲလမ်း၊ မမြော်လင့်ပဲ၊ ပစ္စုပ္ပန်ကျကျ ရှုမှတ်ခြင်းဖြင့် ဘဒ္ဒေကရတ္တမည်ကြောင်း အကျဉ်း, အဖွင့်၊ အသင့်, အပြန်နည်းအားဖြင့် ဟောတော်မူခြင်း ၂၁၈-၉

၂-အာနန္ဒဘဒ္ဒေကရတ္တသုတ်

၁။ ဘဒ္ဒေကရတ္တသုတ်ကို ရဟန်းတို့အား တဆင့်ဟောကြားသော အရှင်အာနန္ဒာအား ဘုရားရှင် ကောင်းချီးပေးတော်မူခြင်း ၂၂၀

၃-မဟာကစ္စာနဘဒ္ဒေကရတ္တသုတ်

၁။ နံနက်စောစော တပေါဒါ ရေပူချောင်း၌ ရေချိုးပြီး ပြန်တက်လာသော အရှင် သမိဒ္ဓိအား နတ်သားတယောက်က မဂ္ဂဖြဟ္မစရိယ၏ အမှန်အစဖြစ်သော ဘဒ္ဒေကရတ္တဒေသနာကို ဆောင် ရွတ် နာယူထားရန် တိုက်တွန်းသဖြင့် အရှင်သမိဒ္ဓိသည် ဘုရားရှင်အား လျှောက်တောင်းပန်ရာ အကျဉ်းချုပ် ဂါထာ မျှကိုသာ ဟောကြားပြီး ကြွသွားတော်မူခြင်း ၂၂၁-၂

၂။ ထိုကြောင့် အရှင်ကစ္စာနအား အကျိုးအကြောင်းစုံ လျှောက်ထား၍ အကျယ် ဟောကြားပေးရန် တောင်းပန်သောအခါ အနှစ်ကိုရှာဖွေသူသည် အနှစ်ပြည့် သစ်ပင်ကြီးကို တွေ့၍မှ ပင်စည်၌ အနှစ်မရှာပဲ ပင်စည်ကို ကျော်လွန်ကာ အရွက်၌ အနှစ်ရှာသကဲ့သို့ ဘုရားရှင်ထင်ရှားရှိပါလျက် ၎င်းအား လာရောက် မေးရကောင်းသည်ဟု ထင်ကြသလော-စသည်ဖြင့် ပြောဆိုကာ ဘုရားရှင် အားသာ မေးလျှောက်ရန် ပြန်လည်တိုက်တွန်းသော်လည်း အရှင်ကစ္စာန သည် ဘုရားရှင်နှင့်တကွ သီတင်းသုံးဘော်တိုင်းကပင် ချီးကျူးရသူ ဖြစ်သည့်အတွက် ဝန်လေးမနေပဲ ဟောကြားပါဟု ထပ်မံလျှောက်ထားကြရာ (ရှေ့နောက် ၃-သုတ်တို့နှင့်မတူ၊ တမူထူးခြား၊ ဘုရားရှင်၏ အလိုတော်ကျ) အာယတန ၁၂-ပါး တို့ဖြင့် အကျယ်ဝေဘန်၍ ဟောပြ လိုက်ခြင်း (မှတ်ချက်၊ ၂၈၁-အပိုဒ်၌ သာရဂဝေသီ-ကို "သည်"ဟု အနက်ပြင်ပေးပါ).... ၂၂၃-၅

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၄-လောမသကင်္ဂိယဘဒ္ဒေကရတ္တသုတ်

၁။ ကပိလဝတ်မြို့နေ အရှင်လောမသကင်္ဂိယသည် စန္ဒနနတ်သား၏ တိုက်တွန်းချက်အရ သာဝတ္ထိမြို့၌သီတင်းသုံးတော်မူသော ဘုရားရှင်ထံ လာရောက်၍ ဘဒ္ဒေကရတ္တ ဒေသနာကို နာယူခြင်း ၂၂၅-၆

၅-စူဠကမ္မဝိဘင်္ဂသုတ်

၁။ မလှူမတန်းရက်ပဲ ဥစ္စာ၌ စွဲလမ်းကာ သေပြီးနောက် ခွေးဖြစ်ရသော (အဋ္ဌကထာ၌) တောဒေယျပုဏ္ဏားကြီး၏ သားဖြစ်သူ သုဘလုလင်က ဘုရားရှင်အား "လူချင်းတူလျက် အဘယ့်ကြောင့် အသက်တို့ရှည်-စသည်ဖြင့် ကွဲပြားခြားနားရပါသနည်း"ဟု လျှောက်ရာ–

"မြတ်ယုတ်မျိုးနွယ်၊ ကြီးငယ်ဂုဏ်သိမ်၊ စည်းစိမ်နည်းများ၊ နာဖျားကင်းထူ၊ သက်မူရှည်တို၊ ရုပ်ကိုယ်ရူပ၊ လှ-မလှက၊ ဉာဏ်ရှိမဲ့၊ လွန်ထင်ပြဲသား၊ တဆဲ့လေးဖြာ၊ ဤခြင်းရာကား၊ (ပြဟ္မာဝိဿနိုး၊ နတ်အမျိုးတို့၊ တန်းခိုးဖန်ဆင်း၊ မဟူလျှင်းတည့်၊) ခပင်းသတ္တဝါ၊ ကံဖြင့်သာလျှင်၊ နာနာကာရ၊ ဖြစ်ကုန်ကြ၏" (မဃဒေဝ ၄၁၃-အပိုဒ်)ဟု—

မိန့်တော်မူသည်ကို နားမလည်သဖြင့် အကျယ်ဟောရန် လျှောက်ပြန်၍ ပုစ္ဆာ ၁၄-ချက်လုံး ကြောင်းကျိုးဖော်ပြကာ အကျယ်ဟောတော်မူရခြင်း (မဃဒေဝလင်္ကာအကျယ်လိုမူ ၃၂၈-အပိုဒ်၌ ရှုလေ) ၂၂၆-၉

၆-မဟာကမ္မဝိဘင်္ဂသုတ်

၁။ ပေါတလိယ ပရိဗိုဇ်သည် (တိတ္ထိယတို့လောက၌အပြောများ၍ တဆင့်ကြားဖြင့်) "ကံ ၃-ပါးတွင် မနောကံသာလျှင် အကျိုးပေး၍ လိုရင်းအမှန်ဖြစ်သည်ဟုရင်း, သမာပတ်ဝင်စားသောသူသည် မည်သည့် ဝေဒနာကိုမျှ မခံစားရပြီဟုရင်း ရဟန်းကြီးဂေါတမအထံမှ ကြားနာရဘူးသည်"ဟု လမ်းလျှောက်လှည့်လည်ရင်း အရှင်သမိဒ္ဓိအား ဝင်၍ လျှောက်ထားရာ အရှင်သမိဒ္ဓိက "ဤသို့ ဘုရားမဟောတန်ရာ၊ မစွပ်စွဲပါလင့်"ဟု တားမြစ်သဖြင့် "သုံးဝါမျှသာရှိသေးသော ကိုယ်တော်လေးကပင် (သူတို့၏) ဆရာကို ကာကွယ်ရကောင်းမှန်း သိပါပေ ရဲ့"ဟု ပြောဆိုကာ အရှင်သမိဒ္ဓိ၏ ဖြေရှင်းချက်ကို မနှစ်သက် လက်မခံပဲ ထသွားခြင်း ၂၂၉-၂၃၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၆-မဟာကမ္မဝိဘင်္ဂသုတ်

၂။ အရှင်သမိဒ္ဓိသည် အရှင်အာနန္ဒာနှင့်အတူ ဘုရားရှင်အား သွားရောက် လျှောက်ထားရာ "ပေါတလိယနှင့် စကားပြောဘူးတို့ မဆိုထားလင့်၊ တွေ့ပင် မတွေ့ဆုံခဲ့စဘူး" ဟု မိန့်ကာ အကျယ်ဖြေရှင်းသင့်သည်ကို မဖြေရှင်းသဖြင့် အရှင်သမိဒ္ဓိအား 'မောဃပုရိသ' ဟု အပြစ်တင်တော်မူသည်ကို ကြားရသော အရှင်လာလုဒါယီ က "ခံစားမှု မှန်သမျှ ဒုက္ခချည်းဘဲ" ဟု ဟောတော်မူသည်ကို ရည်ရွယ်ပြီး ခုလို အကျဉ်းအားဖြင့် ဖြေလိုက်ခြင်း ဖြစ်ပါလိမ့်မည် မြတ်စွာဘုရား" ဟု (အကျယ်ဖြေရှင်းရန် မလိုသကဲ့သို့) အရှင်သမိဒ္ဓိဖက်မှ လိုက်၍ ဝင်ရောက်လျှောက်ထားမိသဖြင့် မတော်တရော် ခေါင်းဖော်၍ လျှောက်သည့်အတွက် မောဃပုရိသဟုပင် ပြစ်တင်ရှုတ်ချကာ မည်သို့ မည်ပုံ ဖြေဆိုရမည်ဟု ပြတော်မူခြင်း .... ၂၃၀၊၂၃၂

၃။ အကုသိုလ်ကံကြောင့် ငရဲရောက်သူ, နတ်ပြည်ရောက်သူ, ကုသိုလ်ကံကြောင့်ငရဲရောက်သူ, နတ်ပြည်ရောက်သူများကို ကိုယ်တိုင်တွေ့မြင်ကြရသည်ဆိုသော ဒိဗ္ဗစက္ခုဉာဏ်အမြင်ရှိသူများက 'ဤကံကြောင့် ဤအကျိုးရသည်' ဟု ကိုယ်တိုင်တွေ့မြင်၍ ပြောဆိုကြသည့်တိုင်အောင် ကမ္မ, ကမ္မဝိပါကဝိဘင်္ဂ (ကြောင်းကျိုးဝေဘန်မှု) အရာ၌ တထစ်ချ မယူမှားအပ်ကြောင်း ပုဂ္ဂိုလ် ၄-မျိုးဖြင့် အစပျိုးကာ (က)ပြုလုပ်ဆဲကံ (ခ)ငင်း၏ ရှေ့ကံ (ဂ)နောက်ကံ(ဃ)မရဏာသန္နကံ (က)ဒိဋ္ဌဓမ္မအကျိုးပေး (ခ) ဥပပဇ္ဇအကျိုးပေး (ဂ)အပရာပရိယအကျိုးပေး ဟူသောကံ–၄-မျိုး အကျိုးပေး ၃-ချက်တို့ဖြင့် ဝေဘန်၍ ဟောတော်မူခြင်း။ ၂၃၂-၆

၇-သဠာယတနဝိဘင်္ဂသုတ်

၁။ အတိုက် (ဗဟိဒ္ဓ) အခံ (အဇ္ဈတ္တ) အာယတန ၁၂-ပါးမှစ၍ ဝိညာဏကာယ, ဖဿကာယ, မနောပဝိစာရ, သတ္တပဒတို့ကို အကျယ်ဝေဘန်၍ ပြပုံ, ဟိတသုခကို လို၍ ဆုံးမ ပြောဟောသောအခါ တပည့်တို့ မနာယူသော်လည်း နှလုံးမသာမှု မဖြစ်ပုံ, ဆုံးမတတ်သူဘုရားတွင် အမြတ်ဆုံး(အနုတ္တရော ပုရိသဒမ္မသာရထိ) ဖြစ်ပုံကို ဥပမာဖြင့် ဟောတော်မူခြင်း .... ၂၃၇၊၂၄၁

၈-ဥဒ္ဒေသဝိဘင်္ဂသုတ်

၁။ တွင်း, ပြင် အာရုံတို့၌ မစွဲ မတပ် မရပ်တည်အောင် ရှုဆင်ခြင်လျှင် ဒုက္ခခပ်သိမ်းကင်းငြိမ်းသည် ဟူသော ဘုရားရှင်၏ အကျဉ်းချုပ် (ဥဒ္ဒေသ) ဒေသနာကို ရဟန်းများ၏ တောင်းပန်ချက်အရ အရှင်ကစ္စာန က အကျယ် (ဝိဘင်္ဂ)ကို ဟောတော်မူခြင်း ၂၄၂-၃

ဦး၀ရ | အကြောင်းအရာ | မျက်နှာအမှတ်

၉-အရဏဝိဘင်္ဂသုတ်

၁။ ပင်ပန်းချမ်းသာမှု ၂-ခုတို့၏ အလယ်၌ ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်လိုက်နာရေး, မြှောက်ပင့် ရှုတ်ချမှု မပြုပဲ တရားသဘောအတိုင်း ပြောဟောရေး, နောက်ကွယ်၌လည်း အပြစ်မပြော-ရှေ့၌လည်း မရှုတ်ချရေး, အလျင်စလို မပြောပဲ မဆောမလျင်ပြောဆိုရေး, ဒေသန္တရဝေါဟာရကို အထင်တကြီး မသုံးစွဲပဲ မလွန်လဲ မလွန်ဆံရေး—တို့ကို တခုစီတခုစီ ၂-ပက္ခ (နှစ်ဘို့)ထား၍ အကျယ်ဟောကြားတော်မူခြင်း ၂၄၄-၀

၁၀-ဓာတုဝိဘင်္ဂသုတ်

၁။ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ကြွ၍ အိုးထိန်းသည်အား ၎င်း၏အိမ်၌ တညတာ တည်းခိုခွင့်တောင်းရာ အိုးထိန်းသည်က (ရဟန်း ၂-ပါး အငြင်းမပွါးစေလိုသဖြင့်) အလျင်ရောက်နှင့်သော ရဟန်းတပါး ရှိပါသည်၊ ၎င်းက ခွင့်ပြုလျှင် ချမ်းသာသလို နေပါ လျှောက်၍ အလျင်ရောက်နှင့်သူ (ဗိမ္ဗိသာရမင်း၏ ဓမ္မလက်ဆောင် သတင်းစကားများဖြင့် ဘုရားရှင်အား ကြည်ညိုကာ တက္ကသိုလ်မြို့တော်ကြီးနှင့် ထီးနန်းကိုစွန့်၍ ရဟန်းပြုပြီးနောက် ဘုရားရှင်ကို တွေ့မြင်ဖူးမျှော်ရန် ရောက်လာသော။ အဋ္ဌကထာ၌) ပုက္ကုသာတိ ရဟန်းကြီးအား ခွင့်တောင်းပြန်ရာ "နေရာကျယ်ဝန်းပါသည်၊ ချမ်းသာသလို နေပါ"ဟု ပေးသဖြင့် အိုးထိန်းသည် အိမ်၌ပင် (တည်ငြိမ်သော ဣန္ဒြေဖြင့် တညပတ်လုံး မမေးမမြန်းပဲ သမာပတ်ဝင်စားရင်း) သီတင်းသုံးတော်မူကြရာတွင် ဘုရားရှင်က စတင်၍"မည်သူ့ကို အကြောင်းပြု၍ ရဟန်းပြုခဲ့သနည်း၊ သင့်ဆရာ အသူနည်း၊ မည်သူ့တရားကို သင် နှစ်သက်လက်ခံသနည်း၊ ဘုရားရှင် ယခု ဘယ်မှာ သီတင်းသုံးသနည်း၊ မြင်ဘူးသလော၊ မြင်လျှင်ကော သိပါမည်လော" ဟု အဆင့်ဆင့်မေးမြန်းသည်ကို ဖြေဆိုစေ၍ ဥပမာ ဥပမေယျတို့ဖြင့် အာယတန, ဓာတ်စသော တရားတို့ကို ဟောကြားတော်မူခြင်း .... ၂၄၀၊၂၅၆

၂။ တရားဆုံးသောအခါ(မြတ်စွာဘုရားမှန်းသိ၍)"အလို မြတ်စွာဘုရားရှင်ကြွရောက်တော်မူလာတာပါကလား"ဟု အားရဝမ်းသာ ခြေတော်ဦးတိုက် ရှိခိုးပြီးနောက် ခွင့်လွှတ်ရန်နှင့် ရဟန်းပြုပေးရန် တောင်းပန်ရာ "သပိတ်သင်္ကန်း မပြည့်စုံသူအား ရဟန်းပြု မပေးနိုင်"ဟု မိန့်တော်မူသဖြင့် သပိတ်သင်္ကန်း ရှာဖွေရန် လှည့်လည်ခိုက် (လိုက်ပါခဲ့သော ဝဋ်ကြွေးကြောင့်) နွားတိုက်ဝှေ့ခြင်းခံရ၍ ပြန်လွန်တော်မူကာ သုဒ္ဓါဝါသဗြဟ္မာကြီး ဖြစ်သွားရခြင်း ၂၅၃-၀

ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၁၁-သစ္စဝိဘင်္ဂသုတ်

၁။ မြတ်စွာဘုရားသည် (မိမိဟောပြီး တရားစက်ကို မှားသည်ဟု မည်သူတဦး တယောက်ကမျှ ပြန်၍မတွန်းလှည့်နိုင်သော) အမှန်လေးချက် တရားစက်ကို မိဂဒါဝုန်၌ လှည့်တော်မူခဲ့ပြီဟု အစချီကာ တပည့်တို့ကို သောတာ ပန်ဖြစ်စေ တတ်၍ မွေးသည့်မိခင်နှင့်တူသော အရှင်သာရိပုတြာ,သကဒါဂါမ် စသည် ဖြစ် တတ်၍ကျွေးသည့်မိခင်နှင့်တူသော အရှင်မောဂ္ဂလ္လာန်တို့ကို ဆည်းကပ်ကြလေ၊ အရှင်သာရိပုတြာ သည် သစ္စာလေးပါးကို အကျယ် ဟောကြားတတ်သည်ဟု မိန့်ဆိုကာ ဂန္ဓကုဋိသို့ ပြန်လည်ဝင်သွားပြီးနောက် အရှင်သာရိပုတြာက ရဟန်း တို့အား သစ္စာ ၄-ပါးကို အသေးစိတ် ဖွင့်ဆိုဟောကြားခြင်း (နန္ဒီရာဂ- သဟဂတာ-မှတ်ချက်ပါသည်) .... ၂၅၀၊၂၆၄

၁၂-ဒက္ခိဏာဝိဘင်္ဂသုတ်

၁။ ဂေါတမီသည် မိမိကိုယ်တိုင် ရက်လုပ်သော သက်န်းကို အလှူခံရန် မြတ်စွာ ဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက "ဂေါတမီ သံဃာ ကိုသာ လှူ၊ သံဃာလှူလျှင် ငါဘုရားရော သံဃာပါ အလှူခံရာရောက်၏"ဟု ၃-ကြိမ်တိတိ အမိန့်တော်ရှိသည်ကို ရှင်အာနန္ဒာက မိထွေးတော်ဂေါတမီသည် (မယ်တော်မာယာဒေဝီ နတ်ရွာစံသည့်နောက်) ဘုရားရှင်အပေါ်၌ မည်သို့ ကျေးဇူးများခဲ့ကြောင်း,ဘုရားရှင်သည်လည်း မိထွေးတော်အပေါ်၌ သရဏဂုံ တည်စေသည်မှစ၍ မည်သို့ ကျေးဇူးများခဲ့ကြောင်း၊ ထိုကြောင့် သက်န်း အလှူခံရန် ဝင်၍ လျှောက်တောင်းပန်ရာ (သရဏဂုံ စသည် တည်အောင် ညွှန်ပြသူ) ဆရာအား တပည့်ဖြစ်သူက အရိုအသေပေးရုံ, ပစ္စည်းလှူဒါန်းရုံ မျှဖြင့် ပြည့်စုံသော ကျေးဇူးတုံ့ပြန်မှုဟု မဆိုနိုင်ကြောင်း မိန့်တော်မူခြင်း (အဟန္တေ၊ ငါဘုရားသည်ရင်း။ သံဃော စ၊ သံဃာသည်ရင်း။ ပူဇိတော၊ အပူဇော်ခံယူရာရောက်သည်။ ဘဝိဿာမိ၊ အံ့"ဟု ပဓာနကြိယာကို ငဲ့၍ပြင်၍လည်း ပေးနိုင်၏။) ၂၆၄-၅

၂။ ပါဋိပုဂ္ဂလိကဒါန ၁၄-မျိုး (အလှူခံ တကျိပ်လေး) ၎င်း၏အကျိုး, သံဃိကဒါန ၇-မျိုးတို့ကို ဟောတော်မူပြီးနောက်နောင်အခါ၌ ရဟန်းဟု ဆိုရရုံ လည်ပင်း၌ သက်န်းပတ်ထားသော ဒုဿီလ ရဟန်းယုတ်များကိုပင် (သံဃိကဒါန ဖြစ် အောင်) လှူဒါန်းနိုင်လျှင် အကျိုး အသင်္ချေရရှိကြောင်း, ယင်း သံဃိက ဒါနထက် ပုဂ္ဂလိကဒါနကို မည်သည့်နည်းနှင့်မျှ အကျိုးများသည်ဟု မဆို နိုင်ကြောင်း မိန့်တော်မူကာ အလှူပေး, အလှူခံတို့၏ စင်ကြယ်မှု ရှိ-မရှိ ကို (အနုဂီတိတို့ဖြင့်လည်း) ဆက်လက် ဟောကြားတော်မူခြင်း ၂၆၅-၆

၅-သဠာယတနဝဂ်

၁-အနာထပိဏ္ဍိကောဝါဒသုတ်

၁။ အနာထပိဏ်သူဌေးကြီး မမာမကျန်းရှိစဉ် ရှင်သာရိပုတြာအား ပင့်လျှောက်စေရာ ရှင်အာနန္ဒာနှင့်အတူ ကြွရောက်၍ ဝေဒနာအကြောင်း မေးမြန်းပြီးနောက် ရှင်သာရိပုတြာက "အကျိုးတရားမဖြစ်ရန် အကြောင်းတရား (သက်ရှိသက်မဲ့ ပစ္စည်းများ) ကို မစွဲလမ်းနှင့်"ဟု အာယတန စသော နက်နဲသည့်တရားတို့ကို ဟောကြားပြီးသော အဆုံး၌ သူဌေးကြီး ငြင်းစွာငိုကြွေးသဖြင့် ရှင်အာနန္ဒာက "သူဌေးကြီး စွဲလမ်း ဆုတ်နစ်နေသေးသလော"ဟု မိန့်ဆိုရာ "မဟုတ်ပါ အရှင်အာနန္ဒာ၊ ဘုရားရှင်နှင့်တကွ ရဟန်းတော်များထံ (ကြာမြင့်စွာ) ဆည်းကပ်ခဲ့ပါလျက် ဤကဲ့သို့သော တရားမျိုးကို ကြားနာခွင့် မကြုံခဲ့ရသောကြောင့်ဖြစ်ပါသည်"ဟု လျှောက်၍ ဤတရားမျိုးကို လူဝတ်ကြောင်တို့ သဘောပေါက်ရန် ခဲယဉ်းကြောင်း ရှင်အာနန္ဒာက မိန့်ဆိုပုံ၊ သူဌေးကြီးက ရှင်သာရိပုတြာအား "နားလည်နိုင်မည့်သူများ ရှိတတ်ကြသေးသဖြင့် တရားမနာရလျှင် ရှုံးကြမည်ဖြစ်သောကြောင့် ဟောကြားပါ"ဟု တိုက်တွန်းစကားလျှောက်ထားပြီးနောက် မထေရ်နှစ်ပါးအပြန်တွင် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ရောက်ကာ တခုသောညဉ့်အခါ၌ ဘုရားရှင်ထံလာရောက်၍ ဇေတဝန်ကျောင်းတော်ဘွဲ့ ဂါထာဖြင့် အစချီကာ အမျိုးအနွယ်ဥစ္စာတို့ထက် သီလ သမာဓိ ပညာ အရေးပါပုံနှင့် ရှင်သာရိပုတြာ၏ ကျေးဇူးဂုဏ်ဘွဲ့တို့ကို ဖွဲ့ဆိုလျှောက်ထားလာခြင်း .... ၂၃၀၊၂၃၄

၂-ဆန္နောဝါဒသုတ်

၁။ ဂိဇ္ဈကုဋ်တောင်၌ နေကြစဉ် အရှင်သာရိပုတြာနှင့် အရှင်စုန္ဒတို့ ဂိလာနဖြစ်သော အရှင်ဆန္နထံ သွားရောက်၍ လူမမာမေးကြရာ ဝေဒနာမသက်သာသောကြောင့် ဓားလက်နက်ဖြင့် သေတော့မည်၊ အသက်ရှင်၍ မနေလိုတော့ပြီဟု ဆိုသော အရှင်ဆန္နအား အရှင်သာရိပုတြာက တားမြစ် တောင်းပန်ပုံ၊ သင့်တင့်သော ဆေးဝါးခတ်စာနှင့် သူနာပြုများမရှိလျှင် ရှိအောင်ရှာကြံပေး၍ ကိုယ်တိုင်လည်းလုပ်ကျွေးမည်ဖြစ်ကြောင်း ပြောသောအခါ အရှင်ဆန္နက "မရှိ၍ မဟုတ်ပါ၊ သို့ရာတွင် ဘုရားရှင်၏ သဘောတော်ကျ (ရဟန္တာဖြစ်သည်အထိ ကျင့်ကြံသောအကျင့်ဖြင့်) ဘုရားရှင်ကို လုပ်ကျွေးခဲ့ပြီးပါပြီ၊ တပည့်တော်အား နောက်ထပ် ဘဝသစ် မရှိပြီ ဟု ယူဆတော်မူပါ" စသည်ဖြင့် ရဟန္တာဖြစ်ပြီထင်မှတ်၍ လျှောက်ထားပုံ၊ ရှင်သာရိပုတြာက "ငါ့ရှင် ခွင့်ပေးလျှင် အနည်းငယ်မေးပါရစေ" ဆိုကာ အရှင်ဆန္နအား စက္ခုစသည်၌ ရှုမှတ်နည်းတို့ကို စစ်ဆေးမေးမြန်းပြီးနောက် အရှင်စုန္ဒ က တဏှာဒိဋ္ဌိ မပြတ်သေးလျှင် တုန်လှုပ်မှုရှိသည် စသော ဘုရားရှင်၏ ဩဝါဒကို ညွှန်ပြကာ ၎င်းကို အမြဲနှလုံးသွင်း၍ နေရန် တိုက်တွန်းပြီး ပြန်ကြွတော်မူကြခြင်း ၂၃၄-၇

ဦးရေ　　　　　　　　　　အကြောင်းအရာ　　　　　　　　　　မျက်နှာအမှတ်

၂-ဆန္နောဝါဒသုတ်

၂။ အရှင်သာရိပုတြာသည် အရှင်ဆန္န၏ (လူမမာမေးစဉ်က) အပြောအဆို၊ (မျိုးဆွေ ဒကာ ဒကာမတို့၌ အကျွမ်းတဝင် ခင်မင်တွယ်တာမှု) အနေအထိုင်၊ (ဓားဖြင့် မိမိကိုယ်ကို လည်သျှိး၍ ပြန်လွန်ရခြင်း) အပြုအမူတို့ကို ထောက်ဆ၍ ရဟန္တာဖြစ်ပြီဟု ဝန်ခံ၍သွားသော အရှင်ဆန္န၏ လားရာဂတိကို (သံသယရှိစွာဖြင့်) ဘုရားရှင်အား လျှောက်ထားရာ (သမသီသီ) ရဟန္တာ အမှန်ပင် ဖြစ်သွားကြောင်း မိန့်တော်မူခြင်း ၂၇၀

၃-ပုဏ္ဏောဝါဒသုတ်

၁။ "ဆိတ်ငြိမ်ရာ၌ တပါးတည်းနေ၍အားထုတ်ရန် တရားအကျဉ်းချုပ်ကို ဟောတော်မူပါ"ဟု အရှင်ပုဏ္ဏ၏ လျှောက်ထားချက်အရ ဒွါရခြောက်ပါး၌ သစ္စာနှစ်ပါး တပ်၍ ဟောတော်မူသောအဆုံး၌ အရှင်ပုဏ္ဏက သုနာပရန္တဇနပုဒ်၌ သွားရောက်နေမည် လျှောက်ရာ ထိုဇနပုဒ်သားတို့သည် ကိုယ်ကြမ်း နှုတ်ကြမ်းရှိကြောင်း သင့်ကိုဆဲရေးလျှင် မည်သို့ရှိမည်နည်း စသည်ဖြင့် တွေ့ကြုံနိုင်သည့် ဘေးရန် ၇-မျိုးကို ပြ၍ မေးတော်မူသည်ကို အရှင်ပုဏ္ဏက ၎င်း၏သဘောထားဖြေဆိုပုံ၊ သုနာပရန္တဇနပုဒ်၌ သွားရောက်ရာ ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါး ရ၍ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း .... ၂၇၀၊၂၇၁

၄-နန္ဒကောဝါဒသုတ်

၁။ မဟာပဇာပတိဂေါတမီကြီးမှူးသော ဘိက္ခုနီမတို့အား ရဟန်းတော်များအလှည့်ကျ တရားဟောပြောကြရာ အရှင်နန္ဒကသည် ၎င်း၏ အလှည့်ကျသောအခါ ရှောင်တိမ်းနေသဖြင့် ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းမှ ရာဇကာရုံကျောင်းသို့ သွား၍ ဟောကြားပုံ၊ တရားမဟောမီ သိသောဘိက္ခုနီမတို့က သိသည်ဟုရင်း မသိသူတို့က မသိဟုရင်း သံသယရှိသူတို့က မည်သို့ပါလဲ စသည်ဖြင့်ရင်း လျှောက်ထားနိုင်ကြောင်း ကြိုတင်ခွင့်ပေးပြီးနောက် စက္ခုသည် မြဲသလော စသည်ဖြင့် အာယတန ၁၂-ပါး၊ ဝိညာဏကာယ ၆-ပါးတို့၌ ဆီမီး၊ သစ်ပင်၊ နွား ဥပမာတို့ဖြင့် တန်းဆာဆင်၍ ဗောဇ္ဈင် ၇-ပါးတို့ဖြင့် နိဂုံးချုပ်လျက် အမေးအဖြေ ပြုလုပ်ဟောကြားရာ ဘုရားရှင်ကလည်း နောက်ရက်၌ ဤနည်း ထပ်ပြီး ဟောရန် မိန့်ဆိုပုံ၊ ဘိက္ခုနီမတို့ သောတာပန်စသည် ဖြစ်ကြပုံ ၂၇၂-၈

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၅-စူဠရာဟုလောဝါဒသုတ်

၁။ ဘုရားရှင်သည် ရာဟုလာအား ရဟန္တာဖြစ်အောင် ပို့ဆောင်ညွှန်ပြလိုသဖြင့် ဆွမ်းခံအပြန် ရာဟုလာအား နိသီဒိုင် အယူခိုင်းကာ နောက်ပါခေါ်ဆောင်၍ တောကြီးမျက်မဲသို့ ကြွရောက်ရာ ထိုအကြောင်းကိုသိ၍ နတ်အများလိုက်ပါကြည့်ညိုကြပုံ၊ (နန္ဒကသုတ်၌ကဲ့သို့) စက္ခုစသည်ကို မေး ဖြေပြုကာ ဟောကြားသောအဆုံး၌ ရှင်ရာဟုလာလည်း ရဟန္တာဖြစ်၊ နတ်များစွာလည်း သောတာပန် စသည် ဖြစ်ပုံ ၂၈၈-၉

၆-ဆဆက္ကသုတ်

၁။ အခံ (အဇ္ဈတ္တိက) အာယတန ၆-ပါး၊ အတိုက် (ဗာဟိရ) အာယတန ၆-ပါး၊ ဝိညာဏကာယ ၆-ပါး၊ ဖဿကာယ ၆-ပါး၊ ဝေဒနာကာယ ၆-ပါး၊ တဏှာကာယ ၆-ပါးတို့ကို "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ" စသည်ဖြင့် သဘောအရ တရားကိုယ် အသီးသီး ထုတ်ဆို၍ ဝဋ္ဋ, ဝိဝဋ္ဋအားဖြင့် ခွဲခြား၍ ဟောတော်မူသဖြင့် ရဟန်းတော်ခြောက်ကျိပ် ရဟန္တာဖြစ်တော်မူခြင်း .... ၂၉၀၊၂၉၂

၇-မဟာသဠာယတနိကသုတ်

၁။ စက္ခုစသည်ကို သဘာဝမှန်အတိုင်း မသိသောကြောင့် တွယ်တာမှုမှစ၍ ဘဝခန္ဓာနှင့် ဒုက္ခအမျိုးမျိုးဖြစ်ရပုံ၊ သိလျှင်ကား ဗောဓိပက္ခိယတရားတို့ ဖြစ်ပေါ်ကာ သမထနှင့် ဝိပဿနာလည်း ထမ်းပိုးထမ်းညီသော နွားတရှဉ်းကဲ့သို့ရှိ၍ "သိ-ပယ်-ဆိုက်-ပွါး ၄-ပါးကိစ္စ အပိုင်ရ"ပုံနှင့် သိ-ပယ်-ဆိုက်-ပွါးရမည့်တရားတို့ကိုဟောတော်မူခြင်း.... .... ၂၉၃-၅

၂။ နန္ဒီရာဂသဟဂတာ, တတြတတြာဘိနန္ဒိနီ, ယုဂနဒ္ဓါပုဒ်များကို ဋ္ဌ + ဋ္ဌီတို့ဖြင့် စိစစ်၍ ပြဆိုခြင်း.... .... ၂၉၃-၄

၈-နဂရဝိန္ဒေယျသုတ်

၁။ ဘုရားရှင် ကောသလတိုင်း၌ လှည့်လည်ရာ နဂရဝိန္ဒမည်သော ပြာဟ္မဏရွာသို့ အရောက် ရွာသူရွာသားတို့သည် ဘုရားရှင်၏ ကျော်စောသတင်းကို ကြားသိကြပြီး ဖြစ်သည့်အတိုင်း ဘုရားရှင်ထံ လာရောက်ဖူးမျှော်ကြစဉ် ဘုရားရှင်က "ဒါယကာတို့ တိတ္ထိယတို့က သင်တို့အား မည်သို့သော သမဏပြာဟ္မဏတို့ကို ရိုသေလေးမြတ် ရှိခိုးပူဇော်မှု မပြုအပ်သနည်းဟုမေးလျှင် ဤသို့ဖြေဆိုကြရမည်"ဟု အစချီကာ ဖြေဆိုပုံနှင့်တကွ ရာဂကင်းသူ, ကင်းစေရန် ကျင့်ကြံအားထုတ်သူ အမှန်ကိုလည်း အကဲခပ်နိုင်ရန် (ရည်ရွယ်ချက် တမျိုးဖြင့်) ဟောကြားတော်မူရာ အားလုံး သမ္မာဒိဋ္ဌိ (ဗုဒ္ဓဘာသာ) ဝင် အဖြစ်ခံယူခြင်း.... .... ၂၉၅-၆

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

၉-ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်

၁။ သုညတာဝိဟာရ (ဖလသမာပတ်) မှ ထတော်မူသော အရှင်သာရိပုတြာအား ဘုရားရှင်က "သင်၏ ဣန္ဒြေ အရေအသားတို့သည် သန့်ရှင်းဖြူစင် ကြည်လင် တောက်ပလှဘိသည်၊ မည်သို့သော နေခြင်းမျိုးဖြင့် အချိန်ကြာကြာ နေလေ့ ရှိသနည်း"ဟု မေးတော်မူကာ (သင်ကဲ့သို့) ယောကျ်ားမြတ်တို့၏ နေခြင်း (သုညတာဝိဟာရ)ဖြင့် နေလိုသောရဟန်းသည် ဆွမ်းခံ ဝင်ထွက် သွားလာချိန် များ၌ အာရုံတို့၌ ခင်မင်နှစ်သက် အမျက် တွေ့ဝေခြင်း ရှိ-မရှိ၊ ကိလေသာ အငြိအစွန်း ထင်-မထင် ဆင်ခြင် ပယ်ဖျောက်ရမည်၊ သိ-ပယ်-ဆိုက်-ပွါးရမည့် တရားစုကိုလည်း သိ ပယ်-ဆိုက်-ပွါး ပြီးပြီလော—ဟု အမြဲမပြတ် သုံးသပ် ဆင်ခြင်ရမည်၊ ဤသည်ပင်လျှင် ဆွမ်းကို စင်ကြယ်အောင် သုတ်သင်သည် မည်၏ ဟု ဟောတော်မူခြင်း.... .... ၂၉၉၊၃၀၂

၁၀-ဣန္ဒြိယဘာဝနာသုတ်

၁။ ဥတ္တရလုလင်အား ဘုရားရှင်က "(သင့်ဆရာ) ပါရာသိဝိယ ပုဏ္ဏားသည် တပည့် တို့အား ဣန္ဒြေပွါးရှုပုံကို ဟောပြောသလော၊ မည်သို့ ဟောပြောသနည်း"ဟု မေးတော်မူ၍ အဆင်းကို မကြည့်ရ၊ အသံကိုနားမထောင်ရ-ဟု ပြောဟော ကြောင်း လျှောက်ထားရာ "ဤသို့ဆိုလျှင် မျက်စိကာဏ်း + နားပင်းသူတို့မှာ ဣန္ဒြေကို ပွါးရှုပြီးဖြစ်ကြပေလိမ့်မည်"ဟု မိန့်တော်မူလျက် အာရုံနှင့် တွေ့ဆုံ သောအခါ ဖြစ်ပေါ်လာသည့် နှစ်သက်မှု, မနှစ်သက်မှု, နှစ်သက်သည်လည်း မဟုတ် မနှစ်သက်သည်လည်း မဟုတ်သော ခံစားရချက်များသည် ပြုပြင်အပ် သော သဘောချည်းသာတည်း စသည်ဖြင့် ဝိပဿနုပေက္ခာတင်၍ ရှုမှတ်သူ အား ထိုခံစားရချက်များသည် လက်ဖျစ်တတွက် မျက်စိတမှိတ်ခန့် အတွင်းမှာ ပင်ချုပ်ပျောက်၍ ဝိပဿနုပေက္ခာ တည်လာပုံကို အာရုံတခု ဥပမာတမျိုးစီဖြင့် ပြ၍ ပဋိကူလ အပ္ပဋိကူလ၌ ရှုမှတ်ပုံကိုပါ ဟောတော်မူခြင်း.... .... ၃၀၃

ဥပရိပဏ္ဏာသနိဿယ မှတ်သားဖွယ်ရာ မာတိကာအချုပ်ကား
ဤတွင် ပြီးပြည့်စုံပြီ။

ယံယု'ပလက္ခိယံ ဟေတ္တ၊ တံ တ'ဒုဒ္ဒါဟနံ့ အယံ။

မာတိကာ သန္တတံ ဝမ္ဗ—နဒိံ တာယာ'မတဏ္ဍွံ။

ကြိုတင်သိမှတ်ရန် သင်္ကေတအမှတ်များ

“ ” ဤကဲ့သို့ အင်ဗားတက်ကော်မာပြလျှင် ကော်မာအတွင်းရှိ စာသားများမှာ ပါဠိတော်ပါဠ် အာကာရဝါကျကို ယောဇနာသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ စာသားများသည် အန္တာပေက္ခဆဋ္ဌီကိုင်း, အဓိပ္ပါယ်အကျဉ်းကိုင်း, သာဓကပါဌ်ကိုင်း, ထည့်စွက်ပါဌ်နက်ကိုင်း, တနည်းကားကိုင်း ဖော်ပြသည် ဟု သိမှတ်ရန်။

— ဤကဲ့သို့ လောင်းဒက်ခေါ် ဒက်ရှည်ကို ပြလျှင် အနက်ယောဇနာစကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

၁–၂ ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းနှင့် ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကိုင်း, ပဒဝိစယကိုင်း, ပါဠိ-အဋ္ဌကထာ-ဋီကာတို့၏ ဆိုလိုချက်ကိုင်း သိလွယ်စေရန် အောက်ခြေတွင် မျဉ်းသားလျက် သီးခြားဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

ဥပရိပဏ္ဏာသပါဠိတော် နိဿယ ပဋိဝိသောဓက ဆရာတော်များ

၁။ ဆရာတော် ဦးသုန္ဒရ အဂ္ဂမဟာပဏ္ဍိတ။

၂။ ဆရာတော် ဦးတိလောက အဂ္ဂမဟာပဏ္ဍိတ ဗားကရာတိုက် တိလောကာရုံကျောင်း ရန်ကုန်။

၃။ ဆရာတော် ဦးဝေပုလ္လ ပတ္တမြားတိုက် မန္တလေး။

၄။ ဆရာတော် ဦးသဇ္ဇန ပါဠိကာရီသုံးခွချောင် စစ်ကိုင်းတောင်ရိုး။

၅။ ဆရာတော် ဦးဉာဏဗလ အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်။

၆။ ဆရာတော် ဦးကောသိနိယ မစိုးရိမ်တိုက် မန္တလေး။

၇။ ဦးမျိုးမြင့် (ဥပတ္ထမ္ဘက အယ်ဒီတာ)။

ဥပရိပဏ္ဏာသပါဠိတော် နိဿယ ပြုသာန ဆရာတော်များ

၁။ ဆရာတော် ဦးနရပတိ ဓမ္မိကာရုံကျောင်းတိုက် မန္တလေး။

၂။ ဆရာတော် ဦးဝေပုလ္လ ပတ္တမြားတိုက် မန္တလေး။

၃။ ဆရာတော် ဦးဇောတိက အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်။

၄။ ဆရာတော် ဦးသဇ္ဇန ပါဠိကာရီသုံးခွချောင် စစ်ကိုင်းတောင်ရိုး။

၅။ ဆရာတော် ဦးဉာဏဗလ အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်။

၆။ ဆရာတော် ဦးဓမ္မာလောက မြတောင်ချောင် စစ်ကိုင်းတောင်ရိုး။

၇။ ဆရာတော် ဦးတိလောကသာရ ရွှေစာရုံကျောင်း ပေါင်းတလည်။

၈။ ဆရာတော် ဦးကောသိနိယ မစိုးရိမ်တိုက် မန္တလေး။

၉။ ဦးမျိုးမြင့် (ဥပတ္ထမ္ဘက အယ်ဒီတာ)။

မဇ္ဈိမနိကာယ်

ဥပရိပဏ္ဏာသပါဠိတော်

နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-ဒေဝဒဟဝဂ်

၁-ဒေဝဒဟသုတ်

၁။ (ဣဒံ သုတ္တံ၊ ဤဒေဝဒဟသုတ်ကို)။ မေ၊ တပည့်တော်အာနန္ဒာသည်။ ဧဝံ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ[၁]။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌[၂]။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကေသု၊ သက္ကဘိုင်းတို့၌။ (ဥပစာရတ္ထ)။ ဝါ၊ သက္ကတိုင်းအနီး၌။ (မုချတ္ထ)။ ဒေဝဒဟံနာမ၊ ဒေဝဒဟမည်သော[၃]။ သကျာနံ၊ သာကီဝင်မင်းတို့၏။ နိဂမော၊ နိဂုံးသည်။ (အတ္ထိ၊ ၏။ တသ္မိံ၊ ထိုနိဂုံး၌။ ဝါ၊ နိဂုံးအနီး လုမ္ဗိနီတော၌။) ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ တေ ဘိက္ခူ၊ တို့သည်။ ဘဒန္တေတိ၊ အရှင်ဘုရား ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဝါ၊ ၏(စကားတော်ကို)။ ပစ္စဿောသုံ၊ ရှေးရှုနာယူကုန်ပြီ။ ဘဂဝါ၊ သည်—"ဘိက္ခဝေ၊ ရဟန်းတို့။ အယံပုရိသပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကိဉ္စိ၊ တစုံတခုသော။ ယံ သုခံ ဝါ၊ အကြောင်းချမ်းသာကိုဖြစ်စေ။ ယံ ဒုက္ခံ ဝါ၊ အကြောင်းဆင်းရဲကိုဖြစ်စေ။ ယံ အဒုက္ခမသုခံ ဝါ၊ အကြောင်းမဆင်းရဲ မချမ်းသာ (ဥပေက္ခာဝေဒနာ)ကိုဖြစ်စေ။ ပဋိသံဝေဒေတိ၊ ခံစားရ၏။

၁။ ဧဝံ-နိဒဿန၊ မေ-တတိယာကတ္တား၊ သုတံ-ဥပမာရဏတ္ထ ကမ္မရုပ်ပြန်ဆိုသည်။ ဧဝံ "ဤသို့သောအခြင်းအရာအားဖြင့်"ဟု အာကာရ၊ "ဤသို့သော"ဟု အဝဓာရဏ အနက်လည်း ပြန်ဆိုနိုင်သည်။ မေ ကို ဆဋ္ဌျတ္ထသမ္ဗန်အနက်ယောဇနာသော် သုတံ ကို ဥပမာရဏတ္ထဘာဝရုပ် ကြံ၍ ယောဇနာလေ။

၂။ ဤအဋ္ဌကထာအလိုကျ ယောဇနာသော် "ဧကံ၊ သော။ သမယံ၊ အခါပတ်လုံး"ဟု အစ္စန္တသံယောဂတ္ထ ပေးလေ။ ၌-ဟုပေးသည်ကား ပေါရာဏာစရိယတို့အလိုတည်း။

၃။ ဒေဝါနံ (သကျရာဇူနံ) ဒဟော (မင်္ဂလပေါက္ခရဏီ) ဒေဝဒဟော။ မင်္ဂလာရေကန်တည်း။ ၎င်းရေကန်ကို စွဲ၍ ဒေဝဒဟနိဂုံး ခေါ်၏။

သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဝေဒနာသည်။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝ၌ပြုအပ်သော ကံဟူသော အကြောင်းကြောင့်။ (ဟောတိ၊ ၏။) ဣတိ၊ ဤသို့။ ပုရာဏာနံ၊ အဟောင်းဖြစ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ တပသာ၊ အကျင့်အားဖြင့်။ ဗျန္တီဘာဝါ၊ ကင်းသော အဆုံးအပိုင်းအခြား ရှိသည်၏ အဖြစ်ကြောင့်ရင်း။ (ပျက်စီးခြင်းကြောင့် ဟူလို)။ နဝါနံ၊ အသစ်ဖြစ်ကုန်သော။ ကမ္မာနံ၊ တို့ကို။ အကရဏာ၊ မပြုခြင်းကြောင့်ရင်း။ အာယတိံ၊ နောင်အခါ၌။ အနဝဿဝေါ၊ မပွါးခြင်းသည်။ (ဟောတိ၊ ၏။) အာယတိံ၊ ၌။ အနဝဿဝါ၊ မပွါးခြင်းကြောင့်။ ကမ္မက္ခယော၊ ကံ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ကမ္မက္ခယာ၊ ကံ၏ကုန်ခြင်းကြောင့်။ ဒုက္ခက္ခယော၊ ဆင်းရဲ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ဒုက္ခက္ခယာ၊ ကြောင့်။ ဝေဒနာက္ခယော၊ ဝေဒနာ၏ကုန်ခြင်းသည်။ (ဟောတိ၊ ၏။) ဝေဒနာက္ခယာ၊ ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ဒုက္ခံ၊ ဆင်းရဲဝေဒနာသည်။ နိဇ္ဇိဏ္ဏံ၊ အကြွင်းမဲ့ဆွေးမြေ့ပျက်စီးသည်။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့ ဟူ၍။ ဧဝံ ဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်သော။ ဧဝံဒိဋ္ဌိနော၊ ဤသို့အယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ သန္တိတိ၊ ရှိကုန်၏”ဟူသော။ ဧတံ၊ ကို။ အဝေါစ၊ ပြီ။ (ဣတိသဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌ။) ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ နိဂဏ္ဌတို့သည်။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်၏။

ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ ဧဝံဝါဒီ၊ ဤသို့ ဆိုလေ့ရှိကုန်သော။ နိဂဏ္ဌေ၊ နိဂဏ္ဌတို့ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ “အာဝုသောနိဂဏ္ဌာ၊ ငါ့ရှင်နိဂဏ္ဌတို့။ တုမှေ၊ သင်တို့သည်။‘အယံ ပုရိသပုဂ္ဂလော၊ သည်။ပ။ဘဝိဿတီတိ၊ ဟူ၍။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကြ၏ဟူသည်။ ဧဝံဒိဋ္ဌိနော၊ ဤသို့ အယူရှိကုန်၏’ဟူသည်။ သစ္စံကိရ၊ တိ၊ မှန်သလော”ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ပြောဆို၏။ ဘိက္ခဝေ၊ တို့။ တေ နိဂဏ္ဌာ၊ ထိုနိဂဏ္ဌတို့သည်။ ဧဝံ၊ သို့။ မေ၊ သည်။ ပုဋ္ဌာ၊ မေးအပ်ကုန်သည်ရှိသော်။ အာမာတိ၊ မှန်ပါ၏ဟူ၍။ ဧဝ ပဋိဇာနန္တိ၊ ဝန်ခံကုန်ငြားအံ့။

အဟံ၊ သည်။ တေ၊ ထိုနိဂဏ္ဌတို့ကို။ “အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ ‘မယံ၊ ငါတို့သည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ အဟုဝမှေဝ၊ ဖြစ်ဘူးကြကုန်သည်သာလျှင်တည်း။ န နာဟု ဝမှာတိ၊ မဖြစ်ဘူးကြကုန်သည် မဟုတ်’ဟူ၍။ ဇာနာထ ကိံ ပန တိ၊ သိကြကုန်သလော”ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ၏။ အာဝုသော၊ ငါ့ရှင်ဂေါတမ။ ဣဒံ၊ ဤအမေးစကားသည်။ နောဟိ၊ မသင့်ပါ။

အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ ‘မယံ၊ တို့သည်။ ပုဗ္ဗေ၊ ၌။ ပါပကမ္မံ၊ ကို။ အကရမှေဝ၊ ပြုဘူးကုန်သည်သာတည်း။ န နာကရမှာတိ၊ မပြုဘူးကုန်သည်ကား မဟုတ်’ဟူ၍။ ဇာနာထ ကိံ ပန၊ သိကြကုန်၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နောဟိ၊ မသင့်ပါ။

အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊တို့သည်။ ‘ဧဝရူပံ၊ ဤသို့ သဘောရှိသည်လည်းဖြစ်သော။ ဧဝရူပံဝါ၊ သော။ ပါပကမ္မံ၊ ကို။ အကရမှာတိ၊ ပြုဘူးကုန်၏’ဟူ၍။ ဇာနာထကိံ ပန၊ သိကြကုန်၏လော၊ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ၊ ဣဒံ၊ သည်၊ နောဟိ၊ ပါ။

အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ ‘ဧတ္တကံ၊ ဤမျှလောက်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း၊ နိဇ္ဇိဏ္ဏံ၊ ဆွေးမြေ့ပြီ။ ဧတ္တကံ၊ သော။ ဒုက္ခံဝါ၊ သည်လည်း။ နိဇ္ဇီရေတဗ္ဗံ၊ဆွေးမြေ့ရာ၏။ (တဗ္ဗပစ္စည်းဘောဟော။) ဧတ္တကမှိ၊ သော။ ဒုက္ခေဝါ၊ သည်လည်း။ နိဇ္ဇိဏ္ဏေ၊ဆွေးမြေ့

လတ်သော်။ သဗ္ဗံ၊ သော။ ဒုက္ခံ၊ သည်။ နိဗ္ဗိန္နံ၊ သည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့'ဟူ၍။ ဇာနာထ ကိံပန၊ လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ မသင့်ပါ။

အာဝုသောနိဂဏ္ဌာ၊ ဟို။ တုမှေ၊ တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ပင်လျှင်။ အကုသလာနံ ဓမ္မာနံ၊ တို့ကို။ ပဟာနံ၊ ပယ်ခြင်းကိုရင်း။ ကုသလာနံ ဓမ္မာနံ၊ တို့၏။ ဥပသမ္ပဒံ၊ ပြည့်စုံခြင်းကိုရင်း။ ဇာနာထ ကိံပန၊ လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ မသင့်ပါ။ ဣတိ၊ ဤသို့ပြေဆိုကုန်၏။

၂။ ဣတိ၊ ဤသို့ဖြစ်လျှင်။ အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'မယံ၊ တို့သည်။ ပုဗ္ဗေ၊ ၌။ အဟုဝမှေဝ၊ ကုန်သည်သာတည်း။ န နာဟုဝမှာတိ၊ မဖြစ်ဘူးကုန်သည် မဟုတ်' (ဖြစ်ဘူးကုန်သည်သာတည်း)ဟူ၍။ န ဇာနာထ ကိရ၊ မသိရှာကြလေကုန်။ ပ။ ဥပသမ္ပဒံ၊ ကိုရင်း။ နဇာနာထ ကိရ၊ မသိရှာကြလေကုန်။ ဧဝံသန္တေ၊ ဤသို့ မသိသည်ရှိသော်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ အရှင်နိဂဏ္ဌတို့၏။ 'ယံကိဉ္စာယံ။ ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊ ဘဝိဿတိ'ဟူ၍။ ဝေယျာကရဏာယ၊ ပြောဆိုခြင်းငှါ။ ကလ္လံ၊ လျောက်ပတ်သည်။ န အဿ၊ မဖြစ်ရာ။

အာဝုသောနိဂဏ္ဌာ၊ တို့။ တုမှေ၊ တို့သည်။ 'အဟုဝမှေဝ။ ပ။ နနာဟုဝမှာတိ၊ ဝမှ'ဟူ၍။ သစေ ဇာနေယျာထ၊ အကယ်၍ သိကုန်ငြားအံ့။ 'အကရမှေဝ။ ပ။ န နာကရမှာတိ၊ ကရမှ'ဟူ၍။ သစေ ဇာနေယျာထ၊ ကုန်ငြားအံ့။ ပ။ ဥပသမ္ပဒံ၊ ကိုရင်း။ သစေ ဇာနေယျာထ၊ ကုန်ငြားအံ့။ ဧဝံသန္တေ၊ သော်။ အာယသ္မန္တာနံနိဂဏ္ဌာနံ၊ တို့၏။ 'ယံကိဉ္စာယံ။ ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊ တိ'ဟူ၍။ ဝေယျာကရဏာယ၊ ပြေဆိုခြင်းငှါ။ ကလ္လံ။ သည်။ အဿ၊ ရာ၏။

၃။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကိုဆိုအံ့။ အာဝုသော နိဂဏ္ဌာ၊ တို့။ ပုရိသော၊ သည်။ သဝိသေန၊ အဆိပ်နှင့်တကွသော။ ဂါဠှူပလေပနေန၊ စွဲမြဲအောင် (အထပ်ထပ်) လိမ်းကျံ အပ်သော။ သလ္လေန၊ မြားဖြင့်။ ဝိဒ္ဓေါ၊ ဖောက်ထွင်း (စူးဝင်) အပ်သည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ သလ္လဿ၊ မြား၏။ ဝေဓနဟေတုပိ၊ ဖောက်ထွင်း(စူးဝင်)ခြင်းဟူသော အကြောင်းကြောင့်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်သော။ တိဗ္ဗာ၊ ထက်ကုန်သော။ ကဋုကာ၊ စပ်ကုန်သော။ ဝေဒနာ၊ တို့ကို။ ဝေဒိယေယျ၊ ခံစားရာ၏။ တဿ၊ ထိုယောကျ်ား၏။ မိတ္တာမစ္စာ၊ မိတ်ဆွေအပေါင်းအဖော်တို့သည်ရင်း။ ဉာတိသာလောဟိတာ၊ ဆွေမျိုးသားချင်းတို့သည်ရင်း။ သလ္လကတ္တံ၊ မြားကိုနုတ်တတ်သော။ ဘိသက္ကံ၊ ဆေးဆရာကို။ ဥပဋ္ဌာပေယျုံ၊ အနီး၌တည်စေကုန်ရာ၏။ (ပင့်ဆောင်ကုန်ရာ၏ဟူလို။) တဿ၊ ထိုလူနာယောကျ်ား၏။ ဝဏမုခံ၊ အမာဝကို။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။ သတ္ထေန၊ ထားဖြင့်။ ပရိကန္တေယျ၊ ဖြတ်လှီးရာ၏။ သော၊ ထိုယောကျ်ားသည်။ ဝဏမုခဿ၊ ကို။ သတ္ထေန၊ ဖြင့်။ ပရိကန္တနဟေတုပိ၊ ဖြတ်လှီးခြင်းဟူသော အကြောင်းကြောင့်လည်း။ ဒုက္ခာ၊ ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ တို့ကို။ ဝေဒိယေယျ၊ ရာ၏။ တဿ၊ ထိုလူနာယောကျ်ား၏။ သလ္လံ၊ ငြောင့် (မြား) ကို။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။ ဧသနိယာ၊ ငြောင့်ရှာတံကိရိယာဖြင့်[1]။ ဧသေယျ၊ ရှာရာ၏။ သော၊ သည်။ ဧသနိယာ၊ ဖြင့်။ သလ္လဿ၊

၁။ ဧသနိယာတိ ဧသနိသလာကာယ အန္တမသော နန္တကဝဋ္ဋိယာပိ။ အဋ္ဌကထာ။

ငြောင့်ကို။ သေနာပေဟတုပိ၊ ရှာခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။ အဗျှပေယျ၊ နုတ်ရာ၏။ (အဝ+ဥဟ)။ သော၊ သည်။ သလ္လသာ၊ ကို။ အဗျုဟနပေဟတုပိ၊ နုတ်ခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။တဿ၊ ၏။ ဝဏမုခေ၊ ၌။ သလ္လကတ္တော၊ သော။ သော ဘိသက္ကော၊ သည်။အဂဒင်္ဂါရံ၊ ဆေးမီးသွေးမုန့်ကို။ ဩဒဟေယျ၊ ထည့်ရာ၏။ (အဝပုဗ္ဗ ဓာဓာတ်)။ သော၊ သည်။ ဝဏမုခေ၊ ၌။ အဂဒင်္ဂါရဿ၊ ဆေးမီးသွေးမုန့်ကို။ ဩဒဟနဟေတုပိ၊ ထည့်ခြင်းဟူသော အကြောင်းကြောင့်လည်း။ပ။ ဝေဒိယေယျ၊ ရာ၏။

သော၊ ထိုယောကျ်ားသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ ရူဠှေန၊ အသားနုတက်သော။ သဉ္ဆဝိနာ၊ ကောင်းသော အရေရှိသော။ ဝဏေန၊ အနာဖြင့်။ အရောဂေါ၊ အနာမရှိသည်။ (ရူဠှေန ဝဏေန၊ အသားနုတက်သော အနာရှိသည်ဖြစ်၍။ သဉ္ဆဝိနာ ဝဏေန၊ ကောင်းသော အရေရှိသော အနာရှိသည်ဖြစ်၍-ဟု ဣတ္ထမ္ဘူတလက္ခဏတတိယာသော်လည်းပေး)။သုခီ၊ ချမ်းသာခြင်းရှိသည်။ သေရီ၊ မိမိနှင့် စပ်၍ဖြစ်ခြင်းရှိသည်။ (သ+ဤရ=မိမိအလိုအတိုင်းနေနိုင်သူ ဟူလို။) သယံဝသီ၊ မိမိအလိုအတိုင်းရှိသည်။ ယေန ကာမင်္ဂမော၊ မိမိအလိုအတိုင်း သွားနိုင်သည်။အဿ၊ရာ၏။ တဿ၊ထိုယောကျ်ား၏။ "အဟံ ခေါ၊ငါသည်။ပုဗ္ဗေ၊ ရှေး၌။သဝိသေန၊သော။ ဂါဠ္ဟုပလေပနေန၊ သော။ သလ္လေန၊ ဖြင့်။ ဝိဒ္ဓေါ၊ အပ်သည်။ အဟောသိံ၊ ဖြစ်ပြီ။ပ။ သော (အဟံ)၊သည်။ ဧတရဟိ၊ ယခုအခါ၌။ပ။ယေန ကာမင်္ဂမော၊ သည်။ အမှိ၊ ဖြစ်၏" ဟူသော။ ဧဝံ၊ ဤအကြံသည်။ အဿ၊ ရာ၏။

အာဝုသော နိဂဏ္ဌာ၊ တို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ပ။ အဿ၊ ရာ၏။ (ဥပမေယျဝါကျ၊ အားလုံး တူပြီ)။

အာဝုသော နိဂဏ္ဌာ၊ တို့ တုမှေ၊ တို့သည်။ 'အဟုဝမှေဝ။ပ။ နာဟုဝမှာတိ၊ ဝမှ'ဟူ၍။ယသ္မာ စ ခေါ၊ အကြင်ကြောင့်လျှင်။ န ဇာနာထ၊ မသိကုန်။ပ။ ဥပသမ္ပဒံ၊ ကိုရင်း။ ယသ္မာ စ ခေါ၊ လျှင်။ န ဇာနာထ၊ ကုန်။ တသ္မာ၊ ထိုကြောင့်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ တို့၏။ 'ယံကိဉ္စာယံ။ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတီတိ၊ ဿတိ'ဟူ၍။ ဝေယျာကရဏာယ၊ ငှါ။ ကလ္လံ၊ သည်။ န အဿ၊ ရာ။

၄။ ဘိက္ခဝေ၊တို့။ ဧဝံဝုတ္တေ၊ အပ်သော်။ တေ နိဂဏ္ဌာ၊တို့သည်။ မံ၊ ကို၊ "အာဝုသော ငါ့ရှင်ဂေါတမ။ နာဋပုတ္တော၊ နာဋပုတ္တမည်သော။ နိဂဏ္ဌော၊ နိဂဏ္ဌာသည်။ သဗ္ဗညူ၊ (အခါခပ်သိမ်း)အလုံးစုံကို သိ၏။ သဗ္ဗဒဿာဝီ၊ (အခါခပ်သိမ်း)အလုံးစုံကို မြင်၏။ စရတော စ၊ သွားစဉ်ရင်း။ တိဋ္ဌတော စ၊ ရပ်စဉ်ရင်း။ သုတ္တဿ စ၊ အိပ်ပျော်ဧဉ်ရင်း။ ဇာဂရဿ စ၊ နိုးစဉ်ရင်း။ သတတံ၊ အမြဲ။ သမိတံ၊ မပြတ်။ မေ၊ ၏။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ ပစ္စုပဋ္ဌိတန္တိ၊ ရှေးရှုထင်၏ဟူ၍။ အပရိသေသံ၊အကြွင်းမရှိသော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်ကို။ ပဋိဇာနာတိ၊ဝန်ခံ၏။ သော၊ထိုနာဋပုတ္တနိဂဏ္ဌာသည်။'အာဝုသော နိဂဏ္ဌာ၊တို့။ ပုဗ္ဗေဝ၊ ရှေး၌သာလျှင်၊ (မ-၁ စူဠဒုက္ခက္ခန္ဓသုတ်၁၇၉-ပိုဒ်၌ ဝေသဒ္ဒါ မပါ။) ကတံ၊ ပြုအပ်ပြီးသော။ ပါပကမ္မံ၊ မကောင်းမှုသည်။ (အတ္ထိ၊ ၏၊) တံ၊ ထိုမကောင်းမှုသည်။ ကဋုကာယ၊ ကြမ်းသော။ ဣမာယ ဒုက္ကရကာရိကာယ၊ ဤပြုနိုင်ခဲသောအကျင့်ဖြင့်။ နိဇ္ဇီရေထ၊ ဆွေးမြေ့ရာ၏။ ဧတ္ထ၊ ဤပြုနိုင်ခဲသောအကျင့်၌။ ဧတရဟိ၊ ယခုအခါ၌။ ကာယေန၊ ကိုယ်ဖြင့်။ ယံ သံဝုတာ၊ အကြင်စောင့်ရှောက်အပ်ကုန်၏။ ဝါစာယ၊ စကားဖြင့်။ယံ သံဝုတာ၊ ကုန်၏။ မနသာ၊ စိတ်ဖြင့်။ ယံ သံဝုတာ၊ ကုန်၏။ တံ၊ ထိုစောင့်ရှောက်ခြင်းသည်။ အာယတိံ၊ နောင်အခါ၌။ ပါပကမ္မဿ၊ မကောင်းမှုကို။ (ပါပဿ ကမ္မဿ ဟု မ-၁-

၄-သုတ်၌ ရှိ၏။) အကရဏံ၊ မပြုခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ပုဉ္ဇာဏာနံ၊ ကုန်သော ။ပ။ ဘဝိဿတီတိ၊ လတ္တံ့ ’ဟူ၍။ ဧဝံ၊ သို့။ အာဟ၊ ပြောဆိုပြီ။ တဥ္စ၊ ထိုနာဠပုတ္တ၏ စကားသည် သာလျှင်။ အမှာကံ၊ ငါတို့အား။ (ငါတို့၏စိတ်၌ဟူ၍သော်လည်း မဟုတ္လလာန်အလိုပေး။) ရုစ္စတိ စေဝ၊ နှစ်လည်းနှစ်သက်၏။ ခမတိစ၊ အလိုလည်းကျ၏။ တေနစ၊ ထိုနာဋပုတ္တ၏ စကားဖြင့် သာလျှင်။ အတ္တမနာ၊ နှစ်သက်သောစိတ် ရှိကုန်သည်။ အမှာတိ၊ ကုန်၏”ဟူသော။ ဧတံ၊ ကို။ အဝေါစုံ၊ ကုန်ပြီ။

၅။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ အဟံ၊ သည်။ တေ နိဂဏ္ဌေ၊တို့ကို။ “အာဝုသော နိဂဏ္ဌာ၊ တို့။ ဣမေ ပဥ္စဓမ္မာ၊ ဤငါးပါးကုန်သော တရားတို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ၌ပင်လျှင်။ ဒွိဓာဝိပါကာ၊ အမှန်အမှား နှစ်ပါးသောအကျိုးရှိကုန်၏။ ပဥ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်း။ သဒ္ဓါ၊ ယုံကြည်ခြင်းငှင်း။ ရုစိ၊ နှစ်သက်ခြင်းငှင်း။ အနုဿဝေါ၊ အဆင့်ကြားခြင်းငှင်း။ အာကာရပရိဝိတက္ကော၊ အခြင်းအရာကို အဖန်ဖန်ကြံဆခြင်းငှင်း။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၊ စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သောအယူငှင်းတည်း။ အာဝုသောနိဂဏ္ဌာ၊ တို့။ ဣမေပဥ္စဓမ္မာ၊ တို့သည်။ ဒိဋ္ဌေဝ ဓမ္မေ၊ ၌ပင်လျှင်။ ဒွိဓာဝိပါကာ၊ ကုန်၏။ တတြ၊ ထိုငါးပါးကုန်သော တရားတို့တွင်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ အရှင်နိဂဏ္ဌာတို့၏။ (သဒ္ဓါစသည်၌စပ်။) အတီတံသေ၊အတိတ် အဖို့ကိုယူလေ့ရှိသော။ သတ္ထရိ၊ သင်တို့ဆရာဘုရား၌။ သဒ္ဓါ၊ ယုံကြည်ခြင်းဟူသည်။ ကာ၊ အဘယ်နည်း ၊ ရုစိ၊ နှစ်သက်ခြင်းဟူသည်။ ကာ၊ နည်း။ အနုဿဝေါ၊ အဆင့်ကြားခြင်းဟူသည်။ ကော၊ နည်း။ အာကာရပရိဝိတက္ကော၊ အခြင်းအရာကို အဖန်ဖန်ကြံဆခြင်းဟူသည်။ ကော၊ နည်း။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ၊ စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သောအယူဟူသည်။ ကာတိ၊ အဘယ်နည်း” ဟူသော။ ဧတံ၊ ကို။ အဝေါစံ၊ပြီ။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီခေါ၊ ဤသို့မိန့်ဆိုသော။ အဟံ၊ သည်။ နိဂဏ္ဌေသု၊ နိဂဏ္ဌာတို့၌။ကဥ္စိ၊ တစုံတခုသော။သဟဓမ္မိကံ၊ အကြောင်းနှင့်တကွသော။ ဝါဒပဋိဟာရံ၊ ဖြေရှင်းနိုင်သောအယူဝါဒကို [၁]။ န သမနုပဿာမိ၊ မြင်တော်မမူ။

ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ လည်း။ အဟံ၊ သည်။ တေနိဂဏ္ဌေ၊ တို့ကို။ “အာဝုသောနိဂဏ္ဌာ၊တို့။ တံ၊ ကို။ကိံမညထ၊ နည်း။ယသ္မိံသမယေ၊ အကြင်အခါ၌။ဝေါ၊ သင်တို့၏။တိဗ္ဗော၊ထက်သော။ (အားကြီးသောလည်းပေး။)ဥပက္ကမော၊ လုံ့လသည်။ တိဗ္ဗံ၊သော။ပဓာနံ၊ အားထုတ်ခြင်းသည်။ ဟောတိ၊ ၏။ တသ္မိံသမယေ၊ ၌။ ဝေါ၊ တို့သည်(လိုက်စပ်။) တိဗ္ဗာ၊ ကုန်သော။ ဩပက္ကမိကာ၊ လုံ့လကြောင့်ဖြစ်ကုန်သော။ ဒုက္ခာ၊ ဆင်းရဲကုန်သော။တိဗ္ဗာ၊ ကုန်သော။ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ ဝေဒိယေထ၊ ခံစားကုန်ရာ၏လော။ ယသ္မိံပနသမယေ၊ ၌ကား။ ဝေါ၊ တို့၏။ တိဗ္ဗော၊ သော။ ဥပက္ကမော၊ သည်။နဟောတိ၊ မဖြစ်။တိဗ္ဗံ၊သော၊ပဓာနံ၊သည်။နဟောတိ၊ မဖြစ်။ တသ္မိံသမယေ၊၌။ ဝေါ၊တို့သည်။ (လိုက်စပ်။) တိဗ္ဗာ၊ ကုန်သော။ ဩပက္ကမိကာ၊ ကုန်သော။ ဒုက္ခာ၊ ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ တို့ကို။ နဝေဒိယေထာတိ၊ ကုန်၏လော”ဟူ၍။ဧဝံ၊ သို့။ ဝဒါမိ၊၏။

အာဝုသော ဂေါတမ၊ မ။ ယသ္မိံသမယေ၊ ၌။ နော၊ငါတို့၏။ပ။ဟောတိ၊ ၏။တသ္မိံသမယေ၊ ၌။ပ။ဝေဒိယာမ၊ ခံစားကုန်၏။ ယသ္မိံပနသမယေ၊ ၌ကား။ပ။န ဟောတိ၊ မဖြစ်။တသ္မိံသမယေ၊ ၌။ပ။နဝေဒိယာမ၊ မခံစားရကုန်။ ဣတိ၊ ဤသို့ ဖြေဆိုကုန်၏။

၁။ ပဋိဟရတိ ပဋိဝတ္တေတီတိ ပဋိဟာရော၊ဝါဒေါဧဝ ပဋိဟာရော ဝါဒပဋိဟာရော၊တံ၊ ဥတ္တရန္တိအတ္ထော။ဋီကာ။

၆။ ဣတိကိရ၊ ဤသို့ဖြစ်လျှင်။ အာဝုသောနိဂဏ္ဌာ၊ တို့။ ပ။ ကလ္လံ၊ သည်။ အဿ၊ ရာ၏။ (ဣတိကိရ-အစ, ဘဝိဿတိတိ-အထိ ပေယျာလထိုးသည်)။

အာဝုသော နိဂဏ္ဌာ၊ တို့။ ယသ္မာစ ခေါ၊ အကြင်ကြောင့်လျှင်။ ပ။ ဝေဒိယေထ၊ ခံစားကုန်ရာ၏။ ယသ္မာ စ ခေါ၊ အကြင်ကြောင့်လျှင်။ ပ။ န ဝေဒိယေထ၊ မခံစားကုန်ရာ။ (တသ္မာ၊ ကြောင့်။) တေ တုမှေ၊ ထိုသင်တို့သည်[1]။ သာမံယေဝ၊ ကိုယ်တိုင်သာလျှင်။ ဩပက္ကမိကာ၊ ကုန်သော။ ပ။ ဝေဒနာ၊ တို့ကို။ ဝေဒယမာနာ၊ ခံစားကုန်သော်။ အဝိဇ္ဇာ၊ အဝိဇ္ဇာကြောင့်။ အညာဏာ၊ မသိခြင်းကြောင့်။ (အဝိဇ္ဇာ၊ ဖြင့်။ အညာဏာ၊ ကြောင့်-ဟု ဋီကာနည်းသော်လည်းပေး)။ သမ္မောဟာ၊ လွန်စွာတွေဝေခြင်းကြောင့်။ "ယံကိဉ္စာယံ။ ပ။ နိဇ္ဇိဏ္ဏံ ဘဝိဿတိ၊ ဘဝိဿတိ" ဟူ၍။ ဝိပစ္စေထ၊ ဖောက်ပြန်သောအားဖြင့် ယုံကြည်ကုန်ရာ၏။ ဘိက္ခဝေ၊ တို့။ ပ။ န သမနုပဿာမိ၊ မြင်တော်မမူ။

၇။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ အဟံ၊ သည်။ တေ နိဂဏ္ဌေ၊ တို့ကို။ "အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ ယမိဒံ ကမ္မံ၊ အကြင်ကံသည်။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိ၏[2]။ တံ၊ ထိုကံသည်။ ဥပက္ကမေန ဝါ၊ လုံ့လကြောင့်ရင်း။ ပဓာနေန ဝါ၊ အားထုတ်ခြင်းကြောင့်ရင်း။ သမ္ပရာယဝေဒနီယံ၊ တမလွန်၌ (ဒုတိယ တတိယ အတ္တဘာဝကိုယူ။) ခံစားအပ်သော အကျိုးရှိသည်။ ဟောတူတိ၊ ဖြစ်စေသတည်းဟူသော။ ဧတံ၊ ဤတောင့်တမှုကို။ လဗ္ဘန္တိ၊ ရအပ်သလော" ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ပြောဆို၏။ အာဝုသော၊ မ။ ဣဒံ၊ ဤစကားသည်။ နောဟိ၊ မသင့်ပါ။ ယံ ပနိဒံ ကမ္မံ၊ သည်ကား။ သမ္ပရာယဝေဒနီယံ၊ ၏။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ သည်။ ဟောတူတိ၊ တည်းဟူသော။ ဧတံ၊ ကို။ လဗ္ဘာ၊ ရအပ်၏လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နောဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ သုခဝေဒနီယံ၊ သုခဝေဒနာ၏ အကျိုးစီးပွါးတည်း[3]။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ ဒုက္ခဝေဒနီယံ၊ ဒုက္ခဝေဒနာ၏ အကျိုးစီးပွါးသည်။ ဟောတူတိ၊ တည်း'ဟူသော။ ဧတံ၊ ကို။ လဗ္ဘာ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နောဟိ၊ ပါ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ ဒုက္ခဝေဒနီယံ၊ တည်း။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ သုခဝေဒနီယံ၊ သည်။ ဟောတူတိ၊ တည်း'ဟူသော။ ဧတံ၊ ကို။ လဗ္ဘာ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နောဟိ၊ ပါ။

၁။ တေ တုမှေ မရှိဘဲ တသ္မာတုမှေ ရှိက တသ္မာမထည့်ရသဖြင့် ကောင်းစွ။

၂။ ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခဘူတော၊ တတ္ထ ဝေဒိတဗ္ဗံ ဖလံ၊ တေနာဟ ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပါကဒါယကန္တိ-ဋီကာနှင့်အညီ ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ သမာသ်ပြု။

၃။ နိဗ္ဗတ္တကဘာဝတော သုခဝေဒနာယ ဟိတန္တိ သုခဝေဒနီယံ၊ သာ ပန ဝိပါကဝေဒနာဘာဝတော ဧကန္တတော ဣဋ္ဌာရမ္မဏာဧဝ ဟောတီတိ အာဟ ဣဋ္ဌာရမ္မဏဝိပါကဒါယကန္တိ၊ ဋီကာနှင့်အညီတည်း။ သုခ-ဟူသော ခံစားအပ်သောအကျိုးရှိ၏။ ဟူ၍သော်လည်း ဒိဋ္ဌဓမ္မဝေဒနီယပုဒ်အတိုင်းပေးလေ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ ပရိပက္က ဝေဒနီယံ၊ ရင့်ကျက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိ၏ [၁]။ တံ၊ သည်။ ဥပက္က မေနဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ အပရိပက္ကဝေဒနီယံ၊ မရင့်ကျက်သော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိသည်။ ဟောတူတိ၊ တည်း" ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံ နိဒံ ကမ္မံ၊ သည်ကား။ အပရိပက္ကဝေဒနီယံ၊ ၏။ တံ၊ သည်။ ပ။ ဟောတူတိ၊ တည် 'ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ ဗဟုဝေဒနီယံ၊ များသော ခန္ဓာရှိသော ဘဝတို့၌ ခံစားအပ်သော အကျိုးရှိ၏။ တံ၊ သည်။ ဥပက္ကမေန ဝါ၊ ကြောင့်ရင်း။ ပဓာနေန ဝါ၊ ကြောင့်ရင်း။ အပ္ပဝေဒနီယံ၊ နည်းသော ခန္ဓာရှိသော ဘဝ၌ ခံစား အပ်သော အကျိုးရှိသည် [၂]။ ဟောတူတိ၊ တည်း 'ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ အပ္ပဝေဒနီယံ၊ နည်းသော ခန္ဓာရှိသော ဘဝ၌ ခံစားအပ်သောအကျိုးရှိ၏။ တံ၊ သည်။ ပ။ ဟောတူတိ၊ တည်း 'ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။

အာဝုသော နိဂဏ္ဌာ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ 'ယမိဒံ ကမ္မံ၊ သည်။ သဝေဒနီယံ၊ ခံစားအပ်သော အကျိုးရှိ၏။ တံ၊ သည်။ ပ။ အဝေဒနီယံ၊ ခံစားအပ်သော အကျိုးမရှိသည်။ ဟောတူတိ၊ တည်း 'ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ အဝေဒနီယံ၊ ခံစားအပ်သောအကျိုးမရှိ။ တံ၊ သည်။ ပ။ သဝေဒနီယံ၊ သည်။ ဟောတူတိ၊ တည်း 'ဟူသော။ ဧတံ၊ ကို။ လဗ္ဘံ၊ လော။ ဣတိ၊ ၏။ အာဝုသော၊ မ။ ဣဒံ၊ သည်။ နော ဟိ၊ ပါ။ ဣတိ၊ ဤသို့ဖြေဆိုကုန်၏။

ဂ။ ဣတိကိရ၊ လျှင်။ အာဝုသော နိဂဏ္ဌာ၊ တို့။ 'ယမိဒံ ကမ္မံ၊ သည်။ ပ။ ဟောတူတိ၊ တည်း' ဟူသော။ ဧတံ၊ ကို။ အလဗ္ဘံ၊ မရအပ်။ ပ။ 'ယံ ပနိဒံ ကမ္မံ၊ သည်ကား။ ပ။ ဟောတူတိ၊ တည်း' ဟူသော။ ဧတံ၊ ကို။ အလဗ္ဘံ၊ မရအပ်။ ဧသန္တေ၊ ဤသို့မရသည်ရှိသော်။ အာယသ္မန္တာနံ နိဂဏ္ဌာနံ၊ တို့၏။ အဖလော၊ အကျိုးမရှိသော။ ဥပက္ကမော၊ လုံ့လသည်။ ဟောတိ၊ ၏။ အဖလံ၊ အကျိုးမရှိသော။ ပဓာနံ၊ အားထုတ်ခြင်းသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ ဧဝံဝါဒီ၊ ဤသို့ဆိုလေ့ရှိကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ကုန်သော။ နိဂဏ္ဌာနံ၊ တို့၏။ သဟဓမ္မိကာ၊ အကြောင်းနှင့်တကွ ဖြစ်ကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ ဝါဒါနုဝါဒါ၊ နိဂဏ္ဌတို့သည် ပြောဆိုအပ်သောဝါဒ (၎င်းတို့၏ တပည့်တို့သည်) အတုလိုက်၍ ပြောဆိုအပ်သော ဝါဒတို့သည်။ ဂါရယှံ၊ ကဲ့ရဲ့ထိုက်သော။ ဌာနံ၊ အကြောင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁။ ဤတဘဝအတွင်း အကျိုးပေးသော ကံဟူသမျှသည် ဒိဋ္ဌဓမ္မဝေဒနီယချည်းမည်၏။ သို့ရာတွင် (၇)ရက် အတွင်းအကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံကိုသာ ပရိပက္ကဝေဒနီယကံဟု ဆိုလို၏။ ဥပပဇ္ဇဝေဒနီယ အပရာ ပရိယဝေဒနီယ ဟူသောသမ္ပရာယဝေဒနီယကံကို အပရိပက္ကဝေဒနီယကံ ဟု ခေါ်၏။ အဋ္ဌကထာ။

၂။ စတုပဉ္စက္ခန္ဓဖလတာယ သညာဘဝူပဂံ ကမ္မံ ဗဟုဝေဒနီယန္တိ ဝုတ္တံ၊ ဧကက္ခန္ဓဖလတာယ အသညာဘဝူပဂံ ကမ္မံ အပ္ပဝေဒနီယံ၊ ဋီကာနှင့်အညီတည်း။

၉။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ သတ္တဝါတို့သည်။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝ၌ ပြုအပ်သော အကြောင်းကြောင့်။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ သစေ ပဋိသံဝေဒေန္တိ၊ အကယ်၍ခံစားကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပုဗ္ဗေ၊ ၌။ ဒုက္ကဋကမ္မကာရိနော၊ မကောင်းမှုကို ပြုကုန်၏။ ယံ၊ ယင်းသို့ရှေးဘဝ၌ မကောင်းမှုကို ပြုခြင်းကြောင့်။ ဧတရဟိ၊ ၌။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ ဒုက္ခာ၊ ကုန်သော။ တိဗ္ဗာ၊ ကုန်သော။ ကဋုကာ၊ ကုန်သော။ ဝေဒနာ၊ တို့ကို။ ဝေဒိယန္တိ၊ ခံစားကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ဣဿရနိမ္မာနဟေတု၊ အစိုးရသူ သည် ဖန်ဆင်းခြင်းဟူသောအကြောင်းကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့ကို။ အဒ္ဓါ၊ မချွတ်။ ပါပကေန၊ ယုတ်မာသော။ ဣဿရေန၊ အစိုးရ သူသည်။ နိမ္မိတာ၊ ဖန်ဆင်းအပ်ကုန်၏။ ယံ၊ ယင်းသို့ ယုတ်မာသော အစိုးရသူဖန်ဆင်းခြင်းကြောင့်။ ဧတရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ သင်္ဂတိဘာဝဟေတု၊ အမြဲ မပြတ်ပေါင်းဆုံသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပါပသင်္ဂတိကာ၊ ယုတ်မာသောသူတို့နှင့် ပေါင်းဆုံခြင်းရှိကုန်၏။ ယံ၊ ယင်းသို့ယုတ်မာသောသူတို့နှင့် ပေါင်းဆုံခြင်းကြောင့်။ ဧတရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ အဘိဇာတိဟေတု၊ ဇာတိ (၆-ပါး) ဟူသော အကြောင်းကြောင့်[၁]။ သုခဒုက္ခံ၊ ကို။ သစေပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ပါပါဘိဇာတိကာ၊ ယုတ်ညံ့သော ဇာတိရှိကုန်၏။ ယံ၊ ယင်းသို့ယုတ်ညံ့သော ဇာတိ ရှိခြင်းကြောင့်။ ဧတရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ဒိဋ္ဌဓမ္မူပက္ကမ ဟေတု၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ အားထုတ်ခြင်းဟူသော အကြောင်းကြောင့်။ သုခ ဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ နိဂဏ္ဌာ၊ တို့သည်။ အဒ္ဓါ၊ စင်စစ်။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ ဒိဋ္ဌဓမ္မူပက္ကမာ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ အားထုတ်ခြင်းရှိ ကုန်၏။ ယံ၊ ယင်းသို့ မျက်မှောက်သောကိုယ်၏ အဖြစ်၌ အားထုတ်မှုရှိခြင်းကြောင့်။ ဧတရဟိ၊ ၌။ပ။ ဝေဒိယန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ပုဗ္ဗေ ကတဟေတု၊ ကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ နိဂဏ္ဌာ၊ တို့သည်။ ဂါရယှာ၊ ကဲ့ရဲ့ထိုက်ကုန်၏။ သတ္တာ၊ တို့သည်။ ပုဗ္ဗေကတ ဟေတု၊ ကြောင့်။ သုခဒုက္ခံ၊ ကို။ နော စေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ နိဂဏ္ဌာ၊ တို့သည်။ ဂါရယှာ၊ ကုန်၏။ပ။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ အဖလော၊ သော။ ဥပက္ကမော၊ သည်။ ဟောတိ၊ ၏။ အဖလံ၊ သော။ ပဓာနံ၊ သည်။ ဟောတိ၊ ၏။

၁၀။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ သဖလော၊ အကျိုးရှိသော။ ဥပက္ကမော၊ သည်။ ဟောတိ၊ ဖြစ်သနည်း။ အဖလံ၊ သော။ ပဓာနံ၊ အားထုတ်ခြင်းသည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အနဒ္ဓဘူတံ၊ မလွှမ်းမိုးအပ်သော[၂]။

၁။ အဘိဇာတိခြောက်ပါးကား-ကဏှာဘိဇာတိ, နီလာဘိဇာတိ, လောဟိတာဘိဇာတိ, ဟလိဒ္ဒါဘိဇာတိ သုက္ကာဘိဇာတိ, ပရမသုက္ကာဘိဇာတိ။ ဋီ။ ဆ ဋ္ဌာဘိဇာတိ ယောတိ ဆ ဇာတိယော။ အံ-၄-၃-၁၂၆။ အဘိ ဇာတိယောတိ ဧတ္ထ အဘိသဒ္ဒေါ ဥပသဂ္ဂမတ္တံ၊ န အတ္ထဝိသေသဇောတကောတိ အာဟ ဆဇာတိယောတိ။အံ-ဋီ၊၂။
၂။ အနဒ္ဓဘူတံ-၌ အဒ္ဓပုဗ္ဗ ဘူဓာတု တပစ္စယ အဘာဘဝနတ္ထ၊ အဒ္ဓသဒ္ဒါသည် အဓိသဒ္ဒါနှင့် တူသောအနက် ရှိ၏၊ အနဒ္ဓဘူတန္တိဧတ္ထ အဓိသဒ္ဒေန သမာနတ္ထော အဒ္ဓသဒ္ဒေါတိ အာဟ အနဒ္ဓဘူတန္တိ အနဓိဘူတန္တိ၊ ဋီကာ။

အတ္တာနံ၊ မိမိကိုယ်ကို။ ဒုက္ခေန၊ ဆင်းရဲဖြင့်။ န ဟောဝ အဒ္ဓဘာဝေတိ၊ မလွှမ်းမိုးစေသည်သာ။ ဓမ္မိကံ၊ အသင့်အားဖြင့် ဖြစ်ပေါ်လာသော။ (ဓမ္မေန ဉာယေန အာဂတသုခံ ဓမ္မိကသုခန္တိ အာဟ သံဃတော ဝါ၊ပ၊ ပစ္စယသုခန္တိ ဋီကာ။) သုခံ စ၊ ချမ်းသာကိုလည်း။ န ပရိစ္စဇတိ၊ မစွန့်။ တသ္မိံ စ သုခေ၊ ထိုချမ်းသာ၌လည်း။ အနဓိမုစ္ဆိတော၊ (တဏှာဖြင့်) မမိန်းမော မတွေဝေသည်။ ဟောတိ၊ ၏။ သော၊ ထိုရဟန်းသည်။ သင်္ခါရံ၊ တဏှာကို လွန်စွာဖျက်ဆီးတတ်သော လုံ့လကို[၁]။ "ပဒဟတော၊ အားထုတ်သော။ မေ၊ ငါ၏။ သင်္ခါရပ္ပဓာနာ၊ တဏှာကို လွန်စွာဖျက်ဆီးတတ်သောလုံ့လကို အားထုတ်ခြင်းကြောင့်။ ဣမဿ ခေါ ဒုက္ခနိဒါနဿ၊ ဤဆင်းရဲ၏ အကြောင်းတဏှာ၏။ ဝိရာဂေါ၊ တပ်ခြင်းကင်းသည်။ ဟောတိ၊ ၏။ အဇ္ဈုပေက္ခတော၊ လျစ်လျူရှုသော။ ဥပေက္ခံ၊ ဥပေက္ခာဘာဝနာကို။ ဘာဝယတော၊ ပွါးများသော။ မေ၊ ၏။ ဣမဿ ပန ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတီတိ၊ ၏"ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ သိ၏။ သော၊ သည်။ (ပဒဟတိ ဘာဝေတိ-တို့၌စပ်။) သင်္ခါရံ၊ ကို။ ပဒဟတော၊ သော။ သင်္ခါရပ္ပဓာနာ၊ ကြောင့်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ အဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုအရိယာမဂ်၌။ သင်္ခါရံ၊ ကို။ ပဒဟတိ၊ အားထုတ်၏။ အဇ္ဈုပေက္ခတော၊ သော။ ဥပေက္ခံ၊ ကို။ ဘာဝယတော၊ သော။ ယဿ ပန၊ ၏ကား။ အဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ၌။ ဥပေက္ခံ၊ ကို။ ဘာဝေတိ၊ ပွါးများ၏။ သင်္ခါရံ၊ ကို။ ပဒဟတော၊ သော။ တဿ၊ ထိုရဟန်း၏။ သင်္ခါရပ္ပဓာနာ၊ ကြောင့်။ တဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ ဧဝမ္ပိ၊ ဤသို့လည်း။ အဿ၊ ထိုရဟန်း၏။ တံဒုက္ခံ၊ ထိုဆင်းရဲသည်။ နိဇ္ဇိဏ္ဏံ၊ ဆွေးမြေ့သည်။ ဟောတိ၊ ၏။ အဇ္ဈုပေက္ခတော၊ သော။ ဥပေက္ခံ၊ ကို။ ဘာဝယတော၊ သော။ တဿ၊ ထိုရဟန်း၏။ တဿ ဒုက္ခနိဒါနဿ၊ ၏။ ဝိရာဂေါ၊ သည်။ ဟောတိ၊ ၏။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ တံ ဒုက္ခံ၊ သည်။ နိဇ္ဇိဏ္ဏံ၊ သည်။ ဟောတိ၊ ၏။

၁၁။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ပုရိသော၊ ယောကျ်ားသည်။ ဣတ္ထိယာ၊ မိန်းမ၌။ သာရတ္တော ပြင်းစွာတပ်၏။ ပဋိဗဒ္ဓစိတ္တော၊ နှောင်ဖွဲ့အပ်သော စိတ်ရှိ၏။ တိဗ္ဗစ္ဆန္ဒော၊ အားကြီးသော အလိုရမ္မက်ရှိ၏။တိဗ္ဗာပေက္ခော၊အားကြီးသော ငဲ့ကွက်မှုရှိ၏။ သော ထိုယောကျ်ားသည်။ တံဣတ္ထိံ၊ ထိုမိန်းမကို။ အညေန၊ တပါးသော။ပုရိသေန၊ယောကျ်ားနှင့်။ သဒ္ဓိံ၊တကွ။သန္တိဋ္ဌန္တိံ၊ တပေါင်းတည်း ရပ်နေသည်ကို။သလ္လပန္တိံ၊ တပေါင်းတည်း ပြောဆိုနေသည်ကို။ သဉ္ဇဂ္ဃန္တိံ၊ ရယ်မောနေသည်ကို။ သံဟသန္တိံ၊ ပြုံးရယ်နေသည်ကို။ ပဿေယျ၊မြင်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံ မညထ၊နည်း။ တဿ ပုရိသဿ၊ ထိုယောကျ်ား၏ (သန္တာနိ၌)။ (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ-၌စပ်)အမုံ ဣတ္ထိံ၊ထိုမိန်းမကို။အညေန၊ တပါးသော။ပုရိသေန၊ ယောကျ်ားနှင့်။ သဒ္ဓိံ၊တကွ။ သန္တိဋ္ဌန္တိံ၊ ကို။ပ။သံဟသန္တိံ၊ ကို။ ဒိသွာ၊ မြင်၍ (မြင်သောကြောင့်သော်လည်းပေး) ။သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်းတို့သည်။ ဥပ္ပဇ္ဇေယျုံအပိနု၊ ဖြစ်ကုန်ရာ၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ မှန်ပါ၏ဘုရား။ တံ၊ ထို(သောကစသည်တို့၏)

၁။ သင်္ခါရံ-၌ သံပုဗ္ဗ ကရဓာတ် အဘိသင်္ခရဏတ္ထမဟုတ်၊ သံပုဗ္ဗ ခရဓာတ် နာသနတ္ထတည်း၊ ထိုကြောင့် ဋီကာ၌ သာတိသယံ ကရဏတောဟု မဖွင့်မူ၍ သင်္ခါရန္တိ ယထာရဒ္ဓါယ သာတိသယံ ခရဏတော သင်္ခါရန္တိ လဒ္ဓနာမံ ဗလဝ ဝီရိယံ ဥဿောဠှိံ-ဟု ဖွင့်၏။

ဖြစ်ခြင်းသည်။ ကိဿဟေတု၊ ဘယ်အကြောင်းကြောင့်နည်း။ ဘန္တေ၊ ရား။ ဟိယာသ္မာ၊ အကြင် ကြောင့်။အမှုပုရိသော၊ ထိုယောကျ်ားသည်။ အမုဿာ ဠတ္ထိယာ၊ ထိုမိန်းမ၌။ သာရတ္တော၊ ၏။ပ။ တိဗ္ဗာပေက္ခော၊ ၏။ တသ္မာ၊ ကြောင့်။ တံဠတ္ထိံ၊ ကို။အညေန၊ တပါးသော။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ တက္ခ။ သန္တိဋ္ဌန္တိံ၊ ကို။ပ။သံဟသန္တိံ၊ ကို။ ဒိသွာ၊ ၍။ သောကပရိဒေဝဒုက္ခဒေါမနဿူ-ပါယာသာ၊ တို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ကုန်ရာ၏။ ဠတိ၊ ဤသို့မိန့်တော်မူ၏။ ဘိက္ခဝေ၊ တို့။ အထခေါ၊ ၌။ တဿ ပုရိသဿ၊ ၏။ "အဟံခေါ၊ ငါသည်။ အမုဿာ ဠတ္ထိယာ၊ ၌။ သာရတ္တော၊ ၏။ပ။တိဗ္ဗာပေက္ခော၊ ၏။ တဿ မေ၊ ထိုငါ၏သန္တာန်၌။ အမုံ ဠတ္ထိံ၊ ကို။ အညေန၊ သော။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ တက္ခ။ သန္တိဋ္ဌန္တိံ၊ ကို။ပ။သံဟသန္တိံ၊ ကို။ ဒိသွာ၊ ၍။ သောက ပရိဒေဝဒုက္ခဒေါမနဿူပါယာသာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ အဟံ၊သည်။ (ပဇဟေယျံ-၌စပ်) မေ၊ ငါ၏။ အမုဿာ ဠတ္ထိယာ၊ ၌။ ယော ဆန္ဒရာဂေါ၊ အကြင် ပြင်းစွာတပ်ခြင်းသည်။ (အတ္ထိ၊ ၏။) တံ၊ ထို(မိန်းမ၌)ပြင်းစွာတပ်ခြင်းကို။ ယံနူန ပဇဟေယျန္တိ၊ ပယ်ရမူကား ကောင်းစွ"ဟူ သော။ ဝေံ၊ ဤအကြံသည်။ အဿ၊ ရာ၏။ သော၊ ထိုယောကျ်ားသည်။ (ပဇဟေယျ-၌စပ်) အမုဿာ ဠတ္ထိယာ၊ ၌။ ယော ဆန္ဒရာဂေါ၊ သည်။ (အတ္ထိ၊ ၏။) တံ၊ ကို။ ဇဟေယျ၊ ရာ၏။ သော၊ သည်။ အပရေန၊ သော။ သမယေန၊ ၌။ တံ ဠတ္ထိံ၊ ကို။ပ။ ပဿေယျ၊ မြင်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံမညထ၊ နည်း။ တဿ ပုရိသဿ၊ ၏(သန္တာန်၌)။ အမုံ ဠတ္ထိံ၊ကို။ပ။ ဥပ္ပဇ္ဇေယျုံအပိနု၊ ရာကုန်၏လော။ ဠတိ၊ ၏။ ဘန္တေ၊ ရား။ ဧတံ၊ ဤစကားသည်။ နောဟိ၊ မသင့်ပါ။ တံ၊ ထို(သောကစသည်တို့၏) မဖြစ်ခြင်းသည်။ ကိဿဟေတု၊ နည်း။ ဘန္တေ၊ ရား။ ဟိယသ္မာ၊ ကြောင့်။ အမုပုရိသော၊ သည်။ အမုဿာ ဠတ္ထိယာ၊ ၌။ ဝိရာဂေါ၊ တပ်ခြင်းကင်း၏။ တသ္မာ၊ ကြောင့်။ တံဠတ္ထိံ၊ ကို။ပ။နဥပ္ပဇ္ဇေယျုံ၊ မဖြစ်ကုန်ရာ။ ဠတိ၊ ဤသို့မိန့်တော်မူ၏။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ၊ သာသျှင်။ပ။ဟောတိ၊ ၏။ (ဥပမေယျဝါကျ တဝါကျလုံး ပေယျာလ ထိုးသည်၊ နိဂုံးဝါကျလည်း တူပြီ။)

၁၂။ ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ လည်း။ ဘိက္ခု၊ သည်။ "ယထာသုခံ၊ အကြင်အကြင် ချမ်းသာသောအကျင့်ဖြင့်။ (ယံယံ သုခံ ယထာသုခံ၊ တေန-ဟု တတိယာအဗျယီဘောပုဒ်)ဝိဟရတော၊ နေသော။မေ၊ ငါ၏(သန္တာန်၌)။အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊တိုးပွါး ကုန်၏။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။ ဒုက္ခာယ ပန၊ ဆင်းရဲသောအကျင့်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ပဒဟတော၊ အားထုတ်သော။ မေ၊ ၏(သန္တာန်၌)။ အကုသလာ ဓမ္မာ၊ တို့သည်။ ပရိဟာယန္တိ၊ ကုန်၏။ ကုသလာ ဓမ္မာ၊ တို့သည်။အဘိဝဍ္ဎန္တိ၊ ကုန်၏။ အဟံ၊ သည်။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ ကို။ ယံနူန ပဒဟေယျန္တိ၊ အားထုတ်ရမူကား ကောင်းစွ"ဟူ၍။ ဠတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုရဟန်းသည်။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟတိ၊ ၏။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟတော၊ သော။ တဿ၊ ထိုရဟန်း၏(သန္တာန်၌)။ အကုသလာ ဓမ္မာ၊ တို့သည်။ ပရိဟာယန္တိ၊ ကုန်၏။ ကုသလာ ဓမ္မာ၊ တို့သည်။ အဘိဝဍ္ဎန္တိ၊ ကုန်၏။ သော၊ ထိုရဟန်းသည်။ အပရေန၊ သော။သမယေန၊၌။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ န ပဒဟတိ၊ အားမထုတ်။ တံ၊ ထိုအားမထုတ်ခြင်းသည်။ ကိဿဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ ဟိ ယသ္မာ၊ ကြောင့်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ယဿ အတ္ထာယ၊ (အကုသိုလ်ဆုတ်ယုတ်၍ ကုသိုလ်တိုးပွါးခြင်းဟူသော) အကြင်အကျိုးငှါ။ ဒုက္ခာယ၊ ဖြင့်။ အတ္တာနံ၊ ကို။ ပဒဟေယျ၊ ရာ၏။ အဿ၊ ထိုရဟန်း၏။ သော အတ္ထော၊

ထိုအကျိုးသည်။ အဘိနိပ္ဖန္နော၊ ပြီးသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ပ။ န ပဒဟတိ၊ အားမထုတ်။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဥသုကာရော၊ မြားသမားသည်။ တေဇနံ၊ မြားကောက်ကို။ ဒွီသု၊ နှစ်ဘက်ကုန်သော။ အလာတေသု၊ မီးစတို့၌။ အာတာပေတိ၊ ရှေရှုပူစေ၏။ (မြိုက်၏။)ပရိတာပေတိ၊ ထက်ဝန်းကျင်ပူစေ၏။ (တမြားလုံးမြိုက်၏။) ဥဇုံ၊ ဖြောင့်အောင်။ကမ္မနိယံ၊ အမှု၌ခံ့အောင်။ (ပစ်ကောင်းအောင်)။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ တို့။ ယတော ခေါ၊အကြင်ကြောင့်လျှင်။ ဥသုကာရဿ၊ မြားသမားသည်။ (အာတာပိတံ-စသည်၌စပ်)တေဇနံ၊မြားကောက်ကို။ (အာတာပိတံ-စသည်၌ပင်စပ်)ဒွီသု၊ ကုန်သော။ အလာတေသု၊ တို့၌။ အာတာပိတံ၊ရှေးရှုပူစေအပ်ပြီးသည်။ ပရိတာပိတံ၊ ထက်ဝန်းကျင်ပူစေအပ်ပြီးသည်။ ဥဇုံ၊ ဖြောင့်အောင်။ ကမ္မနိယံ၊ အမှု၌ခံ့အောင်။ ကတံ၊ ပြုအပ်ပြီးသည်။ ဟောတိ၊၏။(တတော၊ထိုကြောင့်။)သော ဥသုကာရော၊ သည်။ အပရေန သမယေန၊ ၌။ တံ တေဇနံ၊ ကို။ ဒွီသု၊ ကုန်သော။ အလာတေသု တို့၌။ န အာတာပေတိ၊ မပူစေ။ န ပရိတာပေတိ၊ ထက်ဝန်းကျင်မပူစေ။ ဥဇုံ၊ အောင်။ ကမ္မနိယံ၊ အောင်။ န ကရောတိ၊ မပြု။ တံ၊ ထိုမပူစေခြင်းစသည်သည်။ ကိဿဟေတု၊ နည်း။ ဘိက္ခဝေ၊ တို့။ သော ဥသုကာရော၊ သည်။ ယဿ အတ္ထာယ၊ အကြင် (ဖြောင့်ခြင်းစသော) အကျိုးငှါ။ တေဇနံ၊ ကို။ပ။ကရေယျ၊ ရာ၏။ အဿ၊ ထိုမြားသမား၏။ သော အတ္ထော၊ ထိုအကျိုးသည်။ အဘိနိပ္ဖန္နော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ပ။ န ကရောတိ၊ မပြု။ ဘိက္ခဝေ၊ တို့။ ဧဝမေဝခေါ၊ သာလျှင်။ပ။ပဒဟတိ၊၏(ဥပမေယျဝါကျအားလုံး ပေယျာလမြှုပ်သည်၊ နိဂုံးဝါကျလည်းတူ၏။)

၁၃။ ဘိက္ခဝေ၊ တို့။ ပုနစပရံ၊ လည်း။ ဣဓလောကေ၊ ဤလောက၌။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။သမ္မာသမ္ဗုဒ္ဓေါ၊မဖောက်မပြန် ကိုယ်တိုင်သိတော်မူသော။ဝိဇ္ဇာစရဏသမ္ပန္နော၊ အသိဉာဏ် အကျင့်တို့နှင့်ပြည့်စုံတော်မူသော။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူသော။ လောကဝိဒူ၊လောကကို သိတော်မူသော။အနုတ္တရော၊ မိမိထက်မြတ်သူမရှိသည်ဖြစ်၍။ပုရိသဒမ္မသာရထိ၊ဆုံးမထိုက်သောပုဂ္ဂိုလ်တို့ကို ဆုံးမတော်မူသော။ဒေဝမနုဿာနံ၊နတ်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူသော။ ဘဂဝါ၊ ဘုန်းရှိတော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။ သော၊ ထိုဘုရားသည်။ သဒေဝကံ၊ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကံ၊ ဝသဝတ္တီမာရ်မင်းပြည်နှင့်တကွသော။ သဗြဟ္မကံ၊ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော။ ဣမံလောကံ၊ ဤဩကာသလောကကို။ သဿမဏဗြာဟ္မဏိံ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿံ၊ သမ္မုတိနတ်မင်း ကြွင်းသောလူနှင့်တကွသော။ ဣမံပဇံ၊ ဤသတ္တလောကကို။ သယံ၊ ကိုယ်တော်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ (ယကြေသည်)။သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒေတိ၊ သိစေတော်မူ၏။ သော၊ ထိုဘုရားသည်။ အာဒိကလျာဏံ၊ အစ၌ကောင်းခြင်းရှိသော။ မဇ္ဈေကလျာဏံ၊အလယ်၌ကောင်းခြင်းရှိသော။ ပရိယောသာနကလျာနံ၊ အဆုံး၌ကောင်းခြင်းရှိသော။ သာတ္ထံ၊အနက်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်ပြည့်စုံသော။ ကေဝလပရိပုဏ္ဏံ၊ အလုံးစုံပြည့်စုံသော။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။ တံဓမ္မံ၊ ထိုတရားကို။ ဂဟပတိဝါ၊ သူကြွယ်သည်ရင်း။ ဂဟပတိပုတ္တောဝါ၊ သူကြွယ့်သားသည်ရင်း။ အညတရသ္မိံ၊ တမျိုးမျိုးသော။ကုလေ၊ အမျိုး၌။

ပစ္စာဇာတော ဝါ၊ ဖြစ်သောသူသည်ရင်း။ သုဏာတိ၊ ကြားနာ၏။သော၊ ထိုအမျိုးကောင်းသားသည်။ တံ ဓမ္မံ၊ ထိုတရားကို။ သုတွာ၊ ကြားနာရ၍။ တထာဂတေ၊ ငါဘုရား၌။ သဒ္ဓံ၊ ယုံကြည်ခြင်းကို။ ပဋိလဘတိ၊ ရ၏။ သော၊ ထိုအမျိုးကောင်းသားသည်။ တေန သဒ္ဓါပဋိလာဘေန၊ ထိုယုံကြည်မှုကို ရခြင်းနှင့်။ ဝါ၊ ထိုရအပ်သော ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ "ဃရာဝါသော၊ အိမ်၌နေခြင်းသည်။ သမ္ဗာဓော၊ ကျဉ်းမြောင်း၏။ ရဇောပထော၊ ကိလေသာမြူလမ်းတည်း။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ အဗ္ဘောကာသော၊ လွင်တီးခေါင်နှင့်တူ၏။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသတာ၊ နေသူသည်။ ဧကန္တပရိပုဏ္ဏံ၊ စင်စစ်ပြည့်စုံသော။ ဧကန္တပရိသုဒ္ဓံ၊ စင်စစ် စင်ကြယ်သော။ သင်္ခလိခိတံ၊ ခရုသင်းပွတ်သစ်နှင့်တူသော[၁]။ ဣဒံ ဗြဟ္မစရိယံ၊ ဤမြတ်သောအကျင့်ကို။ စရိတုံ၊ ကျင့်ခြင်းငှါ။ န သုကရံ၊ မလွယ်ကူ။ အဟံ၊ သည်။ ကေသမဿုံ၊ ဆံမုတ်ဆိတ်ကို[၂]။ ဩဟာရေတွာ၊ ပယ်၍။ ကာသာယာနိ၊ ဖန်ရည်ဆိုးအပ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်(သင်္ကန်း)တို့ကို၊ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း(ဝတ်ရုံ)၍။ အဂါရသ္မာ၊ မှ။ အနာဂါရိယံ သို့။ ယံ နူန ပဗ္ဗဇေယျန္တိ၊ ဝင်ရောက်ရမူကား ကောင်းစွ"ဟူ၍။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ သော၊ ထိုအမျိုးကောင်းသားသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ အပ္ပံ ဝါ၊ အနည်းငယ်လည်းဖြစ်သော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်စုကို။ ပဟာယ၊ ပယ်၍။ မဟန္တံ ဝါ၊ များသည်လည်းဖြစ်သော။ ဘောဂက္ခန္ဓံ ကို။ ပဟာယ၊ ၍။ အပ္ပံ ဝါ၊ သော။ ဉာတိပရိဝဋ္ဋံ၊ ဆွေမျိုးအဖွဲ့အစည်းကို။ ပဟာယ၊ ၍။ မဟန္တံ ဝါ၊ သော။ ဉာတိပရိဝဋ္ဋံ၊ ကို။ ပဟာယ၊ ၍။ ကေသမဿုံ၊ ကို။ ဩဟာရေတွာ၊ ၍။ ကာသာယာနိ၊ ကုန်သော။ ဝတ္ထာနိ၊ တို့ကို၊ အစ္ဆာဒေတွာ၊ ၍။ အဂါရသ္မာ၊ မှ။ အနာဂါရိယံ၊ သို့။ ပဗ္ဗဇတိ၊ ၏။

၁၄။ သော၊ ထိုရဟန်းသည်။ ဧဝံ၊ သို့။ ပဗ္ဗဇိတော၊ သည်။ သမာနော၊ ဖြစ်လတ်သော်။ ဘိက္ခူနံ၊ တို့၏။ သိက္ခာသာဇီဝသမာပန္နော၊ အဓိသီလသိက္ခာ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟူသော သာဇီဝသို့ ရောက်သည်ဖြစ်၍။ ပါဏာတိပါတံ၊ သူ့အသက်ကို လျှင်စွာချခြင်းကို။ ပဟာယ၊ ၍။ ပါဏာတိပါတာ၊မှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ နိဟိတဒဏ္ဍော၊ ချအပ်ပြီးသော တုတ်ရှိသည်ဖြစ်၍။ နိဟိတသတ္ထော၊ ချအပ်ပြီးသော ဓားလက်နက်ရှိသည်ဖြစ်၍။ လဇ္ဇီ၊ ရှက်ခြင်းရှိသည်ဖြစ်၍။ ဒယာပန္နော၊ ချစ်ခြင်းသို့ ရောက်သည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသော သတ္တဝါတို့ကို အစီးအပွါးဖြင့် စောင့်ရှောက်ခြင်းရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

အဒိန္နာဒါနံ၊ မပေးအပ်သော ဥစ္စာကို ယူခြင်းကို။ ပဟာယ၊ ၍။ အဒိန္နာဒါနာ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဒိန္နာဒါယီ၊ ပေးအပ်သော ဥစ္စာကိုသာ ယူလေ့ရှိသည်။ ဒိန္နပါဋိကင်္ခီ၊ ပေးအပ်သော ဥစ္စာကိုသာ လိုလားသည်၊ ဟောတိ၊ ၏။ အထေနေန၊ မခိုးဝှက်သော။ သုစိဘူတေန၊ စင်ကြယ်သည်ဖြစ်၍ဖြစ်သော၊ အတ္တနာ၊ ကိုယ်၏အဖြစ်ဖြင့်။ ဝိဟရတိ၊ ၏။

အဗြဟ္မစရိယံ၊ မမြတ်သောအကျင့်(မေထုန်)ကို။ ပဟာယ၊ ၍။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်။ အာရာစာရီ၊ မေထုန်မှ ဝေးစွာကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။ ဂါမဓမ္မာ၊ ရွာသူတို့၏ အကျင့်ဖြစ်သော။ မေထုနာ၊ မေထုန်မှ။ ဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။

၁။ သင်္ခလိခိတံ-ပုဒ်၏အမှာကို မ-၁၊ စူဠဟတ္ထိပဒေါပမသုတ် (၂၉၁)ပိုဒ်၌ရှု။
၂။ ကေသမဿုံ-အမှာကိုလည်း-မ-၁၊ ၎င်းပိုဒ်၌ပင်ရှု။

မုသာဝါဒံ၊ မဟုတ်မမှန်ပြောဆိုခြင်းကို။ ပဟာယ၊ ၍။ မုသာဝါဒါ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ သစ္စဝါဒီ၊ အမှန်ကိုသာ ဆိုလေ့ရှိသည်။ သစ္စသန္ဓော၊ အမှန်ချည်းဖြစ်အောင် စပ်တတ်သည်။ ထေတော၊ တည်တံ့သော စကားရှိသည်။ ပစ္စယိကော၊ ယုံကြည်ခြင်းငှါ ထိုက်သူသည်။ လောကဿ၊ လူအပေါင်းကို။ အဝိသံဝါဒကော၊မချွတ်ယွင်းစေတတ်သူသည်။ဟောတိ၊၏။

ပိသုဏံ၊ ချောပစ်ကုန်းတိုက်သော။ ဝါစံ၊စကားကို။ပဟာယ၍။ ပိသုဏာယ၊ သော။ ဝါစာယ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဣတော၊ ဤသူတို့ထံမှ။ သုတ္ဝာ ကြားရ၍။ ဣမေသံ၊ ဤသူတို့၏။ ဘေဒါယ၊ ကွဲပြားခြင်းငှါ။ အမုတြ၊ ထိုသူတို့ထံ၌။ နအက္ခာတာ၊မပြောကြားတတ်။ အမုတြ ဝါ၊ ထိုသူတို့အထံ၌လည်း။ သုတ္ဝာ၊ ၍။ အမူသံ၊ ထိုသူတို့၏။ ဘေဒါယ၊ ငှါ။ ဣမေသံ၊ ဤသူတို့၏ (အထံ)၌။ နအက္ခာတာ၊ တတ်။ ဣတိ၊ သို့။ ဘိန္နာနံ ဝါ၊ ကွဲပြားသောသူတို့ကိုလည်း။ သန္ဓာတာ၊ စေ့စပ်တတ်၏။ သဟိတာနံ ဝါ၊ ညီညွတ်သူတို့ကိုလည်း။ ဝါ၊ တို့အား။ အနုပ္ပဒါတာ၊ ထပ်ဆင့်အားပေးတတ်၏။ သမဂ္ဂါရာမော၊ ညီညွတ်ခြင်းလျှင် မွေ့လျော်ရာရှိသည်။ သမဂ္ဂရတော၊ ညီညွတ်သူတို့၌ မွေ့လျော်သည်။ သမဂ္ဂနန္ဒီ၊ ညီညွတ်မှုကို နှစ်သက်တတ်သည်။ သမဂ္ဂကရဏိံ၊ ညီညွတ်ခြင်းကို ပြုတတ်သော။ ဝါစံ၊ ကို။ ဘာသိတာ၊ ပြောဆိုတတ်သည်။ ဟောတိ၊၏။

ဖရုသံ၊ ကြမ်းထမ်းသော။ ဝါစံ၊ ကို။ ပဟာယ၊ ၍။ ဖရုသာယ၊ သော။ ဝါစာယ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ယာ သာ ဝါစာ၊ အကြင်စကားသည်။ နေလာ၊ အပြစ်မရှိ။ ကဏ္ဏသုခါ၊ နားချမ်းသာ၏။ ပေမနိယာ၊ ချစ်မြတ်နိုးခြင်းကို ဖြစ်စေတတ်၏။ ဟဒယင်္ဂမာ၊ စိတ်နှလုံးသို့ သက်ဝင်၏။ ပေါရီ၊ ပြည်ကြီးသူတို့၏ အသုံးအနှုန်းသည်။ ဗဟုဇနကန္တာ၊ များစွာသော လူတို့သည် နှစ်သက်အပ်သည်။ ဗဟုဇနမနာပါ၊ များစွာသော လူတို့၏ စိတ်ကို ပွါးတိုးစေတတ်သည်။ ဟောတိ၊ ၏။ တထာရူပိံ၊ ထိုသို့သဘောရှိသော။ ဝါစံ၊ ကို။ ဘာသိတာ၊ သည်။ ဟောတိ၊ ၏။

သမ္ဖပ္ပလာပံ၊ ပြိန်ဖျင်းသော စကားကို။ ပဟာယ၊ ၍။ သမ္ဖပ္ပလာပါ၊ မှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ကာလဝါဒီ၊ သင့်သောအခါ၌ ဆိုလေ့ရှိသည်။ ဘူတဝါဒီ၊ သဘာဝအမှန်ကိုသာ ပြောဆိုလေ့ရှိသည်။ အတ္ထဝါဒီ၊ အကျိုးရှိကိုသာ ဆိုလေ့ရှိသည်။ ဓမ္မဝါဒီ၊ တရားသဘောကိုသာ ဆိုလေ့ရှိသည်။ ဝိနယဝါဒီ၊ အဆုံးအမကိုသာ ဆိုလေ့ရှိသည်။ နိဓာနဝတိံ၊ နှလုံးသွင်းထားရာ အရပ်ရှိသော။ သာပဒေသံ၊ အကြောင်းနှင့်တကွသော။ ပရိယန္တဝတိံ၊ အပိုင်းအခြားရှိသော။ အတ္ထသံဟိတံ၊ အကျိုးနှင့် ပြည့်စုံသော။ ဝါစံ၊ကို။ ကာလေန၊ လျောက်ပတ်သောအခါ၌။ ဘာသိတာ၊ သည်။ ဟောတိ၊ ၏။

သော၊ ထိုရဟန်းသည်။ ဗီဇဂါမဘူတဂါမသမာရမ္ဘာ၊ မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။ ဧကဘတ္တိကော၊တထပ်သာစားလေ့ရှိသည်။ ရတ္တူပရတော၊ ညစာစားခြင်းမှ ရှောင်ကြဉ်သည်။ ဝိကာလဘောဇနာ၊ နေလွဲအခါစားခြင်းမှ။ ဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ၏။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ၊ ကခြင်း ကစေခြင်း သီဆိုခြင်း သီဆိုစေခြင်း တီးမှုတ်ခြင်း တီးမှုတ်စေခြင်း ထိုကခြင်းစသည်တို့ကို ပြောင့်တံကျင် သဖွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏[၁]။ မာလာဂန္ဓ

၁။ ရင်းပုဒ်၏အမှာကိုလည်း၊ မ-၁၊၂၉၃ ပိုဒ်၌ရှု။

ဝိလေပနံ မာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပျောင်းတို့ဖြင့် အပြေ အပြစ်ပြုခြင်း (တို့၏အကြောင်း စေတနာ)မှ။ပ။ဥစ္စာသယနမဟာသယနာ၊ မြင့်သောနေရာ မြတ်သောနေရာမှ[1]။ (မြင့်သောနေရာ၌အိပ်ခြင်း မြတ်သောနေရာ၌ အိပ်ခြင်းမှသော်လည်းပေး) ။ပ။ဇာတရူပရဇတပဋိဂ္ဂဟဏာ၊ ရွှေငွေကိုခံယူခြင်းမှ။ပ။ အာမကဓညပဋိဂ္ဂဟဏာ၊ စပါးစိမ်းကို ခံယူခြင်းမှ။ပ အာမကမံသ ပဋိဂ္ဂဟဏာ၊အသားစိမ်းကိုခံယူခြင်းမှ။ပ။ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ၊ အိမ်ထောင်ကျပြီးမိန်းမ မကျသေးသောမိန်းမပျိုတို့ကို ခံယူခြင်းမှ။ပ။ ဒါသိဒါသပဋိဂ္ဂဟဏာ၊ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ။ပ။အဇေဠကပဋိဂ္ဂဟဏာ၊ဆိတ်နှင့်သိုးတို့ကို ခံယူခြင်း မှ။ပ။ကုက္ကုဋသူကရ ပဋိဂ္ဂဟဏာ၊ ကြက်ဝက်တို့ကို ခံယူခြင်းမှ။ပ။ဟတ္ထိဂဝဿဝဠဝပဋိဂ္ဂဟဏာ၊ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ။ပ။ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၊ လယ်ယာတို့ကို ခံယူခြင်းမှ။ပ။ ဒူတေယျပဟိဏဂမနာနုယောဂါ၊ တမန်အမှု အစေခံသွားလာမှုတို့ကို အားထုတ်ခြင်းမှ။ပ။ကယ ဝိက္ကယာ၊ ဝယ်မှု ရောင်းမှုမှ။ပ။တုလာကူဋ ကံသကူဋ မာနကူဋာ၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ချင့်စဉ်းလဲမှ။ပ။ဥက္ကောဋန ဝဉ္စန နိကတိသာဝိယောဂါ၊ တံစိုးယူခြင်း လှည့်ပတ်လိမ်လည်ခြင်း တည်းဟူသော ကောက်ကျစ်(ညစ်ပတ်)ခြင်းမှ။ပ။ဆေဒန ဝဓ ဗန္ဓန ဝိပရာမောသ အာလောပ သဟသာကာရာ၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း လုယက်ခြင်း ဖျက်ဆီးခြင်း နိုင်ထက်စီးနင်း (ဓားပြတိုက်)ပြုခြင်းမှ။ ပဋိဝိရတော၊ သည်။ ဟောတိ၊ ၏။

သော၊ ထိုရဟန်းသည်။ကာယပရိဟာရိကေန၊ ကိုယ်ကိုဆောင်နိုင်ရုံ(ဝတ်လောက်ရုံ)မျှသော။ စီဝရေန၊ သင်္ကန်းဖြင့်ရင်း။ ကုစ္ဆိပရိဟာရိကေန၊ ဝမ်းကိုဆောင်နိုင်ရုံ(အဆာပြေရုံ)မျှသော။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်ရင်း။ သန္တုဋ္ဌော၊ ရောင့်ရဲသည်။ ဟောတိ၊ ၏။ သော၊ သည်။ ယေန ယေနေဝ၊ အကြင်အကြင်အရပ်သို့သာလျှင်။ ပက္ကမတိ၊ ဖဲသွား၏။ (တေန တေနေဝ၊သို့သာ လျှင်။) သမာဒါယေဝ၊ ပရိက္ခာရကို ဆောင်ယူ၍သာလျှင်။ ပက္ကမတိ၊ ၏။ သေယျထာပိနာမ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကိုဆိုအံ့။ ပက္ခီ၊ အတောင်ရှိသော။ သကုဏော၊ငှက်သည်။ယေန ယေနေဝ၊ သို့သာလျှင်။ ဍေတိ၊ ပျံ၏။ (တေန ဘေနေဝ၊ သို့သာလျှင်။) သပတ္တဘာရောဝ၊ အတောင် တည်းဟူသော ဝန်ရှိသည်ဖြစ်၍သာလျှင်။ ဍေတိ၊ ပျံ၏။ ဧဝမေဝ၊ သာလျှင်။ ဘိက္ခု၊ သည်။ပ။ ပက္ကမတိ၊ ၏။ သော၊ သည်။ အရိယေန၊ အပြစ်ကင်းသော။ ဣမိနာ သီလက္ခန္ဓေန၊ ဤသီလ အစုနှင့်။ (သီလဂုဏ်နှင့်သော်လည်းပေး။) သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိ သန္တာန်၌ဖြစ်သော။ အနဝဇ္ဇသုခံ၊ အပြစ်မဲ့ချမ်းသာကို။ ပဋိသံဝေဒေတိ၊ ခံစား၏။

၁၅။ သော၊ ထိုရဟန်းသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ န နိမိတ္တဂ္ဂါဟီ၊ (ယောကျ်ား မိန်းမ လှ မလှဟု အကြမ်းအားဖြင့် ခွဲခြားသော) အမှတ်အသား ကို မယူလေ့ရှိသည်။ နာနုဗျဉ္ဇနဂ္ဂါဟီ၊ (လက်ခြေသဏ္ဌာန် ပြုံးရယ်ဟန်စသော အသေးစိတ်) ထင်ရှားသော အမှတ်အသားကို မယူလေ့ရှိသည်၊ ဟောတိ၊ ၏။ ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေ ဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော၊ နံ၊ ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿဟု ဆိုအပ်ကုန် သော။ ပါပကာ၊ယုတ်မာကုန်သော။အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်၊ အနွာသဝေယျုံ၊

၁။ ရင်းပုဒ်အမှာကိုလည်း မ-၁၊ ရင်းအပိုဒ်၌ပင်ရှု။

အစဉ်လိုက်ကုန်ရာ၏။ တဿ၊ ထိုစက္ခုန္ဒြေကို။သံဝရာယ၊ စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ ကို။ ရက္ခတိ၊ စောင့်၏။ စက္ခုန္ဒြိယေ၊ ၌။ သံဝရံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ပ။ ဃာနေန၊ နှာခေါင်းဖြင့်။ ဂန္ဓံ၊ အနံ့ကို။ဃာယိတွာ၊ နမ်း၍။ပ။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ၊ အရသာကို။ သာယိတွာ၊ လျက်၍။ပ။ ကာယေန၊ ကိုယ်ဖြင့်။ ဖောဋ္ဌဗ္ဗံ၊ တွေ့ထိအပ်သောအရာကို။ ဖုသိတွာ၊ တွေ့ထိ၍။ပ။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ သဘောတရားကို။ ဝိညာယ၊သိ၍။ပ။ အာပဇ္ဇတိ၊၏။ သော၊ သည်။ အရိယေန၊ သော။ ဣမိနာ ဣန္ဒြိယသံဝရေန၊ ဤဣန္ဒြေခြောက်ပါးကို စောင့်ခြင်းနှင့်။ သမန္နာဂတော၊ သည် (ဖြစ်၍)။အဇ္ဈတ္တံ၊ သော။အဗျာသေကသုခံ၊ကိလေသာတို့ဖြင့် မသွန်းလောင်းအပ်သော ချမ်းသာကို။ ပဋိသံဝေဒေတိ၊ခံစား၏။

သော၊ သည်။ အဘိက္ကန္တေ၊ ရှေ့တိုးရာ၌ရင်း။ ပဋိက္ကန္တေ၊ နောက်ဆုတ်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊၏။ အာလောကိတေ၊ တည့်တည့်ကြည့်ရာ၌ရင်း။ ဝိလောကိတေ၊ စောင်းငဲ့ကြည့်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သမိဉ္ဇိတေ၊ ကွေးရာ၌ရင်း။ ပသာရိတေ၊ ဆန့်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ သံဃာဋိပတ္တစီဝရဓာရဏေ၊ သင်္ကန်းကြီး သပိတ်သင်္ကန်းဘို့ကို သုံးစွဲသောအားဖြင့် ဆောင်ရာ၌။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊၏။ အသိတေ၊ စားရာ၌ရင်း။ ပီတေ၊ သောက်ရာ၌ရင်း။ ခါယိတေ၊ ခဲကိုက်ရာ၌ရင်း။ သာယိတေ၊ လျက်ရာ၌ရင်း။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်ပြုရာ၌။ သမ္ပဇာနကာရီ၊ သည်။ ဟောတိ၊ ၏။ ဂတေ၊ သွားရာ၌ရင်း။ ဌိတေ၊ ရပ်ရာ၌ရင်း။ နိသိန္နေ၊ ထိုင်ရာ၌ရင်း။ သုတ္တေ၊ အိပ်ရာ၌ရင်း။ ဇာဂရိတေ၊ နိုးရာ၌ရင်း။ ဘာသိတေ၊ ပြောဆိုရာ၌ရင်း။ တုဏှီဘာဝေ၊ဆိတ်ဆိတ်နေရာ၌ရင်း။သမ္ပဇာနကာရီ၊ သည်။ဟောတိ၊၏။

၁၆။ သော၊ သည်။ အရိယေန၊ အပြစ်ကင်းသော။ ဣမိနာစ သီလက္ခန္ဓေန၊ ဤသီလအစုနှင့်လည်း။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ အရိယာယ၊ သော။ ဣမာယစ သန္တုဋ္ဌိယာ၊ ဤရောင့်ရဲခြင်းနှင့်လည်း။ သမန္နာဂတော၊ ၍။ အရိယေန၊ သော။ ဣမိနာစ ဣန္ဒြိယသံဝရေန၊ ဤဣန္ဒြေခြောက်ပါးကို စောင့်ခြင်းနှင့်လည်း။ သမန္နာဂတော၊ ၍။ အရိယေန၊ သော။ ဣမိနာစ သတိသမ္ပဇညေန၊ ဤသတိသမ္ပဇဉ်နှင့်လည်း။ သမန္နာဂတော၊ ၍။ ဝိဝိတ္တံ၊ လူတို့မှဆိတ်သော။ သေနာသနံ၊ အိပ်ရာနေရာဟူသော။ အရညံ၊ တောကိုရင်း။ ရုက္ခမူလံ၊သစ်ပင်ရင်းကိုရင်း။ ပဗ္ဗတံ၊ တောင်ကိုရင်း။ ကန္ဒရံ၊ ချောက်ကိုရင်း။ ဂိရိဂုဟံ၊ ဂူကိုရင်း။ သုသာနံ၊ သင်းချိုင်းကိုရင်း။ ဝနပတ္ထံ၊ တောအုပ်ကိုရင်း။ အဗ္ဘောကာသံ၊ လွင်တီးခေါင်ကိုရင်း။ ပလာလပုဉ္ဇံ၊ ကောက်ရိုးပုံကိုရင်း။ ဘဇတိ၊ မှီဝဲ၏။

သော၊ သည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည့်နောက်၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရွာမှ ဖဲပြီးသော်။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ကာယံ၊အထက်ပိုင်းကိုယ်ကို။ဥဇုံ၊ ဖြောင့်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်၏။

သော၊ သည်။ လောကေ၊ (ဥပါဒါနက္ခန္ဓ)လောက၌။ အဘိဇ္ဈံ၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံတတ်သော လောဘအဘိဇ္ဈာကို။ ပဟာယ၊ ပယ်၍။ ဝိဂတာဘိဇ္ဈေန၊ ကင်းပြီးသောအဘိဇ္ဈာ

ရှိသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ အဘိဇ္ဈာယ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ စင်ကြယ်စေ၏။

ဗျာပါဒပ္ပဒေါသံ၊ ဖောက်ပြန်ခြင်းသို့ရောက်ကြောင်းဖြစ်သော မိမိလည်းပျက်စီး သူတပါးကိုလည်း ဖျက်ဆီးတတ်သောဒေါသကို။ ပဟာယ၊ ၍။ အဗျာပန္နစိတ္တော၊ ဒေါသကင်းသောစိတ်ရှိသည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊အလုံးစုံသောသတ္တဝါတို့ကို အစီးအပွါးဖြင့် စောင့်ရှောက်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဗျာပါဒပ္ပဒေါသာ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ ၏။

ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ပဟာယ၊ ၍။ ဝိဂတထိနမိဒ္ဓေါ၊ ကင်းပြီးသော ထိနမိဒ္ဓရှိသည်ဖြစ်၍။ အာလောကသညီ၊အလင်းရောင်ဟု အမှတ်ရှိသည်ဖြစ်၍။သတော၊သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အဆင်ခြင်ပညာရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ထိနမိဒ္ဓါ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊၏။

ဥဒ္ဓစ္စကုက္ကုစ္စံ၊ ကို။ ပဟာယ၊ ၍။ အနုဒ္ဓတော၊ မပျံ့လွင့်သည်ဖြစ်၍။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ဝူပသန္တစိတ္တော၊ ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဥဒ္ဓစ္စကုက္ကုစ္စာ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ ၏။

ဝိစိကိစ္ဆံ၊ ကို။ ပဟာယ၊ ၍။ တိဏ္ဏဝိစိကိစ္ဆော၊ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အကထံကထီ၊ သို့လောသို့လော ယုံမှားခြင်းမရှိသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဝိစိကိစ္ဆာ၊ မှ။ စိတ္တံ၊ ကို။ ပရိသောဓေတိ၊ ၏။

သော၊ ထိုရဟန်းသည်။ စေတသော၊ စိတ်ကို။ ဥပက္ကိလေသေ၊ ညစ်ညူးစေတတ်ကုန်သော။ ပညာယ၊ ပညာကို။ ဒုဗ္ဗလီကရဏေ၊ အားနည်းအောင်ပြုတတ်ကုန်သော။ ဣမေ ပဉ္စ နီဝရဏေ၊ ဤငါးပါးကုန်သော နီဝရဏတို့ကို။ ပဟာယ၊ ၍။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ဝိဝိစ္စ၊၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ဝိဝေကဇံ၊နီဝရဏတို့မှ ကင်းခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ ဖရဏာပီတိ စေတသိကသုခရှိသော။ပဌမံဈာနံ၊ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ဟောတိ၊၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သောသမာဓိကို ဖြစ်စေတတ်သော။ အဝိတက္ကံ၊ ဝိတက်လည်းမရှိသော။ အဝိစာရံ၊ ဝိစာရလည်းမရှိသော။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ဟောတိ၊၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊စက်ဆုပ်ခြင်းကြောင့်လည်း။ (စဖြင့် ဝိတက္ကဝိစာရာနံ ဝူပသမာကိုပြန်၍ဆည်း)။ ဥပေက္ခကော စ၊ လျစ်လျူရှုသည်ဖြစ်၍ရင်း။ သတော စ၊ သတိရှိသည်ဖြစ်၍ရင်း။ သမ္ပဇာနော စ၊ အဆင်ခြင်ပညာရှိသည်ဖြစ်၍ရင်း။ ဝိဟရတိ၊ ၏။သုခဉ္စ၊ သုခနှစ်ပါးကိုလည်း။ကာယေန၊နာမကာယဖြင့်။ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ၊အကြင်(တတိယဈာန်ဟူသော)အကြောင်းကြောင့်။ တံ၊ ထိုတတိယဈာန်ရှင်ပုဂ္ဂိုလ်ကို။ အရိယာ၊ (ဘုရားအစရှိသော) အရိယာပုဂ္ဂိုလ်တို့သည်။ "ဥပေက္ခကော၊ (တတိယဈာန်

ချမ်းသာကိုပင်) လျစ်လျူရှုနိုင်ပေသောသူ။ သတိမာ၊ သတိရှိပေသောသူ။ သုခဝိဟာရီတိ၊ ချမ်းသာစွာ နေလေ့ရှိပေသောသူ”ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းပြောဆိုကြကုန်၏။ တံ တတိယံ ဈာနံ၊ ထိုတတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟာရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊၏။

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ သုခဿ စ၊ ကာယိကသုခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿ စ၊ ကာယိကဒုက္ခကိုလည်း။ ပဟာနာ၊ ကြောင့်။ ပုဗ္ဗေဝ၊ ရှေးဦးသာလျှင်။ (စတုတ္ထဈာန်ဥပစာရက္ခဏကိုယူ)။ သောမနဿ ဒေါမနဿာနံ၊ သောမနဿဝေဒနာ (စေတသိကသုခ) ဒေါမနဿဝေဒနာ (စေတသိကဒုက္ခ)တို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟာရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ဟောတိ၊၏။

၁၇။ သော၊ သည်။ စိတ္တေ၊ သည်၊ ဧဝံ၊ သို့။ သမာဟိတေ၊ တည်ကြည်သော်။ ပရိသုဒ္ဓေ၊ စင်ကြယ်သော်။ ပရိယောဒါတေ၊ ဖြူစင်သော်။ အနင်္ဂဏေ၊ ကိလေသာမရှိသော်။ ဝိဂတူပက္ကိလေသေ၊ ကင်းပြီးသော ကိလေသာရှိသော်။ မုဒုဘူတေ၊ နူးညံ့စွာ ဖြစ်လတ်သော်။ ကမ္မနိယေ၊ အမှုအားခန့်သော်။ ဌိတေ၊ တည်သော်။ အာနေဉ္ဇပ္ပတ္တေ၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ၊ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုးငှါ။ စိတ္တံ၊စိတ်ကို။အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သော၊သည်။ အနေကဝိဟိတံ၊ များသောအပြားတို့ဖြင့် စီရင်အပ်သော။ ပုဗ္ဗေနိဝါသံ၊ ရှေးဦးနေဘူးသော ခန္ဓာအစဉ်ကို။ အနုဿရတိ၊ အစဉ်လျှောက်၍ အောက်မေ့၏။ သေယျထိဒံ၊ အဘယ်ရှေးခန္ဓာအစဉ်ကို။ (အနုဿရတိ၊ နည်း။) ဧကမ္ပိဇာတိံ၊ တဘဝကိုရင်း။ပ။ အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ၊ များသော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကိုရင်း။“အမုတြ၊ ထိုဘဝ၌။ ဧဝံနာမော၊ ဤသို့သောအမည်ရှိသည်။ ဧဝံ ဂေါတ္တော၊ ဤသို့သော အနွယ်ရှိသည်။ ဧဝံဝဏ္ဏော၊ ဤသို့သောအဆင်းရှိသည်။ ဧဝမာဟာရော၊ဤသို့သော အစာအာဟာရရှိသည်။ဧဝံ သုခ ဒုက္ခပဋိသံဝေဒီ၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားလေ့ရှိသည်။ ဧဝမာယုပရိယန္တော၊ ဤသို့သော အသက်အပိုင်းအခြားရှိသည်။ အသော၊ ဖြစ်ဘူးပြီ။ သော၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသော်။ အမုတြ၊ ထိုဘဝ၌။ ဥဒပါဒိံ၊ ဖြစ်ပြီ။ တတြာပိ၊ ထိုဘဝ၌လည်း။ ဧဝံနာမော၊သည်။ပ။ အာသိံ၊ ပြီ။ သော၊ ထိုငါသည်။ တတော၊ ထိုဘဝမှ။ စုတော၊ သော်။ ဣဓ၊ ဤဘဝ၌။ ဥပပန္နောတိ၊ ဖြစ်ပြီ”ဟူ၍။ (အနုဿရတိ၊၏။) ဣတိ၊သို့။ သာကာရံ၊ အဆင်းစသော အခြင်းအရာနှင့်တကွသော။ သဥဒ္ဒေသံ၊ အမည်အနွယ်ဟူသော ညွှန်ပြဖွယ်နှင့်တကွသော။ အနေကဝိဟိတံ၊ သော။ ပုဗ္ဗေနိဝါသံ၊ ကို။ အနုဿရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊ ၏။

၁၈။ သော၊သည်။ပ။သတ္တာနံ စုတူပပါတဉာဏာယ၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော ဉာဏ်အကျိုးငှါ။ စိတ္တံ၊ ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သော၊ သည်။ ဝိသုဒ္ဓေန အထူးသဖြင့် စင်ကြယ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏ မျက်စိအမြင်ကိုလွန်သော။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ စဝမာနေ၊ စုတေဆဲဖြစ်ကုန်သော။ ဥပပဇ္ဇမာနေ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ပဿတိ၊ မြင်၏။ ဟီနေ၊ ယုတ်ကုန်သော။ ပဏီတေ၊ မြတ်ကုန်သော။ သတ္တေ၊ တို့ကို။ ပဿတိ။ ၏။ သုဝဏ္ဏေ၊ အဆင်းလှကုန်သော။ ဒုဗ္ဗဏ္ဏေ၊ အဆင်းမလှ

ကုန်သော။ သတ္တေ၊ တို့ကို။ ပဿတိ၊ ၏။ သုဂတေ၊ ကောင်းသောဂတိသို့ လားကုန်သော။ ဝဏ္ဏ၊ ကြွယ်ဝကုန်သော။ ဒုဂ္ဂတေ၊ မကောင်းသော ဂတိသို့ လားကုန်သော။ ဝဏ္ဏ၊ ဆင်းရဲကုန်သော။ သတ္တေ၊ တို့ကို။ ပဿတိ၊ ၏။ ယထာကမ္မူပဂေ၊ အကြင်အကြင်ကံကြောင့် ကပ်ရောက်ကုန်သော။ သတ္တေ၊ တို့ကို။ "ဘောန္တော၊ အရှင်ဖြစ်ကုန်သော။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဝတ၊ စင်စစ်။ ကာယဒုစ္စရိတေန၊ ကာယဒုစရိုက်နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ ဝစီဒုစ္စရိတေန၊ ဝစီဒုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ မနောဒုစ္စရိတေန၊ မနောဒုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ အရိယာနံ၊ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့ကို။ ဥပဝါဒကာ၊ စွပ်စွဲတတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ ဖောက်ပြန်သော အယူရှိကုန်၏။ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ ဖောက်ပြန်သောအယူဖြင့် ဆောက်တည်အပ်သော အမှုရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ ပျက်ခြင်းဟူသော။ မရဏာ၊ သေသည်မှ။ ပရံ၊ အထက်၌။ အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဝါ၊ ကောင်းမှုကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ ဆင်းရဲ၏လည်းလျောင်းရာဖြစ်သော။ ဝါ၊ မကောင်းမှုကိုပြုသူတို့၏ လားရောက်ရာဖြစ်သော။ ဝိနိပါတံ၊ အလိုအာသာ ကင်းလျက် ကျရောက်ရာဖြစ်သော။ နိရယံဥပ၊ ငရဲ၌။ ပန္နာ၊ ဖြစ်ကုန်၏။ ဝါ ပန၊ ထို့ပြင်။ ဘောန္တော၊ ကုန်သော။ ဣမေ သတ္တာ၊ တို့သည်။ ကာယသုစရိတေန၊ ကာယသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ ဝစီသုစရိတေန၊ ဝစီသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ မနောသုစရိတေန၊ မနောသုစရိုက်နှင့်။ သမန္နာဂတာ၊ ကုန်၏။ အရိယာနံ၊ တို့ကို။ အနုပဝါဒကာ၊ မစွပ်စွဲတတ်ကုန်။ သမ္မာဒိဋ္ဌိကာ၊ မှန်ကန်သောအယူရှိကုန်၏။ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ မှန်ကန်သောအယူဖြင့် ဆောက်တည်အပ်သောအမှုရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ ဝါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သုဂတိံ၊ ချမ်းသာ၏လည်းလျောင်းရာဖြစ်သော။ ဝါ၊ ကောင်းမှုပြုသူတို့၏ လားရောက်ရာဖြစ်သော။ သဂ္ဂံ လောကံ ဥပ၊ နတ်ပြည်လောက၌။ ပန္နာတိ၊ ကုန်၏"ဟူ၍။ ပဇာနာတိ၊ ၏။ ဣတိ၊ သို့။ပ။ ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမ္ပိ၊ လည်း။ပ။ ဟောတိ၊ ၏။

၁၉။ သော၊ သည်။ပ။ အာသဝါနံ ခယဉာဏာယ၊ အာသဝတရားတို့၏ ကုန်ရာကို သိသော ဉာဏ်အကျိုးငှါ။ စိတ္တံ၊ ကို။ အဘိနိန္နာမေတိ၊ ၏။ သော၊ သည်။ ဣဒံ၊ ဤတေဘူမက တရား အပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ အယံ၊ ဤလောဘသည်။ ဒုက္ခသမုဒယော၊ ဆင်းရဲအပေါင်း၏အကြောင်း တည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ အယံ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဆင်းရဲအပေါင်း၏ချုပ်ရာတည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ အယံ၊ ဤသမ္မာဒိဋ္ဌိစသည်သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဆင်းရဲတကာတို့၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ ဣမေ၊ ဤလောဘ ဒိဋ္ဌိမောဟတို့သည်။ အာသဝါ၊ ယိုစီးတတ်သော အာသဝတို့တည်း။ပ။ အယံ၊ ဤလောဘသည်။ အာသဝသမုဒယော၊ အာသဝတို့၏အကြောင်းတည်း။ပ။ အယံ၊ ဤနိဗ္ဗာန်သည်။ အာသဝနိရောဓော၊ အာသဝတို့၏ချုပ်ရာတည်း။ပ။ အယံ၊ ဤသမ္မာဒိဋ္ဌိစသည်သည်။ အာသဝနိရောဓဂါမိနီ ပဋိပဒါ၊ အာသဝတို့၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်တည်း။ ဣတိ၊ သို့။ ယထာဘူတံ၊ စွာ။ ပဇာနာတိ၊ ၏။ ဧဝံ၊ သို့။ ဇာနတော၊ သိသော။ ဧဝံ၊ သို့။ ပဿတော၊ မြင်သော။

တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ သည်။ ကာမာသဝါပိ၊ ကာမာသဝမှလည်း။ ဝိမုစ္စတိ၊ လွတ်၏။ပ။
အဝိဇ္ဇာသဝါပိ၊ မှလည်း။ ဝိမုစ္စတိ၊ ၏။ ဝိမုတ္တသ္မိံ၊ ကိလေသာအာသဝတို့မှလွတ်ပြီးသော်။
(မေ၊ ငါ၏။ စိတ္တံ၊ သည်။)ဝိမုတ္တံ၊ ကိလေသာအာသဝဘို့မှလွတ်ပြီ။ ဣတိ၊ ဉာဏံ၊ ဤသို့သိသော
ဉာဏ်သည်။ ဟောတိ၊ ၏။ ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်ဟူသော
မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။
ဣတ္ထတ္တာယ၊ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ။ အပရံ၊တပါးသောကျင့်ဘွယ်ကိစ္စသည်။
နတ္ထိ၊ မရှိ'ဟူ၍။ (ဣတ္ထတ္တာယ၊ ဤဘဝမှ။ အပရံ၊ တပါးသောဘဝသည်။ န ဣတိ၊မရှိဟူ၍။)
ပဇာနာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမ္ပိ၊ လည်း။ပ။ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တထာဂတာ၊
တို့သည်။ ဧဝံဝါဒီ၊ ဤသို့ဆိုသောအယူဝါဒရှိကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ဤသို့သောအယူ
ဝါဒရှိကုန်သော။ တထာဂတာနံ၊ တို့၏။ ဒသ၊ ဆယ်ပါးကုန်သော။ သဟဓမ္မိကာ၊ အကြောင်း
နှင့်တကွဖြစ်ကုန်သော တရားဘို့သည်။ပါသံသံဌာနံ၊ ချီးမွမ်းထိုက်သော အကြောင်းသို့[၁]။အာဂစ္ဆန္တိ၊
ရောက်ကုန်၏။

၂၀။ ဘိက္ခဝေ၊ တို့။ပ။ သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။ တထာဂတော၊
သည်။ အဒ္ဓါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ သုကတကမ္မကာရီ၊ ကောင်းစွာပြုအပ်သောအမှုကို
ပြုတော်မူလေ့ရှိ၏။ ယံ၊ ယင်းအကြောင်းကြောင့်။ ဧတရဟိ၊ ယခုအခါ၌။ ဧဝရူပါ၊ ဤသို့
သဘောရှိကုန်သော။ အနာသဝါ၊ အာသဝမရှိကုန်သော။ သုခါဝေဒနာ၊ ချမ်းသာဝေဒနာတို့ကို။
ဝေဒေတိ၊ ခံစားတော်မူရ၏။ ဘိက္ခဝေ၊ တို့။ပ။သစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ ဘိက္ခဝေ၊ တို့။
တထာဂတော၊ ကို။ အဒ္ဓါ၊ စင်စစ်။ ဘဒ္ဒကေန၊ ကောင်းသော။ ဣဿရေန၊ အစိုးရသူသည်။
နိမ္မိတော၊ ဖန်ဆင်းအပ်၏။ ယံ၊ ကြောင့်။ပ။ဝေဒေတိ၊ ၏။

　　(ပ) ကလျာဏသင်္ဂတိကော၊ ကောင်းသောသူဘို့နှင့် ပေါင်းဆုံခြင်းရှိတော်မူ၏။
　　(ပ) ကလျာဏာဘိဇာတိကော၊ ကောင်းသောဇာတ်ရှိတော်မူ၏။
　　(ပ) ကလျာဏာဒိဋ္ဌဓမ္မပက္ကမော၊ ကောင်းသော မျက်မှောက်သောကိုယ်၏ အဖြစ်၌
လုံ့လရှိတော်မူ၏။ပ။ ဝေဒေတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သတ္တာ၊ တို့သည်။ ပုဗ္ဗေကတဟေတု၊ ကြောင့်။ သုခဒုက္ခံ၊ ကို။ သစေ ပဋိ-
သံဝေဒေန္တိ၊ ကုန်အံ့။ တထာဂတော၊ သည်။ ပါသံသော၊ ချီးကျူးခြင်းကို ခံထိုက်တော်မူပေ၏။
(ပသံသံ အရဟတိ၊ ပြု)။သတ္တာ၊ တို့သည်။ပ။ နောစေ ပဋိသံဝေဒေန္တိ၊ ကုန်အံ့။ တထာဂတော၊
သည်။ ပါသံသော၊ ၏။ (နောက်ဝါကျများ၌လည်း နည်းတူပေးလေ။)

ဘိက္ခဝေ၊ တို့။ တထာဂတာ၊ ဘုရားရှင်ဘို့သည်။ ဧဝံဝါဒီ၊ ဤသို့ဟောတော်မူလေ့ရှိတော်မူ
ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံဝါဒီနံ၊ ကုန်သော။ တထာဂတာနံ၊ တို့၏(အထံသို့)။ ဒသ၊ ကုန်

၁။ အပိုဒ် ဂ ၌ ဂါရယှံဌာနံ-ရှိသကဲ့သို့ ဤ၌လည်း ပါသံသံ ဌာနံ-ဟုရှိသင့်၏။ သို့မှ ရှေ့နောက်ညီညွတ်သည်။
စာပိုဒ် ဂ အဋ္ဌကထာဝယ် ဝါဒါနုပတ္တာ ဂါရယှာဋ္ဌာနာ‌တိ ပါဌော-ဟု ပါဌ်နက္တိရဖွင့်သောကြောင့်“ဝါဒါနုပတ္တာ၊ဝါဒသို့
အစဉ်ကျရောက်ကုန်သော။ ဂါရယှာဋ္ဌာနာ၊ ကဲ့ရဲ့ထိုက်သောအကြောင်းတို့သည်။ အာဂစ္ဆန္တိ၊ ကုန်၏”ဟူ၍ပေး။
ဤ၌လည်း “သဟဓမ္မိကာ၊ ကုန်သော။ ပါသံသဋ္ဌာနာ၊ ချီးမွမ်းထိုက်သောအကြောင်းတို့သည်။ အာဂစ္ဆန္တိ၊
ကုန်၏”ဟူ၍ပေး။

သော။ဣမေ သဟာမ္ဗိကာ၊ တို့သည်။ ပါသံသံ ဌာနံ၊ သို့။ အာဂစ္ဆန္တိ၊ကုန်၏။ ဣတိ၊ သို့။ ဓော၊ ကို။ အဝေါစ၊ ဟောတော်မူပြီ။ (သုတ်အစပြန်သတ်။)

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤတရားစကားကို။ အဝေါစ၊ပြီ။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တမနာ၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ တရားစကားကို။ အဘိနန္ဒုံ၊ အလွန်နှစ်သက်ကုန်ပြီ။ ဣတိ၊ သို့။ သုတံ၊ ပြီ။

ပဌမံ၊ ရှေးဦးစွာသော။ ဒေဝဒဟသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၂-ပဉ္စတ္တယသုတ်

၂၁။ (ဇေ့ မေ သုတံ။ပ။ ပစ္စဿောသုံ၊ ပေးမြဲ။) ဘဂဝါ၊ သည်— (၃၃ ပိုဒ်အဆုံး အနုပါဒါ-ဝိမောက္ခောတိ-၌ အာကာရ ဆုံးသည်)။ ဘိက္ခဝေ၊ တို့။ အပရန္တကပ္ပိကာ၊ နောက်အဘို့ကို ကြံဆ၍ ယူကုန်သော။ အပရန္တာနုဒိဋ္ဌိနော၊ နောက်အဘို့သို့ အစဉ်လိုက်သောအယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ အပရန္တံ၊ နောက်အဘို့ကို။ အာရဗ္ဘ၊ စွဲ၍။ အနေကဝိဟိတာနိ၊ များသောအပြားတို့ဖြင့် စီရင်အပ်ကုန်သော။ အဓိဝုတ္တိပဒါနိ၊ ဒိဋ္ဌိအမည်ပညတ်ကို ပြတတ်သော ပုဒ်တို့ကို။ (ဒိဋ္ဌိတို့၏ အကြောင်းတို့ကို ဟူ၍သော်လည်းပေး)။အဘိဝဒန္တိ၊ များသောအားဖြင့် သက်ဝင်၍ ဆိုကြကုန်၏။ "အတ္တာ၊ အတ္တသည်။ သညီ၊ သညာရှိသည်။ မရဏာ၊ သေသည်မှ။ ပရံ၊ အထက်၌။ အရောဂေါ၊ ပျက်စီးခြင်းမရှိ မြဲသည်။ (ဠိကာရ)။ ဟောတီတိ၊ ၏"ဟူ၍။ ဣတ္ထံ၊ ဤသို့။ ဧကေ၊ အချို့ရဟန် ပုဏ္ဏားတို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ အတ္တာ၊ အတ္တသည်။ အသညီ၊ သညာမရှိသည်။ပ။ အတ္တာ၊ အတ္တသည်၊ နေဝသညီနာသညီ၊ သညာရှိသည်မဟုတ် သညာမရှိသည် မဟုတ်သည်။ပ။ အဘိဝဒန္တိ၊ ကုန်၏၊ သတော ဝါ ပန၊ ထင်ရှားရှိသည်သည်းဖြစ်သော။သတ္တဿ၊ သတ္တဝါ၏။ ဥစ္ဆေဒံ၊ ပြတ်ခြင်းကို။ ဝိနာသံ၊ အထူးပျက်စီးခြင်းကို။ ဝိဘဝံ၊ ဘဝမှ ကင်းခြင်းကို။ ပညပေန္တိ၊ ပညပ်ကြကုန်၏။ ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဝါ ပန၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ငြိမ်းအေးခြင်းကိုလည်း။ ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သန္တံ ဝါ၊ထင်ရှားရှိသည်လည်း ဖြစ်သော။ အတ္တာနံ၊ အတ္တကို။ မရဏာ၊ မှ။ပရံ၊ ၌။ အရောဂံ၊ ပျက်စီးခြင်းမရှိ မြဲ၏ဟူ၍။ ပညပေန္တိ၊ ကုန်၏။ သတော ဝါ ပန၊ သော။ သတ္တဿ၊ ၏။ ဥစ္ဆေဒံ၊ ကို။ ဝိနာသံ၊ ကို။ ဝိဘဝံ၊ ကို။ ပညပေန္တိ၊ ကုန်၏။ ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဝါ ပန၊ ကိုလည်း။ ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဣမာနိ၊ ဤဒိဋ္ဌိအမည်ပညတ်ကို ပြတတ်သော ပုဒ်တို့သည်။ ပဉ္စ၊ ငါးမျိုးတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ တီဏိ၊ သုံးမျိုးတို့သည်။ ဟောန္တိ၊ ကုန်၏။ တီဏိ၊ တို့သည်။ ဟုတွာ၊ ကုန်၍။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အယံ၊ ဤကား။ ပဉ္စတ္တယဿ၊ ပဉ္စတ္တယသုတ်၏။ ဥဒ္ဒေသော၊ အကျဉ်းမာတိကာတည်း။

၂၂။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုတဆယ့်ခြောက်ပါးသော သညီဝါဒတို့၌။ ယေ တေ သမဏ-ဗြာဟ္မဏာ၊ တို့သည်။ အတ္တာနံ၊ ကို။ သညိံ၊ သညာရှိ၏ဟူ၍။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ၊ ပျက်စီးခြင်း မရှိဟူ၍။ ပညပေန္တိ၊ ကုန်၏။ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ ထိုအရှင်ရဟန်း ပုဏ္ဏားတို့သည်။ သညိံ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ၊ သော။ အတ္တာနံ၊ ကို။ ရူပိံ

ဝါ၊ ရုပ်ဟူ၍လည်း။ ပညပေန္တိ၊ ကုန်၏။ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ သညိံ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ၊ သော။ အတ္တာနံ၊ ကို။ အရူပိံ ဝါ၊ နာမ်ဟူ၍လည်း။ ပညပေန္တိ၊ ကုန်၏။ပ။ ရူပိံ စ အရူပိံ စ ဝါ၊ ရုပ်နာမ်၂ပါးဟူ၍လည်း။ ပညပေန္တိ၊ ကုန်၏။ပ။ နေဝရူပိံ နာရူပိံ ဝါ၊ ရုပ်မဟုတ်နာမ်မဟုတ်ဟူ၍လည်း[၁]။ ပညပေန္တိ၊ ကုန်၏။

တေ ဘောန္တောသမဏဗြာဟ္မဏာ၊ သို့သည်။သညိံ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ။ သော။ အတ္တာနံ၊ ကို။ ဧကတ္တသညိံ ဝါ၊ တူသော သဘောရှိသော သညာရှိ၏ ဟူ၍လည်း။ ပညပေန္တိ၊ ကုန်၏။ပ။ နာနတ္တသညိံဝါ၊ ထူးသော သဘောရှိသော သညာရှိ၏ ဟူ၍လည်း။ ပညပေန္တိ၊ ကုန်၏။ (အံ၊၇-၅-၁၊ ဋီကာ။ နာနတ္တသညီ၂ုဒ်အဖွင့်ကို မှီး၍ပေးသည်။) ။ပ။ ပရိတ္တ-သညိံဝါ၊နည်းသော သညာရှိ၏ဟူ၍လည်း။ (နည်းသောသညာဟူသည် အဝစိုတသညာတည်း။) ။ပ။ အပ္ပမာဏသညိံ ဝါ၊ အတိုင်းအရှည် မရှိသော သညာရှိ၏ဟူ၍လည်း။ (အတိုင်းအရှည် မရှိသော သညာဟူသည် ဝစိုတသညာတည်း)။ ပညပေန္တိ၊ ကုန်၏။

တေံ ဝါ ပန၊ ဤသညာသတ္တကကို။ ဥပါတိဝတ္တတံ၊ လွန်မြောက်ကုန်သော။ ဧကေသံ၊ အချို့ကုန်သော ရဟန်းပုံဏာဘေးတို့တွင်။ ဧကေ၊ အချို့ ရဟန်းပုံဏာဘေးတို့သည်။ ဝိညာဏ ကသိဏံ၊ ဝိညာဏကသိုဏ်းကို။ အပ္ပမာဏံ၊ အတိုင်းအရှည်မရှိဟူ၍။ အာနေဉ္ဇံ၊ တုန်သှုပ်ခြင်းမရှိဟူ၍။ အဘိ-ဝဒန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ မြတ်စွာဘုရားသည်။ တယိဒံ၊ ထို ဒိဋ္ဌိ, ဒိဋ္ဌိ အကြောင်း, ဒိဋ္ဌိအာရုံကို။ အဘိဇာနာတိ၊ ထူးသောညာဏ်ဖြင့်သိ၏။ပ။ ယဒိ ရူပသညာနံ၊ ရူပသညာတို့တွင်သော်ငြင်း။ ယဒိ အရူပသညာနံ၊ အရူပသညာတို့ဘွင်သော်ငြင်း။ (အာကာသာနဉ္စာ-ယတနသညာ,ဝိညာဏဉ္စာယတနသညာ ၂ပါးကိုသာယူ)။ယဒိဧကတ္တသညာနံ၊ဧကတ္တသညာတို့ဘွင် သော်ငြင်း။ ယဒိ နာနတ္တ သညာနံ၊ နာနတ္တ သညာတို့ဘွင်သော်ငြင်း[၂]။ ဘောသံ သညာနံ၊ ထိုသညာ တို့တွင်။ ယာ ဝါ ပန၊ အကြင်သညာကို။ ပရိသုဒ္ဓါ စင်ကြယ်၏ဟူ၍။ ပရမာ၊ လွန်ကဲဆုံးဟူ၍။

၁။ ကရဇရုပ်သည် သိတုဏှာဒိ၏အစွမ်းကြောင့် ဖောက်ပြန်သည်။ ကသိုဏ်းရုပ်သည် ဝစိုတာ ဝစိုတ-ကာလ၏ အစွမ်းဖြင့် ဖောက်ပြန်သော သဘော သက်ရောက်သည်။ ထိုရုပ် ၂-မျိုးလုံးကို ရုပ္ပနသီလောတိ ရူပီ ဟူသော တဿီလတ္ထဝိဂ္ဂဟအရ မုချတ္ထအားဖြင့် ရူပီ-ဟု ဆိုအပ်၏။ ဤအလို ကရဇကသိဏရုပ် ၂-မျိုးလုံး ကို အတ္တဟု ဧကေ သမဏဗြာဟ္မဏတို့က ပညတ်ကြသည်ဟု ဆိုလိုသည်။ ရူပံ အတ္တတော သမနုပဿတိ ဟူသော ပါဠိတော်စကားနှင့် တသားတည်းဟူလို။

တနည်း ရူပံ အဿ အတ္ထိတိ ရူပီ၊ရုပ္ပနံ ဝါ ရုပ္ပနသဘာဝေါ ရူပံ၊ တံ ဧတဿ အတ္ထိဘိ ရူပီ-ဟု အဿတ္ထိ ပြုလုပ်၏။ ဤနည်း၌ အဿ ဧတဿ အရနှင့်ရူပံ အရသည်တူ၏။ သို့သော် သိလာပုတ္တကဿ သရီရံ-ကဲ့သို့ အဿ ဧတဿ ကိုသာမိ,ရူပံ-ကို သံအဖြစ်ဖြင့် ကြံ၍ အဘေဒူပစာရတ္ထအားဖြင့်ဆိုအပ်၏။ ဤနည်းအလို အတ္တကို ကရဇကသိဏ ရုပ်ရှိ၏ဟု ဧကေသမဏဗြာဟ္မဏတို့က ပညတ်ကုန်၏ဟုဆိုလိုသည်။ ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတ-ဟူသော ပါဠိတော် စကားနှင့် တသားတည်းဟူလို။

အရူပိံ-ပုဒ်၌ အထက်ပါ ၃-ဝိကပ်ပြုလုပ်အပ်သော ရူပီပုဒ်ကို နပဋိသေဓနှင့် န+ရူပီ=အရူပီဟု တွဲရုံသာ ထူးသည်၊ အရူပီအရ အရူပ သမာပတ္တိနိမိတ်နှင့် သညာက္ခန္ဓာမှတပါး ကျန်စေတသိက်ခန္ဓာ ၃-ပါးကိုကောက်၊ အရူပသမာပတ္တိနိမိတ်ကို အတ္တဟူ၍ငြင်း ကျန်စေတသိက်ခန္ဓာ ၃-ပါးကို အတ္တဟူ၍ငြင်း ဧကေ သမဏဗြာဟ္မဏတို့ ပညတ်ကုန်၏ဟူလို။

၂။ မ-၁၊ အပိုဒ် ၇၀၊ ယဒိ နီလကာယာတိ နီလကာယ ဝါ နိလကာဒ္ဓာယဝါတိ ဝုတ္တံ ဟောတိ-ဟု ယဒိ-ကို ဝိကပ္ပနတ္ထ ဝါကျဖြင့် ဖွင့်ပြသည်ကို မှီး၍ ဤ၌ ယဒိသဒ္ဒါကို ဝိကပ္ပနတ္ထ ကြံသည်။

အဂ္ဂါ၊အမြတ်ဆုံးဟူ၍။ အနုတ္တရိယာ၊ အတုမရှိဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ဧကေ၊ တို့သည်။ နတ္ထိ ကိဉ္စိတိ၊ နတ္ထိ ကိဉ္စိ-ဟူ၍ ပွါးအပ်သော။ ယံ အာကိဉ္စညာယတနံ၊ အကြင်အာကိဉ္စညာယတနကို။ အပ္ပမာဏံ၊ ဟူ၍။ အာနေဉ္ဇံ၊ ဟူ၍။အဘိဝဒန္တိ၊ ကုန်၏။ တယိဒံ၊ ထိုအလုံးစုံသောသညာသည်။(ယာသညာ ယံ အာကိဉ္စညာယတနံ-နှစ်မျိုးလုံးကိုစွဲသည်။) သင်္ခတံ၊အကြောင်းတရားတို့သည် ပေါင်းဆုံပြုပြင်အပ်သည်ဖြစ်၍။ ဩဠာရိကံ၊ရုန့်ရင်း၏။ သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ နိရောဓော၊ ချုပ်ရာနိဗ္ဗာန်သည်။ အတ္ထိ ခေါ ပန၊ ရှိသည်သာ။ “တံ၊ ဤနိဗ္ဗာန်သည်။ အတ္ထိတိ၊ ရှိ၏”ဟူ၍။ ဝိဒိတွာ၊ သိတော်မူ၍။ တဿ၊ ထိုသင်္ခတ တရား၏။ နိဿရဏဒဿာဝီ၊ လွတ်မြောက်ရာ နိဗ္ဗာန်ကို မြင်တော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ တံ၊ ထိုသင်္ခတ တရားအပေါင်းကို။ ဥပါတိဝတ္တော၊ လွန်မြောက်တော်မူပြီ။

၂၃။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုရှစ်ပါးသော အသညီဝါဒတို့၌။ ယေ တေ သမဏဗြာဟ္မဏာ၊ တို့သည်၊ အတ္တာနံ၊ ကို။ အသညိံ၊ သညာမရှိဟူ၍။ မရဏာ၊ မှ။ ပရံ၊ ၌။ အရောဂံ၊ ဟူ၍။ ပညပေန္တိ၊ ကုန်၏။ တေ ဘောန္တော သမဏဗြာဟ္မဏာ၊တို့သည်။ပ။ပညပေန္တိ၊ကုန်၏။ဘိက္ခဝေ၊ တို့။ တတြ၊ထိုရှစ်ပါးသော အသညီဝါဒတို့၌။ယေ တေ သမဏဗြာဟ္မဏာ၊တို့သည်။အတ္တာနံ၊ကို။သညိံ၊ ဟူ၍။ပ။ပညပေန္တိ၊ ကုန်၏။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏(အယူဝါဒကို)။ ဧတေ၊ ဤအသညီဝါဒီ ရဟန်းပုဏ္ဏားတို့သည်။ ပဋိက္ကောသန္တိ၊ တားမြစ်ကုန်၏။ တံ၊ ထိုသို့တားမြစ်ခြင်းသည်။ ကိဿဟေတု၊ နည်း။ သညာ၊ သညာသည်။ ရောဂေါ၊ ရောဂါတည်း။ သညာ၊ သည်။ ဂဏ္ဍော၊ အိုင်းအမာတည်း။ သညာ၊ သည်။ သလ္လံ၊ ငြောင့်တည်း။ ယဒိဒံ အသညံ၊ အကြင်သညာမရှိသော စျာန်သည်။ (အတ္ထိ၊ ၏။) ဧတံ၊ ဤသညာမရှိသောစျာန်သည်။ သန္တံ၊ ငြိမ်သက်၏။ဧတံ၊သည်။ ပဏီတံ၊ မွန်မြတ်၏။ ဣတိ၊ ဤအကြောင်းကြောင့်တည်း။ ဘိက္ခဝေ၊ တို့။ တထာဂတော၊သည်။ တယိဒံ၊ ထိုဒိဋ္ဌိ, ဒိဋ္ဌိအကြောင်း, ဒိဋ္ဌိအာရုံကို။ အဘိဇာနာတိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ ယောဟိ ကောစိ၊ အကြင်တစုံတယောက်သော။ သမဏော ဝါ၊ ရဟန်းသည်သော်ရင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်သော်ရင်း။ “ရူပါ၊ ရူပက္ခန္ဓာမှ။ အညတြ၊ ကင်း၍။ ဝေဒနာယ၊ ဝေဒနာက္ခန္ဓာမှ။ အညတြ၊ ၍။ သညာယ၊ သညာက္ခန္ဓာမှ၊ အညတြ၊ ၍။ သင်္ခါရေဟိ၊သင်္ခါရက္ခန္ဓာတို့မှ။အညတြ၊ ၍။ ဝိညာဏဿ၊ ဝိညာဏ်၏။ အာဂတိံ ဝါ၊ လာခြင်းကိုရင်း။ (လာသကဲ့သို့ဖြစ်သည်ဟူလို)။ ဂတိံ ဝါ၊ သွားခြင်းကိုရင်း။ စုတိံ ဝါ၊ ရွေ့ပြောင်းခြင်းကိုရင်း။ ဥပပတ္တိံ ဝါ၊ ကပ်ရောက်ခြင်းကိုရင်း။ ဝုဒ္ဓိံ ဝါ၊ ကြီးပွါးခြင်းကိုရင်း။ ဝိရူဠှိံ ဝါ၊ စည်ပင်ခြင်းကိုရင်း။ ဝေပုလ္လံ ဝါ၊ ပြန့်ပြောခြင်းကိုရင်း။ အဟံ၊ ငါသည်။ ပညပေဿာမိတိ၊ ပညပ်အံ့”ဟူ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ပြောဆိုရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ တယိဒံ၊ ထိုသညာမရှိသောစျာန်သည်။ သင်္ခတံ၊ ၍။ ဩဠာရိကံ၊ ၏။ပ။ ဥပါတိဝတ္တော၊ ၏။

၂၄။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုရှစ်ပါးသော နေဝသညီနာသညီဝါဒတို့၌။ပ။ပညပေန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ တတြ၊ တို့၌။ ယေ တေ သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ပညပေန္တိ၊ ကုန်၏။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏(အယူဝါဒကို)။ဧတေ၊ ဤနေဝသညီ နာသညီဝါဒီ ရဟန်းပုဏ္ဏားတို့သည်။ ပဋိက္ကောသန္တိ၊ တားမြစ်ကုန်၏။ တံ၊ ထိုသို့တားမြစ်ခြင်းသည်။ ကိဿဟေတု၊ နည်း။ သညာ၊ သည်။ ရောဂေါ၊ တည်း။ပ။သလ္လံ၊ တည်း။ အသညာ၊ သညာကင်းခြင်းသည်။ သမ္မောဟော၊ တွေဝေခြင်းတည်း။ ယဒိဒံ နေဝသညာနာသညံ၊ အကြင် နေဝသညာနာသညာ

ယတနသည်။ (အဘ္ဘိ၊ ၏။) တော်၊ ထိုနေဝသညာနာသညာယတနသည်။ သန္တံ၊ ၏။ တော်၊ သည်။ ပဏီတံ၊ ၏။ ဣတိ၊ ဤအကြောင်းကြောင့်တည်း။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ တယိဒံ၊ ထိုဒိဋ္ဌိ, ဒိဋ္ဌိအကြောင်း, ဒိဋ္ဌိအာရုံကို။ အဘိဇာနာတိ၊ ၏။ ယေခေါ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ပညပေန္တိ၊ ကုန်၏။ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ပညပေန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ကေစိ၊ အချို့ကုန်သော။ ယေ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်ငှင်း။ ယေ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်ငှင်း။ ဒိဋ္ဌသုတမုတဝိညာ-တဗ္ဗသင်္ခါရမတ္တေန၊ မြင်အပ်,ကြားအပ်,တွေ့အပ်သောအာရုံကို သိကာမျှ,(ပဥ္စဝိညာဉ်ဖြစ်ကာမျှ) သြဠာရိကသင်္ခါရ(အာကိဥ္စညာယတနအဆုံးရှိသော သမာပတ်)ဖြစ်ကာမျှဖြင့်။ တေသံ အာယတ-နသာ၊ဤနေဝသညာနာသညာယတန၏။ ဥပသမ္ပဒံ၊ပြည့်စုံခြင်းကို။ပညပေန္တိ၊ကုန်၏။ ဘိက္ခဝေ၊တို့။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏။ တော်၊ ဤမြင်အပ်,ကြားအပ်,တွေ့အပ်သော အာရုံကိုသိကာမျှ သြဠာရိကသင်္ခါရ ဖြစ်ကာမျှကို။ တေသ အာယတနဿ၊ ဤနေဝသညာ နာသညာယတန၏။ ဥပသမ္ပဒါယ၊ ပြည့်စုံခြင်း၏။ ဗျသနံ ဟိ၊ ပျက်စီးကြောင်းဟူ၍သာ။ အက္ခာယတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ တို့။ တော် အာယတနံ၊ ဤနေဝသညာနာသညာယတနကို။ သင်္ခါရသမာပတ္တိပတ္တဗ္ဗံ၊ သြဠာရိကသင်္ခါရဖြစ်ကာမျှဖြင့် ရအပ်၏ဟူ၍။ န အက္ခာယတိ၊ မဆိုအပ်။ ဘိက္ခဝေ၊ တို့။ တော် အာယတနံ၊ ကို။ သင်္ခါရာဝသေသသမာပတ္တိပတ္တဗ္ဗံ၊ သြဠာရိကသင်္ခါရမှကြွင်းသော သုခုမသင်္ခါရဖြစ်ခြင်းဖြင့် ရအပ်၏ဟူ၍။ အက္ခာယတိ၊ အပ်၏။ တယိဒံ၊ ထိုနေဝသညာနာသညာ-ယတနသည်။ သင်္ခတံ၊ ၍။ သြဠာရိကံ၊ ၏။ပ။ဥပါတိဝတ္တော၊ ၏။

၂၅။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုခုနစ်ပါးသောဥစ္ဆေဒဝါဒတို့၌။ ယေ တေ သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ပညပေန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ တတြ၊ တို့၌။ ယေ တေ သမဏဗြာဟ္မဏာ၊ တို့သည်။ပ။ပညပေန္တိ၊ ကုန်၏။ တေသံ၊ ထိုရဟန်းပုဏ္ဏားတို့၏(အယူဝါဒကို)။ တော၊ထိုဥစ္ဆေဒဝါဒီရဟန်းပုဏ္ဏားတို့သည်။ ပဋိက္ကောသန္တိ၊ ကုန်၏။ (ပဌမ-ယေတေ သမဏဗြာဟ္မဏာ-ဟူသော အနိယမ၏ နိယမကား တေ-တည်း။ ဒုတိယ ယေ တေ သမဏဗြာဟ္မဏာဟူသော အနိယမ၏နိယမကား တေသံ-တည်း။)ယေပိ တေ ဘောန္တော သမဏဗြာဟ္မဏာ၊တို့သည်လည်း။ပ။ပညပေန္တိ၊ကုန်၏။ပ။ ပဋိက္ကောသန္တိ၊ ကုန်၏။ တံ၊ သည်။ကိဿဟေတု၊ နည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဣမေ ဘောန္တော သမဏဗြာဟ္မဏာ၊ ဤအရှင်ရဟန်းပုဏ္ဏားတို့သည်။ ဥဒ္ဓံ၊ အထက်သံသရာကို။ သရံ၊ အောက်မေ့ကြကုန်လျက်။ "ပေစ္စ၊ တမလွန်ဘဝ၌။ ဣတိ ဘဝိဿာမ၊ ဤသို့ ဖြစ်ကုန်အံ့။ ပေစ္စ၊ ၌။ ဣတိ ဘဝိဿာမာတိ၊ ကုန်အံ့"ဟူ၍။ အာသတ္တိံယေဝ၊ ကပ်ငြိတောင့်တမှုကိုသာလျှင်။ အဘိဝဒန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်တည်း။ ဝါဏိဇူပမာယ၊ကုန်သွယ်ခြင်းငှါ။ ဂစ္ဆတော၊ သွားသော။ ဝါဏိဇဿ၊ ကုန်သည်၏။ "မေ၊ ငါ၏။ ဣတော၊ ဤအရင်းအနှီးမှ။ဣဒံ၊ဤအမြတ်အစွန်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣမိနာ၊ ဤအရင်းအနှီးဖြင့်။ ဣဒံ၊ ဤအမြတ်အစွန်းကို။ လစ္ဆာမိတိ၊ ရအံ့"ဟူသော။ ဧဝံ၊ ဤအကြံသည်။ ဟောတိ သေယျထာပိနာမ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ ဣမေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ "ပေစ္စ၊ ၌။ ဣတိ ဘဝိဿာမ၊ ကုန်အံ့။ ပေစ္စ၊ ၌။ ဣတိ ဘဝိဿာမာတိ၊ ကုန်အံ့"ဟူ၍။ ဝါဏိဇူပမာ မညေ၊ ကုန်သည်လျှင် ဥပမာရှိကုန်သကဲ့သို့။ ပဋိဘန္တိ၊ (ငါဘုရား၌) ထင်လာကုန်၏။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ တယိဒံ၊ ထိုဒိဋ္ဌိ,ဒိဋ္ဌိအကြောင်း,ဒိဋ္ဌိအာရုံကို။ အဘိဇာနာတိ၊ ၏။ ယေ ခေါ တေ ဘောန္တော သမဏ-ဗြာဟ္မဏာ၊ တို့သည်။ပ။ ပညပေန္တိ၊ ကုန်၏။ တေ၊ တို့သည်။ သက္ကာယဘယာ၊ သက္ကာယ

(ပရမတ္ထအားဖြင့် ထင်ရှားသော ဥပါဒါနက္ခန္ဓာအပေါင်း)မှ ကြောက်ကုန်သည်ဖြစ်၍။ သက္ကာယ-ပရိဇေဂုစ္ဆာ၊ သက္ကာယကို စက်ဆုပ်ကုန်သည်ဖြစ်၍။ သက္ကာယညေဝ၊ သက္ကာယသို့သာလျှင်။ အနုပရိဓာဝန္တိ၊ အဖန်ဖန် ပြေးဝင်ကုန်၏။ အနုပရိဝတ္တန္တိ၊ အဖန်ဖန် လည်ကုန်၏။ ဂဒ္ဒုလဗဒ္ဓေါ၊ တောက်ဖြင့် ဖွဲ့ချီအပ်သော။ သာ၊ ခွေးသည်။ ဒဠှေ၊ မြဲမြံသော။ ထမ္ဘေ ဝါ၊ တိုင်၌ရင်း။ ခိလေ ဝါ၊ ငုတ်၌ရင်း။ ဥပနိဗဒ္ဓေါ၊ ကပ်၍ဖွဲ့ချီအပ်သည်ရှိသော်။ တမေဝ ထမ္ဘံ ဝါ၊ ထိုတိုင်သို့ရင်း။ တမေဝ ခိလံ ဝါ၊ ထိုငုတ်သို့ရင်း။ အနုပရိဓာဝတိ သေယျထာပိ နာမ၊ အဖန်ဖန် ပြေးနေသကဲ့သို့။ အနုပရိဝတ္တတိသေယျထာပိနာမ၊ အဖန်ဖန် လည်သကဲ့သို့။ ဧဝမေဝ၊ သာလျှင်၊ ပ။ အနုပရိဓာဝန္တိ၊ ကုန်၏။ တယိဒံ၊ ထိုဥစ္စာဒဝါဒသည်။ သခ်တံ၊ ၍။ ဩဠာရိကံ၊ ၏။ပ။ ဥပါတိဝတ္တော၊ ၏။

၂၆။ ဘိက္ခဝေ၊ တို့။ အပရန္တကပ္ပိကာ၊ ကုန်သော။ အပရန္တာနုဒိဋ္ဌိနော၊ ကုန်သော။ ကေစိ၊ ကုန်သော။ ယေ သမဏာ ဝါ၊ တို့သည်ရင်း။ပ။ အဘိဝဒန္တိ၊ ကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ဣမာနေဝ ပဉ္စာယတနာနိ၊ ဤငါးပါးသော အကြောင်းတို့ကိုသာလျှင်။ အဘိဝဒန္တိ၊ ကုန်၏။ ဧတေသံ ဝါ၊ ဤငါးပါးသောအကြောင်းတို့တွင်လည်း။ အညတရံ၊ တပါးပါးသောအကြောင်းကို။ အဘိဝဒန္တိ၊ ကုန်၏။

၂၇။ ဘိက္ခဝေ၊ တို့။ ပုဗ္ဗန္တကပ္ပိကာ၊ ရှေးအဘို့တို့ကို ကြံဆ၍ယူကုန်သော။ ပုဗ္ဗန္တာနုဒိဋ္ဌိနော၊ ရှေးအဘို့ကို အစဉ်လိုက်သော အယူရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ပုဗ္ဗန္တံ၊ ရှေးအဘို့ကို။ အာရဗ္ဘ၊ စွဲ၍။ အနေကဝိဟိတာနိ၊ များသောအပြားတို့ဖြင့် စီရင်အပ်ကုန်သော။ အဓိဝုတ္တိပဒါနိ၊ ဒိဋ္ဌိအမည်ကို ပြတတ်သောပုဒ်တို့ကို။ အဘိဝဒန္တိ၊ များသောအားဖြင့် သက်ဝင်၍ ပြောဆိုကုန်၏။ “အတ္တာ စ၊ အတ္တသည်ရင်း။ လောကော စ၊ လောကသည်ရင်း။ သဿတော၊ မြဲ၏။ ဣဒမေဝ၊ ဤအယူသည်သာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ တပါးသောအယူသည်။ မောဃန္တိ၊ အချည်းနှီးတည်း”ဟူ၍။ ဣတ္ထံ၊ သို့။ ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ အသဿတော၊ မမြဲ။ပ။ သဿတော စ အသဿတော စ၊ မြဲလည်းမြဲ မမြဲလည်း မမြဲ။ပ။ နေဝ သဿတော နာသဿတော၊ မြဲလည်း မဟုတ် မမြဲလည်း မဟုတ်။ပ။

အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ အန္တဝါ၊ အပိုင်းအခြားရှိ၏။ပ။ အနန္တဝါ၊ အပိုင်းအခြား မရှိ။ပ။ အန္တဝါ စ အနန္တဝါ စ၊ အပိုင်းအခြားလည်းရှိ အပိုင်းအခြားလည်း မရှိ။ပ။ နေဝန္တဝါ နာနန္တဝါ၊ အပိုင်းအခြားရှိသည်လည်းမဟုတ် အပိုင်းအခြား မရှိသည်လည်း မဟုတ်။ပ။

အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ ဧကတ္တသညီ၊ တူသောသဘောရှိသော သညာရှိ၏။ပ။ နာနတ္တသညီ၊ ထူးသောသဘောရှိသော သညာရှိ၏။ပ။

အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ ပရိတ္တသညီ၊ နည်းသော သညာရှိ၏။ပ။ အပ္ပမာဏသညီ၊ အတိုင်းအရှည်မရှိသော သညာရှိ၏။ပ။

အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ ဧကန္တသုခီ၊ စင်စစ် ချမ်းသာရှိ၏။ပ။ ဧကန္တဒုက္ခီ၊ စင်စစ်ဆင်းရဲရှိ၏။ပ။ သုခဒုက္ခီ၊ ချမ်းသာဆင်းရဲရှိ၏။ “အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ အဒုက္ခမသုခီ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော

(ဥပေက္ခာ)ဝေဒနာ ရှိ၏။ ဣဒမေဝ၊ သည်သာလျှင်။ သစ္စံ၊၏။ အညံ၊ သည်။ မောဃန္တိ၊တည်း” ဟူ၍။ ဣတ္ထံ၊ သို့။ ဧကေ၊ တို့သည်။ အဘိဝဒန္တိ၊ ကုန်၏။

၂၈။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုတို့၌။ ယေ တေ သမဏဗြာဟ္မဏာ၊ တို့သည်။ “အတ္တာ စ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ပ။ မောဃန္တိ၊ တည်း”ဟူ၍။ ဧဝံ ဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်၏။ဧဝံဒိဋ္ဌိနော၊ဤသို့အယူရှိကုန်၏။တေသံ၊ထိုရဟန်းပုဏ္ဏားတို့၏။ (ပစ္စတ္တံယေဝ ဉာဏံ၌စပ်။) သဒ္ဓါယ၊ ယုံကြည်ခြင်းမှ။ အညတြေဝ၊ ကင်း၍သာလျှင်။ ရုစိယာ၊နှစ်သက်ခြင်းမှ။ အညတြေဝ၊ ကင်း၍သာလျှင်။ (ပုဒ်တိုင်းဝေသဒ္ဒါစပ်)။အနုဿဝါ၊ အဆင့်ကြားခြင်းမှ၊ အညတြေဝ၊ကင်း၍ သာလျှင်။ အာကာရပရိဝိတက္ကာ၊ အခြင်းအရာကိုကြံဆခြင်းမှ။ အညတြေဝ၊ ကင်း၍သာလျှင်။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ စဉ်းစားတွေးကြံလက်ခံနှစ်သက်သောအယူမှ။အညတြေဝ၊ ကင်း၍သာလျှင်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ ပရိယောဒါတံ၊ ဖြူစင်သော။ ပစ္စတ္တံယေဝ၊ မိမိ၌သာဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ (ဝိပဿနာဉာဏ်ကိုယူ)။ဝတ၊ စင်စစ်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ ဟူသော။ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဘိက္ခဝေ၊ တို့။ ပရိသုဒ္ဓေ၊ သော။ ပရိယောဒါတေ၊ သော။ ပစ္စတ္တံ၊သော။ ဉာဏေ ခေါ ပန၊ ဉာဏ်သည်ကား။ အသတိ၊ မရှိသော်။ တေ ဘောန္တော သမဏဗြာဟ္မဏာ၊ တို့သည်။ တတ္ထ၊ ထိုမိစ္ဆာအယူ၌။ ယဒပိ ဉာဏဘာဂမတ္တမေဝ၊ အကြင်ဉာဏ်အစုမျှကိုသာလျှင်။ ပရိယောဒပေန္တိ၊ ဖြူစင်စေကုန်၏[၁]။ တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ၊ တို့၏။ တဒပိ၊ ထိုဉာဏ်အစုကိုလည်း။ ဥပါဒါနံ၊ ဒိဋ္ဌုပါဒါန်ဟူ၍။ အက္ခာယတိ၊ အပ်၏။ တယိဒံ၊ ထိုဒိဋ္ဌုပါဒါန်သည်။ပ။တဿ၊ ထိုဒိဋ္ဌု- ပါဒါန်၏။ နိဿရဏဒဿာဝီ၊ ထွက်မြောက်ရာနိဗ္ဗာန်ကို မြင်တော်မူသော။ တထာဂတော၊ သည်။ တံ၊ ထိုဒိဋ္ဌုပါဒါန်ကို။ ဥပါတိဝတ္တော၊ လွန်မြောက်တော်မူ၏။

၂၉။ (ဤဝါကျအားလုံး အနက်ထင်ရှားပြီ။)

၁၃၂။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ဘုရား။ အစ္ဆရိယံ၊ လက်ဖျစ်ခတ်တီး အံ့ချီးထိုက်ပေစွ။ ဘန္တေ၊ ဘုရား။ အဗ္ဘုတံ၊ မဖြစ်စဘူး အဦး အသစ် ဖြစ်ပေစွ။ ဘန္တေ၊ ဘုရား။ အယံ ဓမ္မပရိယာယော၊ ဤတရားဒေသနာတော်သည်။ ကော နာမော၊ အဘယ်အမည် ရှိပါသနည်း" ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။ အာနန္ဒ၊ နန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သည်။ ဣမံ ဓမ္မပရိယာယံ၊ ဤ တရားဒေသနာတော်ကို။ ဗဟုဓာတု-ကောတိပိ၊ ဗဟုဓာတုက ဒေသနာ (ဓာတ်ခွဲတရား)တော် ဟူ၍လည်း။ ဓာရေဟိ၊ မှတ်လော့။ (နံဓာရေဟီတိ တွေ နန္တိ နိပါတမတ္တံ၊ ဋီကာ။) စတုပရိဝဋ္ဋောတိပိ၊ စတုပရိဝဋ္ဋဒေသနာ (ဓာတ်စသည့်လေးမျိုးလှည့်တရား) တော် ဟူ၍လည်း။ ဓာရေဟိ၊ လော့။ ဓမ္မာဒါသောတိပိ၊ ဓမ္မာဒါသဒေသနာတော် (တရားကြေးမုံ) ဟူ၍လည်း။ ဓာရေဟိ၊ လော့။ အမတ ဒုန္ဒုဘီတိပိ၊ အမတဒုန္ဒုဘိဒေသနာတော် (တရားအမြိုက်စည်) ဟူ၍လည်း။ ဓာရေဟိ၊ လော့။ အနုတ္တရော-သင်္ဂါမဝိဇယောတိပိ၊ အနုတ္တရသင်္ဂါမဝိဇယ ဒေသနာ (အတုမဲ့စစ်အောင်ပွဲတရား)တော် ဟူ၍လည်း။ ဓာရေဟိ၊ လော့။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ (ဣဒမဝေါစ ဘဂဝါ။ပ။ အဘိနန္ဒီတိ ပေးမြဲ)။

ပဥ္စမံ၊ သော။ ဗဟုဓာတုကသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၆-ဣသိဂိလိသုတ်

၁၃၃။ (ဧဝံ မေ သုတံ-ပေးမြဲ) ဧကံ သမယံ၊ ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ၌။ ဣသိဂိလိသ္မိံ ပဗ္ဗတေ၊ ဣသိဂိလိတောင်၌။ ဝိဟရတိ၊ ၏။ပ။ ပစ္စဿောသုံ၊ ကုန်ပြီ။ ဘဂဝါ၊သည်—

ဘိက္ခဝေ၊ သို့။ တုမှေ၊ တို့သည်။ ဧတံ ဝေဘာရံ ပဗ္ဗတံ၊ ထို ဝေဘာရတောင်ကို။ ပဿထနု၊ မြင်ကြကုန်၏လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဧဝံဘန္တေ၊ မှန်ပါ မြင်ပါကုန်၏။ ဘိက္ခဝေ၊ တို့။ ဧတဿပိ ခေါ ဝေဘာရဿ ပဗ္ဗတဿ၊ ထိုဝေဘာရတောင်၏လည်း။ အညာဝ၊ (ဝေဘာရ အမည်မှ) တပါးသာလျှင် ဖြစ်သော။ သမညာ၊ အမည်သည်။ အဟောသိ၊ ဖြစ်ပြီ။ အညာ၊ သော။ ပညတ္တိ၊ ပညတ်သည်။ အဟောသိ၊ ပြီ။ (ပဏ္ဏဝ, ဝေပုလ္လ, ဂိဇ္ဈကူဋတို့၌ ဤနည်းပေး။)

ဘိက္ခဝေ၊ တို့၊ တုမှေ၊ တို့သည်။ ဣမံ ဣသိဂိလိံ ပဗ္ဗတံ၊ ကို။ ပဿထနု၊ လော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဧဝံဘန္တေ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဣမဿ ခေါ ပန ဣသိဂိလိဿ ပဗ္ဗတဿ၊ ၏။ သောဝ သမညာ၊ ဤအမည်သည်သာလျှင်။ သော (ဝ) ပညတ္တိ၊ ဤပညတ်သည်သာလျှင်။ အဟောသိ၊ ပြီ။

ဘိက္ခဝေ၊ တို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်ကား။ ပဉ္စပစ္စေကဗုဒ္ဓသတာနိ၊ ငါးရာသော ပစ္စေကဗုဒ္ဓါတို့သည်။ (ပဉ္စ၊ ငါးလီကုန်သော။ ပစ္စေကဗုဒ္ဓသတာနိ၊ ပစ္စေကဗုဒ္ဓတို့၏ အရာတို့သည် ဟူ၍သော်လည်း ပုဒ်ရင်းအတိုင်း အနက်ပေး။) ဣမသ္မိံ ဣသိ ဂိလိသ္မိံ ပဗ္ဗတေ၊ ဤ ဣသိဂိလိ တောင်၌။ စိရနိဝါသိနော၊ ကြာမြင့်စွာနေလေ့ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ ဣမံ ပဗ္ဗတံ၊ ဤတောင်သို့။ ပဝိသန္တာ၊ ဝင်ဆဲဖြစ်ကုန်သော။ တေ၊ ထို ပစ္စေကဗုဒ္ဓါတို့ကို။ ဒိဿန္တိ၊ မြင်အပ်ကုန်၏ (မြင်ရကုန်၏)။ ပဝိဋ္ဌာ၊ ဝင်ပြီးကုန်သော။ တေ၊ တို့ကို။ န ဒိဿန္တိ၊ မမြင် အပ်ကုန်။ တမေနံ၊ ထိုအကြောင်းအရာကို။ ဒိသွာ၊ မြင်၍။ မနုဿာ၊ လူတို့သည်။ "အယံ ပဗ္ဗတော၊ ဤတောင်သည်။ ဣမေ ဣသီ၊ ဤပစ္စေကဗုဒ္ဓါတို့ကို။ ဂိလတီတိ၊ မျို၏" ဟူ၍။ ဧဝံ၊ သို့။ အာဟံသု၊ ဆိုကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဣသိဂိလိ၊ ဣသိဂိလိတောင်သည်။ ဣသိဂိလိ တွေဝ သမညာ၊ ဣသိဂိလိဟူသော အမည်သည်သာလျှင်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ နာမာနိ၊ အမည်တို့ကို။ အာစိက္ခိဿာမိ၊ ပြောကြားတော် မူအံ့။ပ။ ကိတ္တယိဿာမိ၊ ကြွေးကြော်တော်မူအံ့။ပ။ ဒေသေဿာမိ၊ ဟောတော်မူအံ့။ပ။ ဘာသိဿာမိတိ၊မူအံ့-ဟူသော။ တံ၊ကို။ အဝေါစ၊ ပြီ။ပ။ ပစ္စဿောသုံ၊ ကုန်ပြီ။ ဘဂဝါ၊ သည်—

၁၃၄။ ဘိက္ခဝေ၊ တို့။ အရိဋ္ဌောနာမ၊ အရိဋ္ဌမည်သော။ ပစ္စေကဗုဒ္ဓေါ၊ သည်။ ဣမသ္မိံ ဣသိဂိလိသ္မိံ ပဗ္ဗတေ၊ ၌။ စိရနိဝါသီ၊ ကြာမြင့်စွာ နေလေ့ရှိသည်။ အဟောသိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ဥပရိဋ္ဌောနာမ၊ သော။ပ။ တဂရသိခီနာမ၊ သော။ပ။ ယသဿီနာမ၊ သော။ပ။ သုဒဿနော နာမ၊ သော။ပ။ ပိယဒဿီနာမ၊ သော။ပ။ ဂန္ဓာရောနာမ၊ သော။ပ။ ပိဏ္ဍောလောနာမ၊ သော။ပ။ ဥပါသဘောနာမ၊ သော။ပ။ နီတောနာမ၊ သော။ပ။ တထောနာမ၊ သော။ပ။ သုတဝါနာမ၊ သော။ပ။ ဘာဝိတတ္တောနာမ၊ သော။ပ။ အဟောသိ၊ ပြီ။

၁၃၅။ (က)သတ္တသာရာ၊ သတ္တဝါတို့၏ အနှစ်သဖွယ်ဖြစ်ကုန်သော။ အနီဃာ၊ ဆင်းရဲ မရှိကုန်သော။ နိရာသာ၊ အလိုအာသာ(တဏှာ) မရှိကုန်သော။ ယေ၊ အကြင်ပစ္စေကဗုဒ္ဓါ တို့သည်။ ပစ္စေကမေဝ၊ အသီးအခြားသာလျှင်ဖြစ်သော။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ အဇ္ဈဂမံသု၊ ရကုန်ပြီ။ ဝိသလ္လာနံ၊ ကင်းသောတဏှာငြောင့်ရှိကုန်သော။ နရုတ္တမာနံ၊လူတို့ထက် မြတ်ကုန်သော။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါတို့၏။ နာမာနိ၊ အမည်တို့ကို။ ကိတ္တယတော၊ ဟောကြားကြွေးကြော်သော။မေ၊ ငါဘုရား၏(စကားတော်ကို)။သုဏာထ၊ နာကြကုန်လော့။

(ခ) အရိဋ္ဌော၊ အရိဋ္ဌပစ္စေကဗုဒ္ဓါရင်း။ ဥပရိဋ္ဌော၊ ရင်း။ တဂရသိခီ၊ ရင်း။ ယသဿီ၊ ရင်း။ သုဒဿနော၊ ရင်း။ ပိယဒဿီစ သုသမ္ဗုဒ္ဓေါ၊ ပိယဒဿီ ပစ္စေကဗုဒ္ဓါရင်း။ ဂန္ဓာရော၊ ရင်း။ ပိဏ္ဍောလော၊ ရင်း။ ဥပါသဘောစ၊ရင်း။ နီတော၊ ရင်း။ တထော၊ ရင်း။ သုတဝါ၊ ရင်း။ ဘာဝိတတ္တော၊ ရင်း။

(ဂ) သုဗ္ဗော၊ ရင်း။ သုဘော၊ ရင်း။ မတုလော၊ ရင်း။ အဋ္ဌမောစ၊ ရင်း။ အထ၊ ထို့ပြင်။ (အဿု နိပါတ်မျှ)။မေဃော၊ ရင်း။ အနီဃော၊ ရင်း။ သုဒါဌော၊ ရင်း။ ဘဝနေတ္တိ

ခိဏာ၊ ကုန်ပြီးသောဘဝနှောင်ကြိုး (တဏှာ) ရှိကုန်သော။ ပစ္စေဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့ ချည်းတည်း။ ဟိင်္ဂု စ၊ ငင်း။ ဟိင်္ဂုလိ စ၊ ငင်း။ မဟာနုဘာဝါ၊ ကြီးသောအာနုဘော် ရှိကုန်သော ပစ္စေကဗုဒ္ဓါတို့တည်း။

(ဃ) ဒွေဇာလိနော၊ နှစ်ဆူသောစူဠဇာလိ, မဟာဇာလိတို့ငင်း။ မုနိနော၊ ပစ္စကမုနိ တို့တည်း။ အဋ္ဌကော စ၊ ငင်း။ အထ၊ ထို့ပြင်။ ကောသလ္လော ဗုဒ္ဓေါ၊ ကောသလ္လပစ္စေက ဗုဒ္ဓါငင်း။ အထော၊ထို့မျှ။ သုဗာဟု၊ ငင်း။ ဥပနေမိသော၊ ငင်း။နေမိသော၊ ငင်း။ သန္တစိတ္တော၊ ငင်း။သစ္စော၊ ငင်း။ တထော၊ ဒုတိယတထပစ္စေကဗုဒ္ဓါ ငင်း။ ဝိရဇော၊ ငင်း။ ပဏ္ဍိတော စ၊ ငင်း။

(င) ကာဠုပကာဠာ၊ကာဠ, ဥပကာဠ ပစ္စေကဗုဒ္ဓါတို့ငင်း။ဝိဇိတော၊ငင်း။ဇိတော စ၊ ငင်း။ အင်္ဂေါ စ၊ ငင်း။ ပင်္ဂေါ စ၊ ငင်း။ ဂုတ္တိဇိတော စ၊ ငင်း။ ပဿိ၊ ငင်း။ (သော၊ ထိုပစ္စေကဗုဒ္ဓါသည်။)ဥပဓိဒုက္ခမူလံ၊ ဒုက္ခ၏အကြောင်းဖြစ်သော ဥပဓိကို။ ဇဟိ၊ ပယ်ပြီ။ အပရာဇိတော၊ ငင်း။(သော၊ သည်။)မာရဗလံ၊ မာရ်စစ်သည်ကို။ အဇေသိ၊ အောင်ပြီ။

(စ) သတ္ထာ၊ ငင်း။ ပဝတ္တာ၊ ငင်း။ သရဘင်္ဂေါ၊ ငင်း။ လောမဟံသော၊ ငင်း။ ဥစ္စင်္ဂမာယော၊ ငင်း။ အသိတော၊ ငင်း။ အနာသဝေါ၊ ငင်း။ မနောမယော၊ ငင်း။ မာနစ္ဆိဒေါ၊ ဖြတ်အပ်ပြီးသောမာနရှိသော။ ဗန္ဓုမာ စ၊ ငင်း။ တဒါဓိမုတ္တော၊ ငင်း။ ဝိမလော စ၊ ငင်း။ ကေတုမာ၊ ငင်း။

(ဆ) ကေတုမ္ဘရာဂေါ၊ ငင်း။ မာတင်္ဂေါ၊ ငင်း။ အရိယော၊ ငင်း။ အထ၊ ထို့ပြင်။ အစ္စုတော၊ ငင်း။ အစ္စုတဂါမဗျာမကော၊ အစ္စုတဂါမ, ဗျာမကပစ္စေကဗုဒ္ဓါငင်း။ (သမာဟာရဒွန္ဒ်တည်း။) သုမင်္ဂလော၊ ငင်း။ ဒဗ္ဗိလော၊ ငင်း။ သုပတိဋ္ဌိတော၊ ငင်း။ အသယှော၊ငင်း။ခေမာဘိရတော စ၊ ငင်း။ သောရတော၊ ငင်း။

(ဇ) ဒုရန္နယော၊ ငင်း။ သံဃော၊ ငင်း။ အထောပိ၊ ထိုပြင်လည်း။ ဥဇ္ဇယော၊ ငင်း။ အပရော၊တပါးသော။မုနိ၊ ငင်း။ အနောမနိက္ကမော၊ မလျော့သောဝီရိယရှိသော။ သယှော၊ ငင်း။ အာနန္ဒော၊ အာနန္ဒ (လေးဆူ)ငင်း။ နန္ဒော၊ နန္ဒ(လေးဆူ)ငင်း။ ဥပနန္ဒော၊ ဥပနန္ဒ(လေးဆူ)ငင်း။ ဠာတိ၊ သို့။ ဒွါဒသ၊ တဆယ့်နှစ်ဆူတို့ငင်း။ အန္တိမ-ဒေဟဓာရီ၊ အဆုံးစွန်သောကိုယ်ကိုဆောင်သော။ ဘာရဒွါဇော၊ ငင်း။

(ဈ) ဗောဓိ၊ ငင်း။ မဟာနာမော၊ ငင်း။ အထာပိ၊ ထို့ပြင်သည်း။ ဥတ္တရော၊ ငင်း။ ကေသီ၊ ငင်း။ သိခီ၊ ငင်း။ သုန္ဒရော၊ ငင်း။ ဒွါရဘာဇော။ ငင်း။ ဘဝဗန္ဓနစ္ဆိဒေါ၊ ဖြတ်အပ်ပြီးသော ဘဝအနှောင်အဖွဲ့(တဏှာ)ရှိကုန်သော။ တိဿူပတိဿာ၊ တိဿ, ဥပတိဿတို့ငင်း။ ဥပသိခိ၊ ငင်း။ တဏှစ္ဆိဒေါ၊ ဖြတ်အပ်ပြီးသော တဏှာရှိသော။ သိခရိစ၊ ငင်း။

(ည) ဝီတရာဂေါ၊ ကင်းပြီးသောရာဂရှိသော။ မင်္ဂလော၊ ငင်း။သော၊သည်။ဗုဒ္ဓေါ၊ သည်။ အဟု၊ ဖြစ်ပြီ။ ဥသဘော၊ ငင်း။ သော၊ သည်။ ဒုက္ခမူလံ၊ ဆင်းရဲ၏အကြောင်း ဖြစ်သော။ ဇာလိနိံ၊ တဏှာကို။ အစ္ဆိဒါ၊ ဖြတ်ပြီ။ ဥပနီတော၊ ငင်း။ သော၊ သည်။

သန္တံ၊ ငြိမ်းအေးသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဇ္ဈဂမာ၊ ရပြီ။ ဥပေါသထော၊ ရှင်း။ သုန္ဒရော၊ ရှင်း။ သစ္စနာမော၊ ရှင်း။

(၃) ဇေတော၊ ရှင်း။ ဇယန္တော၊ ရှင်း။ ပဒုမော၊ ရှင်း။ ဥပ္ပလော စ၊ ရှင်း။ ပဒုမုတ္တရော၊ ရှင်း။ ရက္ခိတော၊ ရှင်း။ ပဗ္ဗတော စ၊ ရှင်း။ မာနတ္ထဒ္ဓေါ၊ ရှင်း။ သောဘိတော၊ ရှင်း။ ဝီတရာဂေါ၊ ရှင်း။ သုဝိမုတ္တစိတ္တော၊ ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သောစိတ် ရှိသော။ ကဏှော စ ဗုဒ္ဓေါ၊ ကဏှပစ္စေကဗုဒ္ဓါ ရှင်း။

(၄) မဟာနုဘာဝါ၊ ကြီးသောအာနုဘော်ရှိကုန်သော။ ဘဝနေတ္တိခီဏာ၊ ကုန်ပြီးသောဘဝခနှောင်ကြိုး(တဏှာ) ရှိကုန်သော။ ဧတေ စ ပစ္စေကဗုဒ္ဓါ၊ ဤပစ္စေကဗုဒ္ဓါတို့ရှင်း။ အညေ စ ပစ္စေကဗုဒ္ဓါ၊ တပါးသောပစ္စေကဗုဒ္ဓါတို့ရှင်းတည်း။ သဗ္ဗသင်္ဂါတိဂတော၊ အလုံးစုံသော ကပ်ငြိတတ်သောတဏှာကို လွန်မြောက်ပြီးကုန်သော။ မဟေသိ၊ မြတ်သော သီလဂုဏ်စသည်ကို ရှာမှီးကုန်သော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံပြီးကုန်သော။ အပ္ပမေယျေ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်တော်ရှိကုန်သော။ တေ၊ ထိုပစ္စေကဗုဒ္ဓါတို့ကို။ ဝန္ဒထာတိ၊ ရှိခိုးကြကုန်လော့”ဟူသော။ ဇတံ၊ ကို။ အဝေါစ၊ ပြီ။

ဆဋ္ဌံ၊ သော။ ဣသိဂိလိသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၇-မဟာစတ္တာရီသကသုတ်

၁၃၆။ (ဧဝံ မေ သုတံ။ပ။ပစ္စဿောသုံ-ပေးမြဲ။) ဘဂဝါ၊ သည်—“ဘိက္ခဝေ၊ တို့။ဝေါ၊ သင်တို့အား။ သဥပနိသံ၊ အကြောင်းနှင့်တကွဖြစ်သော။ သပရိက္ခာရံ၊ အခြံအရံနှင့်တကွဖြစ်သော။ အရိယံ၊ အပြစ်ကင်းဝေးသော။ သမ္မာသမာဓိံ၊ သမ္မာသမာဓိကို။ ဒေသေဿာမိ၊ အံ့။ပ။ဘာသိဿာမီတိ၊ အံ့”ဟူသော။ ဇတံ၊ ကို။ အဝေါစ၊ ပြီ။ပ။ပစ္စဿောသုံ၊ ကုန်ပြီ။ ဘဂဝါ၊ သည်—

ဘိက္ခဝေ၊ တို့။ သဥပနိသော၊ သော။ သပရိက္ခာရော၊ သော။ အရိယော၊ သော။ သမ္မာသမာဓိ၊ သည်။ ကတမော စ၊ အဘယ်နည်း။ ဣဒံ၊ ဤသမ္မာသမာဓိ၏အကြောင်း အခြံအရံဟူသည်။ သေယျထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ရှင်း။ပ။သမ္မာသတိ၊ ရှင်းတည်း။ ဘိက္ခဝေ၊ တို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤအင်္ဂါတို့ဖြင့်။ ဝါ၊တို့သည်။ ပရိက္ခတာ၊ ခြံရံအပ်သော။ စိတ္တဿ၊ စိတ်၏။ ယာ ဧကဂ္ဂတာ၊ အကြင်တခုတည်းသော အာရုံရှိသည်၏အဖြစ်သည်။ အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤစိတ်၏တခုတည်းသောအာရုံစိတ်ရှိသည်၏အဖြစ်ကို။ သဥပနိသော၊ သော။ အရိယော၊ သော။ သမ္မာသမာဓိဣတိပိ၊ ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ သပရိက္ခာရော၊ သော။ အရိယော၊ သော။ သမ္မာသမာဓိဣတိပိ၊ ဟူ၍လည်း။ ဝုစ္စတိ၊ အပ်၏။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုခုနစ်ပါးသောအင်္ဂါတို့တွင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ ရှေ့သွားသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထံ စ၊ အဘယ်သို့လျှင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ နည်း။ မိစ္ဆာဒိဋ္ဌိံ၊ ကို။ မိစ္ဆာဒိဋ္ဌီတိ၊ ဟူ၍။ ပဇာနာတိ၊ ၏။ သမ္မာဒိဋ္ဌိံ၊ ကို။ သမ္မာဒိဋ္ဌီတိ၊ ဟူ၍။ ပဇာနာတိ၊ ၏။ သာ၊ ထိုသိခြင်းသည်။ အဿ၊ ထိုသမ္မာဒိဋ္ဌိနှင့် ပြည့်စုံသောရဟန်း၏။ သမ္မာဒိဋ္ဌိ၊ မည်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ မိစ္ဆာဒိဋ္ဌိ၊ သည်။ ကတမာစ၊ နည်း။ (နတ္ထိဒိန္နံ-စသော ဝါကျ၏ အနက်ကို စူဠပုဏ္ဏမသုတ်အပိုဒ် ၉၁-အဆုံး နံပါတ်၇-၌ ရှုပါ။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤအယူသည်။ မိစ္ဆာဒိဋ္ဌိ၊ မည်၏။

ဘိက္ခဝေ၊ တို့။ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာစ၊ နည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ သမ္မာဒိဋ္ဌိံ ပိ၊ သမ္မာဒိဋ္ဌိကိုလည်း။ ဒွယံ၊ နှစ်ပါးသော အဘို့အစိတ်ရှိ၏ဟူ၍[၁]။ ဝဒါမိ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ တို့။ သာသဝါ၊ အာသဝတို့နှင့် တကွဖြစ်သော။ ပုညဘာဂိယာ၊ ကောင်းမှု၏ အစု ဖြစ်သော။ ဥပဓိဝေပက္ကာ၊ ခန္ဓုပဓိအကျိုးကို ပေးတတ်သော။ (ခန္ဓုပဓိအကျိုးရှိသောဟူ၍ သော်လည်းပေး။) သမ္မာဒိဋ္ဌိ၊ သည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ တို့။ အရိယာ၊ အပြစ်ကင်းဝေးသော။ အနာသဝါ၊ အာသဝမရှိသော။ လောကုတ္တရာ၊ လောကကို လွန်မြောက်သော။ (လောကမှ လွတ်မြောက်သောဟူ၍သော်လည်း ပေး။) မဂ္ဂင်္ဂါ၊ အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော။ သမ္မာဒိဋ္ဌိ၊ သည်။ အတ္ထိ၊ ၏။

ဘိက္ခဝေ၊ တိ။ သာသဝါ၊ သော။ပ။ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာစ၊ နည်း။ (အတ္ထိ ဒိန္နံ စသော ဝါကျတို့၏ အနက်ကို စူဠပုဏ္ဏမသုတ် အပိုဒ် ၉၂-အဆုံးနံပါတ် ၇-၌ရှု။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤသိခြင်းသည်။ သာသဝါ၊ သော။ပ။ သမ္မာဒိဋ္ဌိ၊ မည်၏။

ဘိက္ခဝေ၊ တို့။ အရိယာ၊ သော။ပ။ သမ္မာဒိဋ္ဌိ၊ သည်။ ကတမာစ၊ နည်း။ ဘိက္ခဝေ၊ တို့။ အရိယစိတ္တဿ၊ အပြစ်ကင်းဝေးသော စိတ်ရှိသော။ အနာသဝစိတ္တဿ၊ အာသဝကင်းသော စိတ်ရှိသော။ အရိယမဂ္ဂသမင်္ဂိနော၊ အရိယာမဂ်နှင့် ပြည့်စုံသော။ အရိယမဂ္ဂံ၊ အရိယမဂ်ကို။ ဘာဝယ-တော၊ ဖြစ်စေသောသူ၏ (ပွါးသောသူ၏)။ ယာ ပညာ၊ အကြင်ပညာသည်။ ယံ ပညိန္ဒြိယံ၊ အကြင်ပညိန္ဒြေသည်။ ယံ ပညာဗလံ၊ အကြင်ပညာဗိုလ်သည်။ ယော ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ အကြင်ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ ယာ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိသည်။ ယံ မဂ္ဂင်္ဂံ၊ အကြင်မဂ္ဂင်သည်။ (အတ္ထိ၊ ၏။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤပညာစသည်ကို။ အရိယာ၊ သော။ပ။ သမ္မာဒိဋ္ဌိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ သော၊ ထို (မိစ္ဆာဒိဋ္ဌိကို မိစ္ဆာဒိဋ္ဌိဟူ၍-သမ္မာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဟူ၍ သိသော)ရဟန်းသည်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သမ္မာဒိဋ္ဌိ-ယာ၊ သမ္မာဒိဋ္ဌိ၏။ ဥပသမ္ပဒါယ၊ ပြည့်စုံခြင်းငှါ။ ဝါယမတိ၊ အားထုတ်၏။ သော၊ ထိုအားထုတ်ခြင်းသည်။ အဿ၊ ထိုသမ္မာဝါယာမနှင့် ပြည့်စုံသော ရဟန်း၏။သမ္မာဝါယာမော၊ သမ္မာဝါယာမ မည်သည်။ဟောတိ၊ ၏။ သော၊ ထိုသမ္မာဝါယာမနှင့် ပြည့်စုံသော ရဟန်းသည်။သတော၊အောက်မေ့သည်ဖြစ်၍။ မိစ္ဆာဒိဋ္ဌိံ၊ ကို။ ပဇဟတိ၊ ပယ်၏။ သတော၊ ၍။ သမ္မာဒိဋ္ဌိံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ သာ၊ ထိုအောက်မေ့ခြင်းသည်။ အဿ၊ ထိုသမ္မာသတိနှင့် ပြည့်စုံသော ရဟန်း၏။ သမ္မာသတိ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ တယော၊ သုံးပါးကုန်သော။ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သမ္မာဒိဋ္ဌိံ၊ သို့။ အနုပရိဓာဝန္တိ၊ အစဉ်ပြေးဝင်ကုန်၏။ အနုပရိဝတ္တန္တိ၊ အစဉ်

၁။ ဒွါယန္တိ အ-ကာရော ဒီဃံကတွာ ဝုတ္တော။ ဒွေ အဝယဝါ တေဿာတိ ဒွယံ၊ (ဋီကာ)။

လိုက်ကုန်၏။ (ခြံရံကုန်၏ ဟူလိုသည်။) ဣဒံ၊ ဤသုံးပါးကုန်သော တရားတို့သည်။ သေယျထာ၊ အဘယ်သည်တို့နည်း။ သမ္မာဒိဋ္ဌိ၊ ငှင်း။ သမ္မာဝါယာမော၊ ငှင်း။ သမ္မာသတိ၊ ငှင်းတည်း။

၁၃၇။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုခုနစ်ပါးကုန်သော တရားတို့တွင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ သို့လျှင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ နည်း။ မိစ္ဆာသင်္ကပ္ပံ၊ ကို။ မိစ္ဆာသင်္ကပ္ပေါတိ၊ ဟူ၍။ ပဇာနာတိ၊ ၏။ သမ္မာသင်္ကပ္ပံ၊ ကို။ သမ္မာသင်္ကပ္ပေါတိ၊ ဟူ၍။ ပဇာနာတိ၊ ၏။ သာ၊ ထိုသိခြင်းသည်။ အဿ၊ ၏။ သမ္မာဒိဋ္ဌိ၊ မည်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ မိစ္ဆာသင်္ကပ္ပေါ၊ သည်။ ကတမော စ၊ နည်း။ ကာမသင်္ကပ္ပေါ၊ ငှင်း။ ဗျာပါဒသင်္ကပ္ပေါ၊ ငှင်း။ ဝိဟိံသာသင်္ကပ္ပေါ၊ ငှင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသုံးပါးသော သင်္ကပ္ပသည်။ မိစ္ဆာသင်္ကပ္ပေါ၊ မည်၏။

ဘိက္ခဝေ၊ တို့။ သမ္မာသင်္ကပ္ပေါ၊ သည်။ ကတမော စ၊ နည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ သမ္မာသင်္ကပ္ပံပိ၊ ကိုလည်း။ ဒွယံ၊ နှစ်ပါးသော အစိတ်အပိုင်း ရှိ၏ဟူ၍။ ဝဒါမိ၊ ၏။ ဘိက္ခဝေ၊ တို့။ သာသဝေါ၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ သည်။ အတ္ထိ၊ ၏။ အရိယော၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ သည်။ အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ သာသဝေါ၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ သည်။ ကတမော စ၊ နည်း။ နေက္ခမ္မသင်္ကပ္ပေါ၊ ငှင်း။ အဗျာပါဒသင်္ကပ္ပေါ၊ ငှင်း။ အဝိဟိံသာသင်္ကပ္ပေါ၊ ငှင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသုံးပါးသော သင်္ကပ္ပသည်။ သာသဝေါ၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ မည်၏။

ဘိက္ခဝေ၊ တို့။ အရိယော၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ သည်။ ကတမော စ၊ နည်း။ ဘိက္ခဝေ၊ တို့။ အရိယစိတ္တဿ၊ သော။ပ။ ဘာဝယတော၊ ၏။ ယော တက္ကော၊ အကြင်ကြံစည်ခြင်းသည်။ ယော ဝိတက္ကော၊ အကြင်အထူးထူး ကြံစည်ခြင်းသည်။ ယော သင်္ကပ္ပေါ၊ အကြင်ကောင်းစွာ ကြံစည်ခြင်းသည်။ ယာ အပ္ပနာ၊ အကြင်အာရုံသို့ တင်ခြင်းသည်။ ယာ ဗျပ္ပနာ၊ အကြင်အာရုံသို့ အထူးသဖြင့်တင်ခြင်းသည်။ စေတသော၊ စိတ်ကို။ ယာ အဘိနိရောပနာ၊ အကြင်အာရုံသို့ ရှေးရှုတင်ခြင်းသည်။ ယော ဝစီသင်္ခါရော၊ အကြင်စကားကို ပြုစီရင်တတ်သော သဘောသည်။ (အတ္ထိ၊ ၏။)ဘိက္ခဝေ၊ တို့။ အယံ၊ ဤကြံစည်ခြင်းစသည်သည်။ အရိယော၊ သော။ပ။ သမ္မာသင်္ကပ္ပေါ၊ မည်၏။ သော၊ ထိုရဟန်းသည်။ မိစ္ဆာသင်္ကပ္ပဿ၊ ကို။ ပဟာနာယ၊ ငှါ။ သမ္မာသင်္ကပ္ပဿ၊ ၏။ ဥပသမ္ပဒါယ၊ ငှါ။ ဝါယမတိ၊ ၏။ သော၊ ထိုအားထုတ်ခြင်းသည်။ အဿ၊ ထိုသမ္မာဝါယာမနှင့် ပြည့်စုံသော ရဟန်း၏။ သမ္မာဝါယာမော၊ မည်သည်။ ဟောတိ၊ ၏။ သော၊ ထိုရဟန်းသည်။ သတော၊ ၍။ မိစ္ဆာသင်္ကပ္ပံ၊ ကို။ ပဇဟတိ၊ ၏။ သတော၊ ၍။ သမ္မာသင်္ကပ္ပံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ သာ၊ ထိုအောက်မေ့ခြင်းသည်။ အဿ၊ ထိုသမ္မာသတိနှင့် ပြည့်စုံသောရဟန်း၏။ သမ္မာသတိ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ တယော၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ သမ္မာသင်္ကပ္ပံ၊ သို့။ အနုပရိဓာဝန္တိ၊ ကုန်၏။ အနုပရိဝတ္တန္တိ၊ ကုန်၏။ ဣဒံ၊ တို့သည်။ သေယျထာ၊ တို့နည်း။ သမ္မာဒိဋ္ဌိ၊ ငှင်း။ သမ္မာဝါယာမော၊ ငှင်း။ သမ္မာသတိ၊ ငှင်းတည်း။

၁၃၈။ ဘိက္ခဝေ၊ တို့။ တတြ၊ တို့တွင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ သို့လျှင်။ သမ္မာဒိဋ္ဌိ၊ သည်။ ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ နည်း။ မိစ္ဆာဝါစံ၊

ကို။ မိစ္ဆာဝါစာတိ၊ ဟူ၍။ ပဇနာတိ၊ ၏။ သမ္မာဝါစံ၊ ကို။ သမ္မာဝါစာတိ၊ ဟူ၍။ပဇာနာတိ၊ ၏။ သာ၊ ထိုသိခြင်းသည်။ အဿ၊ ၏။ သမ္မာဒိဋ္ဌိ၊ မည်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ မိစ္ဆာဝါစာ၊ သည်။ ကတမာစ၊ နည်း။ မုသာဝါဒေါ၊ မဟုတ်မမှန်သောစကားရင်း။ ပိသုဏာ၊ ချောပင်ဂုံးတိုက်သော။ ဝါစာ၊ စကားရင်း။ ဖရုသာ၊ ကြမ်းတန်းသော။ ဝါစာ၊ ရင်း။ သမ္ဖပ္ပလာပေါ၊ ပြိန်ဖျင်းသောစကားရင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤလေးပါးသောစကားသည်။ မိစ္ဆာဝါစာ၊ မည်၏။ ဘိက္ခဝေ၊ တို့။ သမ္မာဝါစာ၊ သည်။ ကတမာ စ၊ နည်း။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ သမ္မာ-ဝါစမ္ပိ၊ ကိုလည်း။ ဒွယံ၊ ဟူ၍။ ဝဒါမိ၊ ၏။

ဘိက္ခဝေ၊ တို့။ သာသဝါ၊ သော။ပ။ သမ္မာဝါစာ၊ သည်။အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ အရိယာ၊ သော။ပ။သမ္မာဝါစာ၊ သည်။ အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ သာသဝါ၊ သော။ပ။သမ္မာဝါစာ၊သည်။ ကတမာစ၊ နည်း။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ကြောင်း စေတနာရင်း [၁]။ ပိသုဏာယ၊ ချောပစ်ဂုံးတိုက်တတ်သော။ ဝါစာယ၊စကားမှ။ဝေရမဏီ၊ ရင်း။ ဖရုသာယ ကြမ်းတန်းသော။ ဝါစာယ၊ စကားမှ။ ဝေရမဏီ၊ ရင်း။ သမ္ဖပ္ပလာပါ၊ ပြိန်ဖျင်းသောစကားမှ။ ဝေရမဏီ၊ ရင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤလေးပါးသော စေတနာသည်။ သာသဝါ၊ သော။ပ။သမ္မာဝါစာ၊ မည်၏။ ဘိက္ခဝေ၊ သို့။ အရိယာ၊ သော။ပ။သမ္မာဝါစာ၊ သည်။ ကတမာ စ၊ နည်း။ ဘိက္ခဝေ၊ တို့။ အရိယစိတ္တဿ၊ သော။ပ။ဘာဝယတော၊ ၏။ စတူဟိ၊ လေးပါးကုန်သော။ ဝစီဒုစ္စရိတေဟိ၊ ဝစီဒုစရိုက်တို့မှ။ ယာ အာရတိ၊ အကြင်အဝေးမှ ရှောင်ကြဉ်ခြင်းသည်။ ယာ ဝိရတိ၊ အကြင်ကင်း၍ ရှောင်ကြဉ်ခြင်းသည်။ ယာ ပဋိဝိရတိ၊ အကြင်ဆုတ်နစ်၍ ရှောင်ကြဉ်ခြင်းသည်။ ယာ ဝေရမဏီ၊ အကြင်ရှောင်ကြဉ်ကြောင်း စေတနာသည်။ (အတ္ထိ၊ ၏။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းသည်။ အရိယာ၊ သော။ပ။သမ္မာဝါစာ၊ မည်၏။ (သော မိစ္ဆာဝါစာယ။ပ။သမ္မာသတိ-ကား ရှေးနည်းကိုမှီး၍ သမ္ဗန်။)

၁၃၉။ (တတြ ဘိက္ခဝေ။ပ။သာဿ ဟောတိ သမ္မာဒိဋ္ဌိကို ရှေးနည်းမှီး၍ သမ္ဗန်။)ဘိက္ခဝေ၊တို့။ မိစ္ဆာကမ္မန္တော၊ သည်။ ကတမောစ၊ နည်း။ ပါဏာတိပါတော၊ သူ့အသက်ကိုလျင်စွာချခြင်းရင်း။ အဒိန္နာဒါနံ၊ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းရင်း။ ကာမေသုမိစ္ဆာစာရော၊ မေထုန်ကာမတို့၌ ယုတ်မာသောကျင့်ခြင်းရင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသုံးပါးသော တရားသည်။ မိစ္ဆာကမ္မန္တော၊ မည်၏။ (ကတမော စ၊ပ၊ မဂ္ဂင်္ဂေါကို ရှေးနည်းမှီး၍ သမ္ဗန်။) ဘိက္ခဝေ၊ တို့။ သာသဝေါ၊ သော။ပ။သမ္မာကမ္မန္တော၊ သည်။ ကတမောစ၊ နည်း။ ပါဏာတိပါတာ၊ မှ။ ဝေရမဏီ၊ ရင်း။ပ။ကာမေသုမိစ္ဆာစာရာ၊ မှ။ ဝေရမဏီ၊ ရင်းတည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသုံးပါးသောတရားသည်။ သာသဝေါ၊ သော။ပ။သမ္မာကမ္မန္တော၊ မည်၏။(ကတမောစ။ပ။ သမ္မာသတိကို ရှေးနည်းမှီး၍ သမ္ဗန်။)

၁၄၀။ (တတြ။ပ။သာဿ ဟောတိ သမ္မာဒိဋ္ဌိ-ကို ရှေးနည်းမှီး၍ သမ္ဗန်လေ။)ဘိက္ခဝေ၊ တို့။ မိစ္ဆာအာဇီဝေါ၊ သည်။ ကတမောစ၊ နည်း။ ကုဟနာ၊ ဝါကြွားကြောင်း စေတနာသည်။ လပနာ၊

၁။ ဝိရမတိ တောယာတိ ဝေရမဏီ၊ စေတနာကောက်။ ဝေရံ မဏာတိ ဝိနာသေတီတိ ဝေရမဏီ၊ ဝိရတီကောက်။ ဤ၌ နှစ်မျိုးလုံးရ၏။နောက်နည်းအလို "မုသာဝါဒါ ဝေရမဏီ၊မုသာဝါဒတည်းဟူသော ရန်ကိုဖျက်ဆီးတတ်သော ဝိရတီရင်း"ဟူ၍ပေး။

လာဘ်ကိုမျှော်၍ ပြောဆိုကြောင်းစေတနာသည်။ နေမိတ္တိကတာ၊ ပစ္စည်းအတွက် အရိပ်နိမိတ်ပြုလေ့ရှိသောသူတို့၏ အဖြစ်သည်။ နိပ္ပေသိကတာ၊ ပစ္စည်းအတွက် ထိပါးလေ့ ရှိသောသူတို့၏ အဖြစ်သည်။ လာဘေန၊ မိမိလာဘ်ဖြင့်။ လာဘံ၊ သူတပါး၏ လာဘ်ကို။ နိဇိဂီသနတာ၊ ရှာမှီးဆောင်ယူလိုသောသူတို့၏ အဖြစ်သည်။ (အတ္ထိ၊ ၏။) ဘိက္ခဝေ၊ တို့။ အယံ၊ ဤကုဟနစသော တရားသည်။ မိစ္ဆာအာဇီဝေါ၊မည်၏။ (ကတမော စ။ပ။ဥပမိဝေပက္ကောကို ရှေးနည်းမှီး၍ သမွန်။) ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤလောက၌။ အရိယသာဝကော၊ သည်။ မိစ္ဆာအာဇီဝံ၊ ကို။ ပဟာယ၊ ပယ်၍။ သမ္မာအာဇီဝေန၊ ဖြင့်။ ဇီဝိကံ၊ အသက်မွေးမှုကို။ ကပ္ပေတိ၊ ပြု၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤပြုခြင်းသည်။ သာသဝေါ၊ သော။ပ။သမ္မာအာဇီဝေါ၊မည်၏။ (ကတမောစ။ပ။သမ္မာသတိ-ကို ရှေးနည်းမှီး၍ သမွန်။)

၁၄၁။ ဘိက္ခဝေ၊ တို့။ တတြ၊ ထိုတို့တွင်။ပ။ပုဗ္ဗင်္ဂမာ၊ သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ သမ္မာဒိဋ္ဌိဿ၊ မှန်ကန်သောအယူရှိသော ရဟန်း၏။ သမ္မာသင်္ကပ္ပေါ၊ သည်။ ပဟောတိ၊ ဖြစ်စွမ်းနိုင်၏။ (ပဟောတိ ဘဝတိ တာယ သဟော ဥပ္ပဇ္ဇတိ ပဝတ္တတိ၊ ဋီကာ။) သမ္မာသင်္ကပ္ပဿ၊ မှန်ကန်သောအကြံအစည်ရှိသော ရဟန်း၏။ သမ္မာဝါစာ၊ သည်။ ပဟောတိ၊ ၏။ သမ္မာဝါစဿ၊ မှန်ကန်သောစကားရှိသော ရဟန်း၏။ သမ္မာကမ္မန္တော၊ သည်။ ပဟောတိ၊ ၏။ သမ္မာကမ္မန္တဿ၊ မှန်ကန်သောအမှုရှိသောရဟန်း၏။ သမ္မာအာဇီဝေါ၊ သည်။ ပဟောတိ၊ ၏။ သမ္မာအာဇီဝဿ၊ မှန်ကန်သောအသက်မွေးမှုရှိသော ရဟန်း၏။ သမ္မာဝါယာမော၊ သည်။ ပဟောတိ၊ ၏။ သမ္မာဝါယာမဿ၊ မှန်ကန်သောလုံ့လရှိသောရဟန်း၏။ သမ္မာသတိ၊ သည်။ ပဟောတိ၊ ၏။ သမ္မာသတိဿ၊ မှန်ကန်သော သတိရှိသော ရဟန်း၏။ သမ္မာသမာဓိ၊ သည်။ ပဟောတိ၊ ၏။ သမ္မာသမာဓိဿ၊ မှန်ကန်သော သမာဓိရှိသော ရဟန်း၏။ သမ္မာဉာဏံ၊ သမ္မာဉာဏ်(ပစ္စဝေက္ခဏာဉာဏ်)သည်။ ပဟောတိ၊ ၏။ သမ္မာဉာဏဿ၊ သမ္မာဉာဏ်(ပစ္စဝေက္ခဏာဉာဏ်) ရှိသော ရဟန်း၏။ သမ္မာဝိမုတ္တိ၊ သမ္မာဝိမုတ္တိ (ဖိုလ်၌ယှဉ်သော ဖလင်ရှစ်ပါးမှတပါး ဖိုလ်စိတ္တုပ္ပါဒ် ၂၉-ပါး)သည်။ ပဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဣတိ ခေါ၊ ဤသို့လျှင်။ အဋ္ဌင်္ဂသမန္နာဂတော၊ ရှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော။ သေက္ခော၊ သေက္ခသည်။ ဒသင်္ဂသမန္နာဂတော၊ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော။ အရဟာ၊ ရဟန္တာသည်။ ဟောတိ၊ ၏[၁]။

၁၄၂။ ဘိက္ခဝေ၊ တို့။ တတြ၊ တို့တွင်။ပ။ ပုဗ္ဗင်္ဂမာ၊သည်။ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ သမ္မာဒိဋ္ဌိဿ၊ မှန်ကန်သောအယူရှိသော ရဟန်း၏(သန္တာန်၌)။ မိစ္ဆာဒိဋ္ဌိ၊ သည်။ နိဇ္ဇိဏ္ဏာ၊

၁။ "တတြပိ၊ ထိုတရားတို့တွင်လည်း။ သမ္မာဉာဏေန၊ သမ္မာဉာဏ်ဖြင့်။ အနေကေ၊ များစွာကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ဝိဂတာ၊ ကင်းကုန်သည်ဖြစ်၍။ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏"။(ဤဝါကျကို အဋ္ဌကထာ ဋီကာတို့၌လည်းမဖွင့်၊ ပါလည်းမပါသင့်။အဘဲ့ကြောင့်ဆိုသော် အထက် ၁၄၂ ဝါကျ၌—
"သမ္မာဉာဏဿ ဘိက္ခဝေ မိစ္ဆာဉာဏံ နိဇ္ဇိဏ္ဏံ ဟောတိ၊ ယေ စ မိစ္ဆာဉာဏပစ္စယာ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ၊တေ စဿ နိဇ္ဇိဏ္ဏာ ဟောန္တိ၊ သမ္မာဉာဏပစ္စယာ စ အနေကေ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ"ဟု လာလတ္တံ့ ဖြစ်သောကြောင့်တည်း။ ဤသမ္မာဉာဏဿ ဘိက္ခဝေ။ပ။ ဂစ္ဆန္တိ ဝါကျလည်း ပေယျာလသဘောဖြစ်၍ မပြည့်စုံသဖြင့် ပိုမိုရှင်းလင်းစေရန် အတွက်ပေယျာလဖော်၍ ပြလိုက်သည်။

ဆွေးမြေ့ ပျက်စီးသည်။ ဟောတိ၊ ၏။မိစ္ဆာဒိဋ္ဌိ ပစ္စယာ၊ မိစ္ဆာဒိဋ္ဌိ ဟူသော အကြောင်းကြောင့်။ အနေကေ၊ များစွာကုန်သော။ပါပကာ၊ ယုတ်မာကုန်သော။ ယေ စ အကုသလာ ဓမ္မာ၊ အကြင် အကုသိုလ်တရားတို့သည်လည်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ အဿ၊ ထိုမှန်ကန်သော အယူရှိသော ရဟန်း၏ (သန္တာန်၌)။ တေ စ၊ ထိုအကုသိုလ်တရားတို့သည်လည်း။နိဇ္ဇိဏ္ဏာ၊ ဆွေးမြေ့ကုန်သည်။ ဟောန္တိ၊ ကုန်၏။ သမ္မာဒိဋ္ဌိပစ္စယာ၊ သမ္မာဒိဋ္ဌိ ဟူသောအကြောင်းကြောင့်။ အနေကေ၊ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဘိက္ခဝေ၊တို့။ သမ္မာသင်္ကပ္ပဿ၊ မှန်ကန်သော အကြံအစည်ရှိသော ရဟန်း၏(သန္တာန်၌)။ မိစ္ဆာသင်္ကပ္ပေါ၊သည်။ နိဇ္ဇိဏ္ဏော၊ သည်။ ဟောတိ၊ ၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာဝါစဿ၊ ၏(သန္တာန်၌)။မိစ္ဆာဝါစာ၊ သည်။ နိဇ္ဇိဏ္ဏာ၊ သည်။ဟောတိ၊ ၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာကမ္မန္တဿ၊ ၏(သန္တာန်၌)။ မိစ္ဆာကမ္မန္တော၊ သည်။နိဇ္ဇိဏ္ဏော၊ သည်။ ဟောတိ၊ ၏။ပ။

ဘိက္ခဝေ၊ တို့။သမ္မာအာဇီဝဿ၊ ၏(သန္တာန်၌)။ မိစ္ဆာအာဇီဝေါ၊ သည်။ နိဇ္ဇိဏ္ဏော၊ သည်။ ဟောတိ၊၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာဝါယာမဿ၊၏(သန္တာန်၌)။မိစ္ဆာဝါယာမော၊ သည်။ နိဇ္ဇိဏ္ဏော၊သည်။ ဟောတိ၊၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာသတိဿ၊ ၏(သန္တာန်၌)။ မိစ္ဆာသတိ၊ သည်။ နိဇ္ဇိဏ္ဏာ၊ သည်။ ဟောတိ၊ ၏ ။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာသမာဓိဿ၊ ၏(သန္တာန်၌)။မိစ္ဆာသမာဓိ၊ သည်။ နိဇ္ဇိဏ္ဏော၊ သည်။ ဟောတိ၊ ၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာဉာဏဿ၊ ၏(သန္တာန်၌)။မိစ္ဆာဉာဏံ၊ သည်။ နိဇ္ဇိဏ္ဏံ၊သည်။ဟောတိ၊ ၏။ပ။

ဘိက္ခဝေ၊ တို့။ သမ္မာဝိမုတ္တိဿ၊ သမ္မာဝိမုတ္တိရှိသော ရဟန်း၏(သန္တာန်၌)။ မိစ္ဆာဝိမုတ္တိ၊ သည်။ နိဇ္ဇိဏ္ဏာ၊ သည်။ ဟောတိ၊ ၏။ မိစ္ဆာဝိမုတ္တိ ပစ္စယာ၊ မိစ္ဆာဝိမုတ္တိဟူသော အကြောင်းကြောင့်။ အနေကေ၊ကုန်သော။ ပါပကာ၊ ကုန်သော။ ယေ စ အကုသလာ ဓမ္မာ၊ တို့သည်လည်း။ သမ္ဘဝန္တိ၊ကုန်၏။ အဿ၊ ထိုသမ္မာဝိမုတ္တိရှိသော ရဟန်း၏(သန္တာန်၌)။ တေ စ၊ တို့သည်လည်း။ နိဇ္ဇိဏ္ဏာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ သမ္မာဝိမုတ္တိပစ္စယာ စ၊ ကြောင့်လည်း။အနေကေ၊ ကုန်သော။ ကုသလာ ဓမ္မာ၊ တို့သည်။ ဘာဝနာပါရိပူရိံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ဣတိ ခေါ၊ သို့လျှင်။ ဝီသတိ၊ နှစ်ဆယ်သော။ ကုသလပက္ခာ၊ကုသိုလ်အစုတို့ငှါ။ဝီသတိ၊ နှစ်ဆယ်သော။အကုသလပက္ခာ၊ အကုသိုလ်အစုတို့ငှါ။ (ဣတိ၊ သို့။) မဟာစတ္တာရီသကော၊ များသောစတ္တာရီသ(၄၀)ရှိသော။ဓမ္မပရိယာယော၊ တရား ဒေသနာတော်ကို။ ပဝတ္တိတော၊ ဖြစ်စေတော်မူအပ်ပြီ။ (ဟောတော် မူအပ်ပြီဟူလို)။သမဏေန ဝါ၊ရဟန်းသည်ငှါ။

ဗြဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေန ဝါ၊ နတ်သည်၎င်း။ မာရေန ဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်၎င်း။ လောကသ္မိံ၊ လောက၌။ ကေနစိ ဝါ၊ တစုံ တယောက်သော သူသည်။ အပၸဋိဝတ္တိယော၊ မဖြစ်စေအပ် (မဖြစ်စေနိုင်)။

၁၄၃။ ဘိက္ခဝေ၊ တို့။ ကောစိ၊ တစုံတယောက်သော။ယော သမဏော ဝါ၊ အကြင်ရဟန်းသည်၎င်း။ ယော ဗြာဟ္မဏော ဝါ၊ အကြင်ပုဏ္ဏားသည်၎င်း။ မဟာစတ္တာရီသကံ၊ မဟာစတ္တာရီသကမည်သော။ ဣမံ ဓမ္မပရိယာယံ၊ ဤတရားဒေသနာတော်ကို။ ဂရဟိတဗ္ဗံ၊ ကဲ့ရဲ့အပ်၏ဟူ၍။ ပဋိက္ကောသိတဗ္ဗံ၊ တားမြစ်အပ်၏ဟူ၍။မညေယျ၊ မှတ်ထင်ငြားအံ့။ တဿ၊ ထို ရဟန်းပုဏ္ဏား၏။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ပင်။သဟဓမ္မိကာ၊ အကြောင်းနှင့် တကွ ဖြစ်ကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ ဝါဒါနုဝါဒါ၊ ရဟန်းပုဏ္ဏားတို့သည် ပြောဆို အပ်သော ဝါဒ, ထိုဝါဒသို့ အတုလိုက်၍ ပြောဆိုအပ်သော အနုဝါဒတို့သည်။ ဂါရယှံ၊ ကဲ့ရဲ့ထိုက်သော။ ဌာနံ၊ အကြောင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဘဝံ၊ အရှင်သည်။ သမ္မာဒိဋ္ဌိံ၊ကို။ စေ ဂရဟတိ၊ အကယ်၍ ကဲ့ရဲ့အံ့။ ယေ စ သမဏဗြာဟ္မဏာ၊ တို့သည်လည်း။ မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူရှိကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့ကို။ ဘောတော၊ အရှင်သည်။ ပုဇ္ဇာ၊ ပူဇော်အပ်ကုန်(သည်မည်)၏။ တေ၊ တို့ကို။ ဘောတော၊ သည်။ ပါသံသာ၊ ချီးမွမ်းအပ်ကုန်(သည်မည်)၏။ပ။ဘဝံ၊ သည်။ သမ္မာဝိမုတ္တိံ၊ ကို။ စေ ဂရဟတိ၊ အံ့။ ယေ စ သမဏဗြာဟ္မဏာ၊ တို့သည်လည်း။ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဝိမုတ္တိရှိကုန်၏။ တေ၊တို့ကို။ ဘောတော၊ သည်။ ပုဇ္ဇာ၊ (သည်မည်)၏။ တေ၊ တို့ကို။ ဘောတော၊ သည်။ ပါသံသာ၊ (သည်မည်)၏။ပ။ အာဂစ္ဆန္တိ၊ကုန်၏။

ဘိက္ခဝေ၊ တို့။ ဩက္ကလာ၊ ဩက္ကလဇနပုဒ်၌ နေကုန်သော။ ယေပိ တေ ဝဿဘညာ၊ အကြင်ဝဿ, ဘညတို့သည်လည်း။ အဟေတုဝါဒါ၊ အကြောင်းမရှိဟု အယူရှိကုန်သည်။ အကိရိယ-ဝါဒါ၊ (ကံကိုပြုသော်လည်း)ပြုရာမရောက်ဟု အယူရှိကုန်သည်။ နတ္ထိကဝါဒါ၊ အကျိုးမရှိဟု အယူရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တေပိ၊ ထိုဝဿ, ဘညတို့သည်လည်း။ မဟာစတ္တာရီသကံ၊ မည်သော။ဓမ္မပရိယာယံ၊ကို။ဂရဟိတဗ္ဗံ၊ဟူ၍။န အမညိံသု၊မမှတ်မထင်ကြကုန်။ ပဋိက္ကောသိတဗ္ဗံ၊ တားမြစ်အပ်၏ဟူ၍။ န အမညိံသု၊ကုန်။ တံ၊ ထိုမမှတ်ထင်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ် အကြောင်းကြောင့်နည်း။ နိန္ဒာ ဗျာရောသ ဥပါရမ္ဘဘယာ၊ (မိမိကိုယ်ကို)ကဲ့ရဲ့ခြင်း ထိပါးခြင်း စွပ်စွဲခြင်းတို့မှ ကြောက်ခြင်း ကြောင့်တည်း။ဣတိ၊ဤသို့မိန့်တော်မူ၏။(ဣဒမဝေါစ ဘဂဝါ။ပ။ အဘိနန္ဒုန္တိ-ပေးမြဲ။)

သတ္တမံ၊ သော။ မဟာစတ္တာရီသကသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

ဂ-အာနာပါနသုတ္တသုတ်

၁၄၄။ (ဝံမေ သုတံ-ပေးမြဲ။)ကေ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ သာဝတ္ထိယံ၊ ၌။ မိဂါရမာတုပါသာဒေ၊ သော။ ပုဗ္ဗာရာမေ၊ ၌။ သမ္ဗဟုလေဟိ၊ များစွာကုန်သော။ အဘိညာတေဟိ

၁။ ဥပါရမ္ဘကို ဋ္ဌ ၌ "ဥပဝါဒဘယေန"။ ဋီ၌ "အတ္တနော ဥပရိကာတဗ္ဗနိဂ္ဂဟော ဥပါရမ္ဘော ဂရဟာတော ပရိတ္တာသော ဥပါရမ္ဘဘယံ" ဖွင့်၏။ ဋီအလို ဥပါရမ္ဘ-ကို "ကဲ့ရဲ့ခြင်းမှ ထိဘ်လန့်ခြင်း"ဟု သမ္ဗန်။)

အဘိညာတေဟိ၊ အလွန်ထင်ရှားကုန် အလွန်ထင်ရှားကုန်သော။ ထေရေဟိ၊ မထေရ်ဖြစ်ကုန်သော။ သာဝကေဟိ၊ တပည့်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အာယသ္မတာ စ သာရိပုတ္တေန၊ အရှင်သာရိပုတ္တရာနှင့်ရင်း။ အာယသ္မတာ စ မဟာမောဂ္ဂလ္လာနေန၊ အရှင်မဟာမောဂ္ဂလ္လာန်နှင့်ရင်း။ အာယသ္မတာ စ မဟာကဿပေန၊ အရှင်မဟာကဿပနှင့်ရင်း။ အာယသ္မတာ စ မဟာကစ္စာယနေန၊ အရှင်မဟာကစ္စာယနနှင့်ရင်း။ အာယသ္မတာ စ မဟာကောဋ္ဌိကေန၊ အရှင်မဟာကောဋ္ဌိကနှင့်ရင်း။ အာယသ္မတာ စ မဟာကပ္ပိနေန၊ အရှင်မဟာကပ္ပိနနှင့်ရင်း။ အာယသ္မတာ စ မဟာစုန္ဒေန၊ အရှင်မဟာစုန္ဒနှင့်ရင်း။ အာယသ္မတာ စ အနုရုဒ္ဓေန၊ အရှင်အနုရုဒ္ဓါနှင့်ရင်း။ အာယသ္မတာ စ ရေဝတေန၊ အရှင်ရေဝတနှင့်ရင်း။ အာယသ္မတာ စ အာနန္ဒေန၊ အရှင်အာနန္ဒာနှင့်ရင်း။ အညေဟိ၊ အခြားကုန်သော။ အဘိညာတေဟိ အဘိညာတေဟိ၊ အလွန်ထင်ရှားကုန် အလွန်ထင်ရှားကုန်သော။ ထေရေဟိ၊ မထေရ်ဖြစ်ကုန်သော။ သာဝကေဟိ စ၊ တပည့်တို့နှင့်ရင်း။ သဒ္ဓိံ၊ တကွ။ ဝိဟရတိ၊ ၏။

တေန ခေါ ပန သမယေန၊ ၌။ ထေရာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ နဝေ၊ ငယ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဩဝဒန္တိ၊ ဆိုဆုံးမကုန်၏။ အနုသာသန္တိ၊ အဖန်ဖန် ဆိုဆုံးမကုန်၏[၁]။

အပ္ပေကစ္စေ၊ အချို့ကုန်သော။ ထေရာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဒသပိ၊ တကျိပ်လည်းဖြစ်ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဩဝဒန္တိ၊ ကုန်၏။ အနုသာသန္တိ၊ ကုန်၏။ ပ။ ဝီသမ္ပိ၊ နှစ်ကျိပ်လည်းဖြစ်သော။ ပ။ တိံသမ္ပိ၊ သုံးကျိပ်လည်းဖြစ်သော။ ပ။ စတ္တာရီသမ္ပိ၊ လေးကျိပ်လည်းဖြစ်သော။ ဘိက္ခူ၊ တို့ကို။ ဩဝဒန္တိ၊ ကုန်၏။ အနုသာသန္တိ၊ ကုန်၏။ နဝါ၊ ငယ်ကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ (တေစာတိ စကာရော အာဂမသန္ဓိမတ္တံ၎။) ထေရေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ဩဝဒိယမာနာ၊ ဆိုဆုံးမအပ်ကုန်သည်ရှိသော်။ အနုသာသိယမာနာ၊ အဖန်ဖန် ဆိုဆုံးမအပ်ကုန်သည်ရှိသော်။ ပုဗ္ဗေန၊ ရှေးတရားထူးထက်။ ဥဠာရံ၊ မွန်မြတ်သော။ အပရံ ဝိသေသံ၊ တပါးသောတရားထူးကို။ ဇာနန္တိ၊ သိကုန်၏။

၁၄၅။ တေ န ခေါ ပန သမယေန၊ ၌။ ဘဂဝါ၊ သည်။ ပန္နရသေ၊ တဆဲ့ငါးရက်မြောက်ဖြစ်သော။ တဒဟု ပေါသထေ၊ ထိုဥပုသ်နေ့၌။ ပဝါရဏာယ၊ မဟာပဝါရဏာနေ့၌။ ပုဏ္ဏာယ၊ တလပြည့်သော။ ပုဏ္ဏမာယ၊ ပြည့်သော လဝန်းရှိသော။ ရတ္တိယာ၊ ညဉ့်၌။ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းအပေါင်းသည်ခြံရံအပ်သည်ဖြစ်၍။ အဗ္ဘောကာသေ၊ လွင်တီးခေါင်၌။ နိသိန္နော၊ နေသည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တုဏှီဘူတံ တုဏှီဘူတံ၊ ဆိတ်ဆိတ်နေသော။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ အနုဝိလောကေတွာ၊ စောင်း၍ကြည့်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ "ဘိက္ခဝေ၊ တို့။ ဣမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ အာရဒ္ဓေါ၊ နှစ်သက်စေအပ်သည်။ အသ္မိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ဣမာယ ပဋိပဒါယ၊ ဖြင့်။ အာရဒ္ဓစိတ္တော၊ နှစ်သက်စေအပ်သော စိတ်ရှိသည်။ အသ္မိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ထို့ကြောင့်။ မတ္တာယ၊ အတိုင်းအရှည်ထက်။ ဘိယျောသော၊ လွန်စွာ။ အပ္ပတ္တဿ၊ မရောက်အပ်သေးသော (အရဟတ္တဖိုလ်)သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ အနဓိဂတဿ၊ မရအပ်သေးသော (အရဟတ္တဖိုလ်)ကို။ အဓိဂမာယ၊ ရခြင်းငှါ။ အသစ္ဆိကတဿ၊ မျက်မှောက်မပြုအပ်သေးသော (အရဟတ္တဖိုလ်)ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။

၁။ သကိံ ဝဒန္တော ဩဝဒတိနာမ၊ ပုနပ္ပုနံ ဝဒန္တော အနုသာသတိနာမ၊ ဓမ္မပဒ-ဋ္ဌ-၁၊ စာပိုဒ်၊ ၇၇၊ ဩဝါဒ အနုသာသနအမျိုးမျိုးကို ရှင်း၍ပြ၍။

ဝီရိယံ၊ လုံ့လကို။ အာရဘထ၊ အားထုတ်ကြကုန်လော့။ အဟံ၊ သည်။ ဣဓေဝ သာဝတ္ထိယံ၊ ဤသာဝတ္ထိပြည်၌သာလျှင်။ ကောမုဒိံ၊ ကုမုဒြာ ကြာပွင့်ရာဖြစ်သော[၁]။ စာတုမာသိနိံ၊ မိုးလေးလတို့၏ နောက်ဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့်တိုင်အောင်။ အာဂမိဿာမိတိ၊ ငံ့တော်မူအံ့”ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။

ဇာနပဒါ၊ ဇနပုဒ်၌ နေကုန်သော။ ဘိက္ခူ၊ တို့သည်။“ဘဂဝါ၊ သည်။တတ္ထေဝ သာဝတ္ထိယံ၊ ၌သာလျှင်။ ကောမုဒိံ၊ သော။ စာတုမာသိနိံ၊ တိုင်အောင်။ အာဂမေဿတိ ကိရာတိ၊ ငံ့တော်မူလတ္တံ့တဲ့”ဟူ၍။ အဿောသုံ၊ ကြားကုန်ပြီ။ ဇာနပဒါ၊ ကုန်သော။တေဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဒဿနာယ၊ ဖူးမျှော်ခြင်းငှါ။ သာဝတ္ထိံ၊ သို့။ ဩသရန္တိ၊ ဆိုက်ရောက်ကုန်၏။ ထေရာ၊ ကုန်သော။ တေ စ ခေါ ဘိက္ခူ၊ တို့သည်လည်း။ မတ္တာယ၊ ထက်။ ဘိယျောသော၊ စွာ။ နဝေ၊ ငယ်ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဩဝဒန္တိ၊ ကုန်၏။ အနုသာသန္တိ၊ ကုန်၏။ပ။ နဝါ၊ ကုန်သော။ တေ စ ဘိက္ခူ၊ တို့သည်လည်း။ ထေရေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ တို့သည်။ ဩဝဒိယမာနာ၊ သော်။ အနုသာသိယမာနာ၊ သော်။ ပုဗ္ဗေနု၊ ထက်။ ဥဠာရံ၊ သော။ အပရံဝိသေသံ၊ တပါးသော တရားထူးကို။ ဇာနန္တိ၊ ကုန်၏။

၁၄၆။ တေန ခေါ ပန သမယေန၊ ၌။ ဘဂဝါ၊ သည်။ပ။ ဘိက္ခူ၊ တို့ကို။ “ဘိက္ခဝေ၊ တို့။ အယံ ပရိသာ၊ ဤ(သံဃ)ပရိသတ်သည်။ အပလာပါ၊ (စကား)ပြောဆိုခြင်းမရှိ (အဖျင်းမရှိ)။ အယံ ပရိသာ၊သည်။ နိပ္ပလာပါ၊ (စကား)ပြောဆိုခြင်းအလျင်းမရှိ။ သုဒ္ဓါ၊ စင်ကြယ်၏။ သာရေ၊ (သီလစသော)အနှစ်၌။ ပတိဋ္ဌိတာ၊ တည်၏။

ဘိက္ခဝေ၊ တို့။ ယထာရူပါ၊ အကြင်သို့ သဘောရှိသော။ ပရိသာ၊ ပရိသတ်သည်။ အာဟုနေယျာ၊ အဝေးရပ်မှ ဆောင်၍သော်လည်း ပေးလှူအပ်သော ပူဇော်ဘွယ်ကို ခံထိုက်၏။ ပါဟုနေယျာ၊ ဧည့်သည်တို့ အလို့ငှါ စီမံထားအပ်သော ဝတ္ထုကိုသော်လည်း ခံထိုက်၏။ ဒက္ခိဏေယျာ၊ မြတ်သောအလှူ (တမလွန်ကို ယုံကြည်၍ လှူအပ်သောဝတ္ထု)ကို ခံထိုက်၏။ အဉ္ဇလိကရဏီယာ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်၏။ လောကဿ၊ သတ္တဝါအပေါင်း၏။ အနုတ္တရံ၊ အမြတ်ဆုံးဖြစ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်တာမြေကောင်းသဘွယ်ဖြစ်၏[၂]။ အယံ ဘိက္ခုသံဃော၊ ဤရဟန်းအပေါင်းသည်။ တထာရူပေါ၊ ထိုသို့သဘောရှိ၏။ ဘိက္ခဝေ၊ တို့။ အယံ ပရိသာ၊ ဤပရိသတ်သည်။ တထာရူပါ၊ ထိုသို့ သဘောရှိ၏။

ဘိက္ခဝေ၊ တို့။ ယထာရူပါယ၊ အကြင်သို့သဘောရှိသော။ ပရိသာယ၊ ပရိသတ်အား။(မောဂ္ဂလ္လာန်အလို ပရိသတ်၌ဟုပေး)အပ္ပံ၊ အနည်းငယ်။ ဒိန္နံ၊ လှူအပ်သောအလှူသည်။ ဗဟု၊ များသောအကျိုးရှိသည်။ ဟောတိ၊ ၏။ ဗဟု၊ များစွာ။ ဒိန္နံ၊ သည်။ ဗဟုတရံ၊ အလွန်များသောအကျိုးရှိသည်။ဟောတိ၊ ၏။ အယံ ဘိက္ခုသံဃော၊ သည်။ တထာရူပေါ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ ပရိသာ၊ သည်။ တထာရူပါ၊ ၏။

၁။ ကောမုဒီတိ-ကုမုဒဝတီ၊ တဒါ ကိရ ကုမုဒါနိ သုပုပ္ဖိတာနိ ဟောန္တိ၊ တေနာဟ ကုမုဒါနံ အတ္ထိတာယ ကောမုဒီတိ၊ ကုမုဒါနံ သမူဟော ကုမုဒါနိဝေ ဝါ ကောမုဒါ၊ တေ တ္တေ အတ္ထီတိ ကောမုဒီ။ ဋီကာ။

၂။ မ-၁ ဝတ္ထသုတ် စာပိုဒ်- ၇၄၊ မ-၂၊ ဘဒ္ဒါလိသုတ် စာပိုဒ် ၁၄၇-၌လည်းလာ၏။ အနက်ကို ဝိသုဒ္ဓိမဂ္ဂ-ဋ္ဌ၊ စာပိုဒ်- ၁၅၆၊ သံဃာနုဿတိ-၌ရှု၍ တနည်းသာ သမွန်၏။ အကျယ်ကို ၎င်း ဋ္ဌ ၌ ရှုပါ။

ဘိက္ခဝေ၊ တို့။ ယထာရူပါ၊ သော။ ပရိသာ၊ ကို။ လောကဿ၊ သတ္တဝါအပေါင်းသည်။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ ဒုလ္လဘာ၊ ခဲယဉ်းသဖြင့် ရအပ်၏ (ရခဲ၏)။ပ။ တထာရူပါ၊၏။

ဘိက္ခဝေ၊ တို့။ ယထာရူပံ၊ သော။ ပရိသံ၊ ပရိသတ်ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ ယောဇနဂဏနာနိ၊ ရေတွက်များစွာ ယူဇနာတို့ဟိုင်ဝိုင်။ (ယူဇနာအရာ အထောင်ကို ယူ။) ပုဋေ္ဌာသေနာပိ၊ စားနပ်ရိက္ခာထုပ်ဖြင့်လည်း။ (ပခုံး၌ ရိက္ခာထုပ်ကို ထမ်းဆောင်လျက်လည်း-ဟူ၍သော်လည်း ပေး။)ဂန္တုံ၊ သွားခြင်းငှါ။ အလံ၊ သင့်၏။ပ။ တထာရူပါ၊၏။

၁၄၇။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ဤရဟန်းအပေါင်း၌။ အရဟန္တော၊ ကုန်သော။ ခီဏာသဝါ၊ ကုန်သော။ ဝုသိတဝန္တော၊ ကုန်သော။ ကတကရဏီယာ၊ ကုန်သော။ ဩဟိတဘာရာ၊ ကုန်သော။ အနုပ္ပတ္တသဒတ္ထာ၊ ကုန်သော။ ပရိက္ခီဏဘဝသံယောဇနာ၊ ကုန်သော။ သမ္မဒညာ ဝိမုတ္တာ၊ ကောင်းစွာမြင်သိ၍ ကိလေသာတို့မှ လွတ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ ဧဝရူပါပိ၊ ဤသို့သဘောရှိသည်လည်း ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်ကာမဘုံသို့ ချဉ်းကပ်တတ်ကုန်သော[၁]။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ တတ္ထ၊ ထိုဗြဟ္မာ့ပြည်၌။ ပရိနိဗ္ဗာယိနော၊ ပရိနိဗ္ဗာန်ပြုကုန်သော။ တသ္မာ လောကာ၊ ထိုဗြဟ္မာ့ပြည်မှ။ အနာဝတ္တိဓမ္မာ၊ တဖန်မပြန်လှည့်ခြင်း သဘောရှိကုန်သော။ ဩပပါတိကာ၊ အနာဂါမ် ဥပပတ် ပဋိသန္ဓေနေကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ ဧဝရူပါပိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ ရာဂဒေါသမောဟာနံ၊ ရာဂဒေါသမောဟတို့၏။ တနုတ္တာ၊ ခေါင်းပါးသည်၏ အဖြစ်ကြောင့်။ သကဒါဂါမိနော၊ သကဒါဂါမ် ဖြစ်ကုန်သော။ သကိဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤလူပြည်သို့။ အာဂန္တွာ၊ လာ၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့ ဖြစ်ကုန်သော။ (ဤ ကရိဿန္တိ-ကို နာမဓာတ် ပေးလိုက်၏။ ယေ တေ-ထည့်၍လည်း ပေးနိုင်၏။) ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ ဧဝရူပါ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ တိဏ္ဏံ၊ ကုန်သော။ သံယောဇနာနံ၊ တို့၏။ ပရိက္ခယာ၊ ကြောင့်။ အဝိနိပါတဓမ္မာ၊ အလိုအာသာကင်းလျက် အပါယ်လေးပါး၌ ကျခြင်း သဘောမရှိကုန်သော။ နိယတာ၊ မဂ္ဂနိယမအားဖြင့် မြဲကုန်သော။ သမ္ဗောဓိပရာယနာ၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိကုန်သော။ သောတာပန္နာ၊ သောတာပန် ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ၌။ ဧဝရူပါပိ၊ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။

၁။ "ဩရမ္ဘာဂိယာနီတိ ဩရဘာဇနကာနိ ကာမဘဝေ ဥပပတ္တိပစ္စယာနိ" ဟူသော မ-ဋ္ဌ-၁၊ အလဂဒ္ဒူပမသုတ် စာပိုဒ် ၂၇၅-နှင့် အညီပေးသည်။ ဟေဋ္ဌာဘာဂဿ ဟိတာ၊ တေသံ-ဟုမ-၁၊ အာကင်္ခေယျသုတ်ဋီကာ-၆၇-ပိုဒ် ဖွင့်သည့်အလို "အောက်အဘို့(ကာမဘုံ)၏အစီးအပွါးဖြစ်ကုန်သော" ပေးလေ။

ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၌။ ယေ ဘိက္ခူ၊ တို့သည်။ စတုန္နံ၊ လေးပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့ ကို။ ဘာဝနာနုယောဂံ အနု၊ ပွါးများအားထုတ်ခြင်း၌။ ယုတ္တာ၊ ယှဉ်ကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ တေ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ပ။ သန္တိ၊ ကုန်၏။ပ။ စတုန္နံ၊ ကုန်သော။ သမ္မပ္ပဓာနာနံ၊ တို့ကို။ပ။

စတုန္နံ၊ ကုန်သော။ ဣဒ္ဓိပါဒါနံ၊ တို့ကို။ပ။

ပဉ္စန္နံ၊ ကုန်သော။ ဣန္ဒြိယာနံ၊ တို့ကို။ပ။

ပဉ္စန္နံ၊ ကုန်သော။ ဗလာနံ၊ တို့ကို။ပ။

သတ္တန္နံ၊ ကုန်သော။ ဗောဇ္ဈင်္ဂါနံ၊ တို့ကို။ပ။

အရိယဿ၊ မြတ်စင်သော။ အဋ္ဌင်္ဂိကဿ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂဿ၊ မဂ်ကို။ပ။

မေတ္တာဘာဝနာနုယောဂံ အနု၊ မေတ္တာကို ပွါးများအားထုတ်ခြင်း၌။ပ။

ကရုဏာဘာဝနာနုယောဂံ အနု၊ ၌။ပ။

မုဒိတာဘာဝနာနုယောဂံ အနု၊ ၌။ပ။

ဥပေက္ခာဘာဝနာနုယောဂံ အနု၊ ၌။ပ။

အသုဘဘာဝနာနုယောဂံ အနု၊ ၌။ပ။

အနိစ္စသညာဘာဝနာနုယောဂံ အနု၊ အနိစ္စသညာကို ပွါးများအားထုတ်ခြင်း၌။ပ။

အာနာပါနဿတိဘာဝနာနုယောဂံ အနု၊ အာနာပါနဿတိကို ပွါးများအားထုတ်ခြင်း၌။ ယုတ္တာ၊ ၍။ ဝိဟရန္တိ၊ ကုန်၏။ တေ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဘိက္ခုသံဃေ၌။ ဧဝရူပါပိ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သန္တိ၊ ကုန်၏။ (ပါဠိ၌ ဧဝရူပါပိ ဘိက္ခဝေ-စသော ဝါကျကျန်နေ၍ ထည့်ပေးလိုက်သည်။)

ဘိက္ခဝေ၊ တို့။ အာနာပါနဿတိ၊ အာနာပါနဿတိသည်။ ဘာဝိတာ၊ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွါးအပ်သည်ရှိသော်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ မဟာနိသံသာ၊ များသောအာနိသင်ရှိသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အာနာပါနဿတိ၊ သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနာ၊ တို့သည်။ ဘာဝိတာ၊ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပွါးအပ်ကုန်သည်ရှိသော်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ ဝိဇ္ဇာဝိမုတ္တိံ[1]၊ (သိအပ်သည်ဖြစ်၍ ကိလေသာတို့မှ လွတ်ရာ)မဂ်,ဖိုလ်နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ကုန်၏။

၁။ ၁၅၂-ပိုဒ်၌ ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနံ ပရိပူရေန္တိ (ဌ)။ ဝိဇ္ဇာဝိမုတ္တိဖလနိဗ္ဗာနန္တိ ဝိမုတ္တိန် ဖလဘူတံ တေဟိ ယေဝ ဝေဒိတဗ္ဗံ ကိလေသနိဗ္ဗာနံ၊ အမတမဟာနိဗ္ဗာနမေဝ ဝိဇ္ဇာဝိမုတ္တိနံ အဓိဂမန အဓိဂန္တဗ္ဗဘာဝယ တထာ ဝုတ္တံ။ (ဋီကာ။)ဖွင့်၏။ ဝိဇ္ဇာနာမ မဂ္ဂေါ။ ဝိမုတ္တိ ဖလံ။ ဝိသုဒ္ဓိ၊ ဋီ-၁-၃၄၅-ဗောဇ္ဈင်္ဂါအရ-လောကီ လောကုတ္တရာ ၂-မျိုးကိုယူ။

၁၄၈။ ဘိက္ခဝေ၊ တို့။ ကထံ၊ အဘယ်သို့လျှင်။ ဘာဝိတာ စ၊ ဖြစ်စေအပ်သည်လည်း ဖြစ်သော။ ကထံ၊ အဘယ်သို့လျှင်။ ဗဟုလီကတာ စ၊ အကြိမ်များစွာ ပြုအပ်သည်လည်းဖြစ်သော။ အာနာပါနဿတိ၊ သည်။ မဟပ္ဖလာ၊ သည်။ မဟာနိသံသာ၊ သည်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ အရညဂတော ဝါ၊ တောအရပ်သို့ ကပ်၍သော်ငင်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်၍သော်ငင်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍သော်ငင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ ဥဇုံ၊ ဖြောင့်စွာ။ ကာယံ၊ အထက်ပိုင်းကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်၏။ သော၊ ထိုရဟန်းသည်။ သတောဝ၊ သတိရှိသည်ဖြစ်၍သာလျှင်။ (အောက်မေ့သည်ဖြစ်၍သာလျှင် ဟူ၍သော်လည်း သဒ္ဒတ္ထပေး။) အဿသတိ၊ ရှူ၏။ သတောဝ၊ သာလျှင်။ ပဿသတိ၊ ရှိုက်၏[၁]။

ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ရှူလတ်သော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ရှူ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ဒီဃံ ဝါ၊ မူလည်း။ ပဿသန္တော၊ ရှိုက်လတ်သော်။ ဒီဃံ၊ စွာ။ ပဿသာမီတိ၊ ရှိုက်၏ဟူ၍။ ပဇာနာတိ၊ ၏။

ရဿံ ဝါ၊ တိုစွာမူလည်း။ပ။ ပဇာနာတိ၊ ၏။

သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ဝင်လေဟူသော ရှူမှု၏ အစ, အလယ်,အဆုံးကို ထင်ရှားသိသည်ဖြစ်၍။ အဿသိဿာမီတိ၊ ရှူအံ့ဟူ၍။ သိက္ခတိ၊ ကျင့်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်လေဟူသော ရှိုက်မှု၏ အစ, အလယ်, အဆုံးကို ထင်ရှားသိသည်ဖြစ်၍။ ပဿသိဿာမီတိ၊ ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ ၏။

ကာယသင်္ခါရံ၊ ရုန့်ရင်းသော ထွက်လေကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ရှူအံ့ဟူ၍။ သိက္ခတိ၊ ၏။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ဝင်လေကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ ၏။

ပီတိပဋိသံဝေဒီ၊ ပီတိကို ထင်စွာသိသည်ဖြစ်၍။ပ။ သိက္ခတိ၊၏။

သုခပဋိသံဝေဒီ၊ သုခကိုထင်စွာသိသည်ဖြစ်၍။ပ။သိက္ခတိ၊ ၏။

စိတ္တသင်္ခါရပဋိသံဝေဒီ၊ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရကို ထင်စွာသိသည် ဖြစ်၍။ပ။သိက္ခတိ၊ ၏။

စိတ္တသင်္ခါရံ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ပ။သိက္ခတိ၊ ၏။

စိတ္တပဋိသံဝေဒီ၊ စိတ်ကို ထင်စွာသိသည်ဖြစ်၍။ပ။သိက္ခတိ၊ ၏။

စိတ္တံ၊ ကို။ အဘိပ္ပမောဒယံ၊ အလွန်ဝမ်းမြောက်စေလျက်။ပ။သိက္ခတိ၊ ၏။

၁။ သသ-ပါဏနေ။ သသ-ဓာတ်သည်။ ပါဏနေ၊ ရှူရှိုက်ခြင်း၌ဖြစ်၏။ ဓာတွတ္ထသင်္ဂဟ။ သသ-ဓာတ်သည် ရှူမှု ရှိုက်မှု နှစ်ခုလုံးကို ဟော၏။ အာ-ရှေးရှိမူ ရှူမှု၊ ပ-ရှေးရှိမူ ရှိုက်မှုကို ယူလေ၊ အကျယ်ကို မ ၁-သတိ ပဋ္ဌာနသုတ် ၁၀၇-ပိုဒ်၌ရှု။

စိတ္တံ၊ ကို။ သမာဒဟံ၊ ကောင်းစွာထားလျက်။ပ။သိက္ခတိ၊ ၏။
စိတ္တံ၊ ကို။ ဝိမောစယံ၊ (နီဝရဏစသည်တို့မှ)လွတ်မြောက်စေလျက်။ပ။သိက္ခတိ၊ ၏။
အနိစ္စာနုပဿီ၊ အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍။ပ။သိက္ခတိ၊ ၏။
ဝိရာဂါနုပဿီ၊ ဝိရာဂဟု (ဝိရာဂကို)အဖန်တလဲလဲ ရှုသည်ဖြစ်၍[၁]။ပ။သိက္ခတိ၊ ၏။
နိရောဓာနုပဿီ၊ နိရောဓဟု(နိရောဓ ကို) အဖန်တလဲလဲရှုလေ့ရှိသည်ဖြစ်၍။ပ။သိက္ခတိ၊ ၏။
ပဋိနိဿဂ္ဂါနုပဿီ၊ စွန့်လွှတ်သောအားဖြင့် အဖန်တလဲလဲရှုသည်ဖြစ်၍[၂]။ပ။သိက္ခတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ဘာဝိတာ ခေါ၊ ဖြစ်စေအပ်သော။ ဧဝံ၊ ဤသို့။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်သော။ အာနာပါနဿတိ၊ သည်။ မဟပ္ဖလာ၊ သည်။ မဟာနိသံသာ၊ သည်။ ဟောတိ၊ ၏။

၁၄၉။ ဘိက္ခဝေ၊ တို့။ ကထံ၊ သို့လျှင်။ ဘာဝိတာ စ၊ သော။ ကထံ၊ သို့လျှင်။ဗဟုလီကတာ စ၊ သော။ အာနာပါနဿတိ၊ သည်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေတိ၊ ပြည့်စေသနည်း။ ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ဘိက္ခု၊ သည်။ပ။ပဇာနာတိ၊ ၏။ပ။သိက္ခတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဘိက္ခု၊ သည်။ အာတာပီ၊ ကိလေသာကိုလောင်ကျွမ်းစေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ဆင်ခြင်တတ်သော ပညာရှိသည်ဖြစ်၍။ သတိမာ၊ သိမ်းဆည်းတတ်သော သတိရှိသည်ဖြစ်၍။လောကေ၊ ရုပ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ သူများစည်းစိမ်ကို တပ်မက်ခြင်းနှလုံးမသာမယာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ကာယေ၊ ရုပ်ကာယ၌။ကာယာနုပဿီ၊ ရုပ်ကာယဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ (ဝဒါမိ-၌စပ်။)ယဒိဒံ အဿာသ ပဿာသာ၊ အကြင်ဝင်လေ,ထွက်လေတို့သည်။(သန္တိ၊ကုန်၏။)တေ အဿာသ ပဿာသေ၊တို့ကို။ကာယေသု၊ (ပထဝီစသော)ကာယလေးမျိုးတို့တွင်။ ကာယညတရံ၊ကာယတပါး(အပါအဝင်)ဟူ၍။(ဝါယော ကာယဟူ။) ဧဝံ၊ သို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်။ (ဣဟ နိပါတမတ္တ)။ပ။ဝိဟရတိ၊ ၏။ (၁)

ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ပ။သိက္ခတိ၊ ၏။ပ။လောကေ၊ ဝေဒနာလောက၌။ ဘိက္ခဝေ၊ တို့။ တသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဝေဒနာသု၊ လောကီဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ အဿာသ ပဿာသာနံ၊ တို့ကို။ သာဓုကံ၊ ကောင်းသော။ ယဒိဒံ မနသိကာရော၊ အကြင်နှလုံးသွင်းခြင်းသည်။ (အတ္ထိ၊၏။)တံမနသိကာရံ၊ ကို။ ဝေဒနာသု၊ ဝေဒနာသုံးမျိုးတို့တွင်။ ဝေဒနာညတရံ၊ ဝေဒနာတပါး(သုခဝေဒနာဟူ)ဟူ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်။ တသ္မိံ သမယေ၊ ၌။ ဘိက္ခု၊ သည်။ပ။ဝိဟရတိ၊ ၏။ (၂)

၁။ ဝိရာဂအရ ခဏဘင်ဟူသော-ခယဝိရာဂ, နိဗ္ဗာန်ဟူသော အစ္စန္တဝိရာဂကိုယူ အနုပုဗ္ဗ ဒိသခေတ်အရ ဝိပဿနာဉာဏ် မဂ်ဉာဏ်ကိုယူ၊ ဏီပစ္စည်းအရ တံသမင်္ဂီပုဂ္ဂိုလ်ကိုယူ။ နိရောဓာနုပဿီ-၌လည်း ဤနည်းပင်။
၂။ ပဋိနိဿဇ္ဇနံ ပဋိနိဿဂ္ဂေါ၊ ဝိပဿနာ ဟူသော ပရိစ္စာဂပဋိနိဿဂ္ဂ,မဂ်ဟူသော ပက္ခန္ဒနပဋိနိဿဂ္ဂတို့ကို ကောက်။ အနုပုဗ္ဗဒိသခေတ်အရ-ဝိပဿနာမဂ်ဉာဏ်ပင် ရ၏။ ဏီပစ္စည်းအရ တံသမင်္ဂီပုဂ္ဂိုလ် ရ၏။

ဘိက္ခဝေ၊ တို့။ ယသ္မိံသမယေ၊ ၌။ ဘိက္ခု၊ သည်။ပ။သိက္ခတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မိံ သမယေ၊၌။ ဘိက္ခု၊ သည်။ပ။လောကေ၊ စိတ်လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ စိတ္တေ၊ လောကီစိတ်၌။ စိတ္တာနုပဿီ၊ စိတ်ဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။ မုဋ္ဌဿတိဿ၊ ပျောက်ပျက်သောသတိရှိသော။ အသမ္ပဇာနဿ၊ ဆင်ခြင်တတ်သော ပညာမရှိသောသူအား။ အာနာပါနဿတိံ၊ ကို။ နဝဒါမိ၊ ဟောတော်မမူ။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်။ပ။ဝိဟရတိ၊ ၏။ (၃)

ဘိက္ခဝေ၊ တို့။ ယသ္မိံသမယေ၊ ၌။ ဘိက္ခု၊ သည်။ပ။သိက္ခတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မိံ သမယေ၊၌။ ဘိက္ခု၊ သည်။ပ။လောကေ၊ ဓမ္မလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ကို။ ဝိနေယျ၊ ၍။ ဓမ္မေသု၊ လောကီတရားတို့၌။ ဓမ္မာနုပဿီ၊ လောကီတရားဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ သော၊ ထိုရဟန်းသည်။ အဘိဇ္ဈာဒေါမနဿာနံ၊ တို့ကို။ ယံ တံ ပဟာနံ၊အကြင်ပယ် ခြင်းသည်။ (အတ္ထိ၊ ၏။) တံ၊ ထိုပယ်ခြင်းကို။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသွာ၊ မြင်၍။ သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုတတ်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်။ပ။ဝိဟရတိ၊ ၏။ (၄)

ဘိက္ခဝေ၊ တို့။ ဧဝံ၊ သို့။ ဘာဝိတာ ခေါ၊ သော။ ဧဝံ၊ သို့။ ဗဟုလီကတာ၊ သော။ အာနာ-ပါနဿတိ၊ သည်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကို။ ပရိပူရေတိ၊ ပြည့်စေ၏။

၁၅၀။ ဘိက္ခဝေ၊ တို့။ ကထံ၊ သို့။ ဘာဝိတာ စ၊ ကုန်သော။ ကထံ၊ သို့။ ဗဟုလီကတာ စ၊ ကုန်သော။ စတ္တာရော သတိပဋ္ဌာနာ၊ တို့သည်။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂေ၊ တို့ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။

ဘိက္ခဝေ၊ တို့။ ယသ္မိံသမယေ၊ ၌။ ဘိက္ခု၊ သည်။ပ။ဝိဟရတိ၊ ၏။ တသ္မိံသမယေ၊ ၌။ အဿ၊ ထိုရဟန်း၏။ သတိ၊ သတိသည်။ ဥပဋ္ဌိတာ၊ ကပ်၍တည်သည်။ အသမ္မုဋ္ဌာ၊ မပျောက် ပျက်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ယသ္မိံသမယေ၊ ၌။ ဘိက္ခုနော၊ ၏။ သတိ၊သည်။ ဥပဋ္ဌိတာ၊ သည်။ အသမ္မုဋ္ဌာ၊ သည်။ ဟောတိ၊ ၏။ တသ္မိံသမယေ၊ ၌။ ဘိက္ခုနော၊ ၏။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ကို။ အာရဒ္ဓေါ၊ အားထုတ်အပ်ပြီးသည်။ ဟောတိ၊ ၏။ တသ္မိံသမယေ၊ ၌။ ဘိက္ခု၊ သည်။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကို။ဘာဝေတိ၊ ဖြစ်စေ၏။တသ္မိံသမယေ၊၌။ဘိက္ခုနော၊ ၏။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (၁)

တထာသတော၊ ထိုကဲ့သို့သောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရန္တော၊ နေသော။ သော၊ ထို ရဟန်းသည်။ တံ ဓမ္မံ၊ ထို ရုပ်နာမ်တရားကို။ ပညာယ၊ ဝိပဿနာ ပညာဖြင့်။ ပဝိစိနတိ၊ အနိစ္စ စသော အပြားအားဖြင့် ဆင်ခြင်၏။ ပဝိစယတိ၊ အနိစ္စ စသော အပြားအားဖြင့် စူးစမ်း၏။ ပရိဝီမံသံ၊ စုံစမ်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ (ဤသုံးပုဒ် ပရိယာယ်တူ။) ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌။ တထာသတော၊ ၍။ ဝိဟရန္တော၊ သော။ ဘိက္ခု၊ သည်။ တံ ဓမ္မံ၊ ကို။ ပညာယ၊ ဖြင့်။ ပဝိစိနတိ၊ ၏။ ပဝိစယတိ၊ ၏။ ပရိဝီမံသံ၊ သို့။ အာပဇ္ဇတိ၊ ၏။ တသ္မိံသမယေ၊ ၌။ပ။ ဂစ္ဆတိ၊ ၏။ (၂)

တံ ဓမ္မံ၊ ကို။ ပညာယ၊ ဖြင့်။ ပဝိစိနတော၊ အနိစ္စ စသောအပြားအားဖြင့် ဆင်ခြင်သော။ ပဝိစယတော၊ အနိစ္စ စသော အပြားအားဖြင့် စူးစမ်းသော။ ပရိဝီမံသံ၊ စုံစမ်းခြင်းသို့။

အာပဇ္ဇတော၊ ရောက်သော။ တဿ၊ ထိုရဟန်း၏။ ဝီရိယံ၊လုံ့လသည်။ အာရဒ္ဓံ၊ အားထုတ်အပ်ပြီးသည်။ အသလ္လီနံ၊ မတွန့်သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌ ။ပ။ ဟောတိ၊၏။တသ္မိံ သမယေ၊ ၌။ပ။ ဂစ္ဆတိ၊ ၏။ (၃)

အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်ပြီးသော လုံ့လရှိသော ရဟန်း၏။ နိရာမိသာ၊ ကိလေသာမိသ မရှိသော။ ပီတိ၊သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌ ။ပ။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ပ။ဟောတိ၊၏။ တသ္မိံ သမယေ၊ ၌ ။ပ။ ဂစ္ဆတိ၊ ၏။ (၄)

ပီတိမနဿ၊ နှစ်သက်သော စိတ်ရှိသော ရဟန်း၏။ ကာယောပိ၊ ရုပ်ကာယသည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ ပဿမ္ဘတိ၊ ငြိမ်းအေး၏။ ဘိက္ခဝေ၊ တို့။ ယသ္မိံ သမယေ၊ ၌ ။ပ။ပဿမ္ဘတိ၊ ၏။ တသ္မိံ သမယေ၊ ၌ ။ပ။ ဂစ္ဆတိ၊ ၏။ (၅)

ပဿဒ္ဓကာယဿ၊ ငြိမ်းအေးပြီးသော ရုပ်ကာယရှိသော။ သုခိနော၊ (စိတ်) ချမ်းသာခြင်း ရှိသော ရဟန်းသည်။ စိတ္တံ၊ စိတ်ကို။ သမာဓိယတိ၊ ထားအပ်၏။ ဘိက္ခဝေ၊တို့ ။ပ။ သမာဓိ-ယတိ၊ ၏။ တသ္မိံ သမယေ၊ ၌ ။ပ။ ဂစ္ဆတိ၊၏။ (၆)

သော၊ ထိုရဟန်းသည်။ တထာသမာဟိတံ၊ ထိုကဲ့သို့ထားအပ်သော။ စိတ္တံ၊ စိတ်ကို။သာဓုကံ၊ ကောင်းစွာ။ အဇ္ဈုပေက္ခိတာ၊ လျစ်လျူရှုတတ်သည်။ဟောတိ၊၏။ဘိက္ခဝေ၊တို့။ယသ္မိံ သမယေ၊ ၌။ ဘိက္ခု၊သည်။ပ။ဟောတိ၊ ၏။ တသ္မိံ သမယေ၊ ၌။ပ။ဂစ္ဆတိ၊ ၏ ။ (၇)

၁၅၁။ (ဤ ၁၅၀-ပိုဒ်၌ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပြ ဝါကျအားလုံးကို ကာယာနုပဿနာသတိပဋ္ဌာန်ပြ ဝါကျ အားလုံးကို မှီး၍ အနက် သမ္ဗန်လေ။)

၁၅၂။ ဘိက္ခဝေ၊ တို့။ ကထံ၊ သို့လျှင်။ ဘာဝိတာ စ၊ ကုန်သော။ ကထံ၊ သို့လျှင်။ ဗဟုလီကတာ၊ကုန်သော။ သတ္တ၊ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့သည်။ ဝိဇ္ဇာဝိမုတ္တိံ၊ (သိအပ်သည်ဖြစ်၍ ကိလေသာတို့မှ လွတ်ရာ)ဖိုလ်,နိဗ္ဗာန်ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ ဝိဝေကနိဿိတံ၊ ကင်းဆိတ်ရာနိဗ္ဗာန်၌မှီသော။ ဝိရာဂနိဿိတံ၊ တပ်ခြင်းကင်းရာ နိဗ္ဗာန်၌ မှီသော။ နိရောဓနိဿိတံ၊ ချုပ်ရာနိဗ္ဗာန်၌ မှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ကိလေသာကိုစွန့်ရာနိဗ္ဗာန်သို့ညွတ်သော။သတိသမ္ဗောဇ္ဈင်္ဂံ၊သတိသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ကို။ ဘာဝေတိ၊၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ သို့။ ဘာဝိတာ၊ကုန်သော။ဧဝံ၊သို့။ဗဟုလီကတာ၊ ကုန်သော။ သတ္တ၊ ကုန်သော။ဗောဇ္ဈင်္ဂါ၊တို့သည်။ ဝိဇ္ဇာဝိမုတ္တိံ၊ ကို။ ပရိပူရေန္တိ၊ ပြည့်စေကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဣဒမဝေါစ-စသည် ပေးမြဲ။)

အဋ္ဌမံ၊ သော။ အာနာပါနဿတိသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၉-ကာယဂတာသတိသုတ်

၁၅၃။ (ဧဝံ မေ သုတံ။ပ။အာရာမေ-ပေးမြဲ)။အထခေါ၊ ၌။ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည်မှ နောက်ကာလ၌။ ပိဏ္ဍပါတပဋိက္ကန္တာနံ၊ ဆွမ်းစားရာ အရပ်မှ ဖဲခဲ့ကုန်သည် ဖြစ်၍။ ဥပဋ္ဌာန-

သာလာယံ၊စည်းဝေးရာ (စရပ်) ကျောင်း၌။ သန္နိသိန္နာနံ၊အညီအညွတ် ထိုင်နေကြကုန်သော။ သန္နိပတိတာနံ၊ အညီအညွတ် စည်းဝေးကြကုန်သော။ သမ္ဗဟုလာနံ၊ များစွာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ "အာဝုသော၊ ငါ့ရှင်တို့။ အစ္ဆရိယံ၊ လက်ဖျစ်ခတ်တီး အံ့ချီးထိုက်ပေစွ။ အာဝုသော၊ ငါ့ရှင်တို့။ အဗ္ဘုတံ၊ မဖြစ်စဘူး အဦးအသစ် ဖြစ်ပေစွ။ ဇာနတာ၊ သော။ ပဿတာ၊ သော။ အရဟတာ၊သော။သမ္မာသမ္ဗုဒ္ဓေန၊ သော။တေန ဘဂဝတာ၊ ထိုဘုရားရှင်သည်။ (ဝုတ္တာ-၌စပ်။) ဘာဝိတာ၊ သော။ ဗဟုလီကတာ၊ သော။ ကာယဂတာသတိ၊ ကာယဂတာသတိကို။ ယာဝ စ၊ အလွန်။ (ဣဒံ နိပါတ်။) မဟပ္ဖလာ၊များသော အကျိုးရှိ၏ ဟူ၍။ မဟာနိသံသာ၊ များသော အာနိသင်ရှိ၏ ဟူ၍။ ဝုတ္တာတိ၊ ဟောတော် မူအပ်ပြီ" ဟူသော။ အယံ အန္တရာကထာ၊ ဤကြားကာလ၌ဖြစ်သော စကားသည်[၁]။ ဥဒပါဒိ၊ ဖြစ်ပြီ။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့၏။ အယဥ္စ အန္တရာကထာ၊ သည်လည်း။ (ဟိဒံနိပါတ်မျှ) ဝိပ္ပကတာ၊ မပြီးဆုံးသေးသည်။ဟောတိ၊၏။ အထခေါ၊ ၌။ ဘဂဝါ၊သည်။ သာယနှသမယံ၊ညနေချမ်းအခါ၌။ ပဋိသလ္လာနာ၊ တပါးထည်းတည်း ကိန်းအောင်းတော်မူရာမှ။ ဝုဋ္ဌိတော၊ ထတော်မူသည်ဖြစ်၍။ ယေန၊ ၌။ပ။ နိသီဒိ၊ ပြီ။ နိသဇ္ဇ၊ ထိုင်တော်မူ၍။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ "ဘိက္ခဝေ၊ တို့။ တေရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ အညီအညွတ် ထိုင်နေကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ဝေါ၊ သင်တို့၏။ ဝိပ္ပကတာ၊ မပြီးဆုံးသေးသော။ အန္တရာကထာ၊သည်။ ကာ စ ပနာတိ၊ အဘယ်နည်း" ဟူ၍။ အာမန္တေသိ၊မိန့်တော်မူပြီ။ ဘန္တေ၊ ရား။ဣဓ၊ ဤအရပ်၌။ ။ပ။ဥဒပါဒိ၊ ပြီ။ ဘန္တေ၊ ရား။ နော၊ တပည့်တော်တို့၏။ အယံ ခေါ အန္တရာကထာ၊ သည်။ ဝိပ္ပကထာ၊ မပြီးဆုံးသေးပါ။ အထ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ အနုပ္ပတ္တော၊ အစဉ်ရောက်တော်မူပြီ။ ဣတိ၊ ဤသို့။ လျှောက်ထားကြကုန်ပြီ။

၁၅၄။ ဘိက္ခဝေ၊ တို့။ ကထံ၊ သို့။ ဘာဝိတာ စ၊ သော။ ကထံ၊ သို့။ ဗဟုလီကတာ စ၊ သော။ ကာယဂတာသတိ၊ သည်[၂]။ မဟပ္ဖလာ၊ သည်။ မဟာနိသံသာ၊ သည်။ ဟောတိ၊ နည်း။ (ဣဓ-ဘိက္ခဝေ အစ သိက္ခတိ အထိ မထူးပြီ။) ဝေါ၊ သို့။ အပ္ပမတ္တဿ၊ မမေ့မလျော့သည်ဖြစ်၍။ အာတာပိနော၊ကိလေသာကို ပူလောင်စေတတ်သော လုံ့လရှိသည်ဖြစ်၍၊ပဟိတတ္တဿ၊နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတော၊ သော။ တဿ၊ ထိုရဟန်း၏။ ဂေဟသိတာ၊ အိမ်၌မှီကုန်သော။ (ကာမဂုဏ်တို့ကို အိမ်ဟုယူ။)ယေ သရသင်္ကပ္ပါ၊ အကြင်ပြေးဝင်တတ်သော အကြံအစည်တို့သည်။ သန္တိ၊ ကုန်၏။တေ၊ ထိုပြေးဝင်တတ်သော အကြံအစည်တို့ကို။ ပဟီယန္တိ၊ပယ်အပ်ကုန်၏။ တေသံ၊ထိုပြေးဝင်တတ်သော အကြံအစည် (မိစ္ဆာသင်္ကပ္ပ) တို့ကို။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ အဇ္ဈတ္တမေဝ၊ မိမိ (ကမ္မဋ္ဌာန်းအာရုံ)၌သာလျှင်[၃]။ စိတ္တံ၊ စိတ်သည်။ သန္တိဋ္ဌတိ၊ တည်၏။ သန္နိသီဒတိ၊ကောင်းစွာတည်ငြိမ်၏။(သမ္မဒေဝ သီဒန္တိ၊ ဥပသမန္တီတိ အတ္ထော၊ဝိသုဒ္ဓိ၊ ဋီ-၁-၁၄၇)။ ဧကောဒိ၊ မြတ်သောသမာဓိသည်။ ဟောတိ၊ ၏။ သမာဓိယတိ၊ တည်ကြည်၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ သို့။ ဘိက္ခု၊ သည်။ ကာယဂတာသတိံ၊ ကို။ ဘာဝေတိ၊ ၏။ (၁)

---

[၁]။ အန္တရာကထာ အနက်၏အမှာကို မ-၁၊ ပါသရာသိသုတ် နိဿယ ၂၇၃-ပိုဒ်၌ ရှု။

[၂]။ အဿာသ ပဿာသကာယေ ဂတာ ပဝတ္တာတိ ကာယဂတာ၊ တံကာယဂတာသတိံ၊ (ဋီ။)

[၃]။ သိမ်းဆည်းအပ်သော ကာယဂတာသတိ ကမ္မဋ္ဌာန်းအာရုံကိုပင် မိမိဟု ယူလေ။ ဂေါစရဇ္ဈတ္တသ္မိံ ယေဝါတိ ပရိဂ္ဂဟိတေ ကမ္မဋ္ဌာနေဧဝ ဝတ္တန္တိ၊ တံ ဟိ ဓမ္မဝသေန ဥပဋ္ဌိတာယ ဘာဝနာယ ဂေါစရဘာဝတော အဇ္ဈတ္တန္တိ ဝုတ္တံ၊ (ဋီ။)

ဘိက္ခဝေ၊ သို့။ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ဂစ္ဆန္တော ဝါ၊ သွားသော်လည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ ၏။ ဌိတော ဝါ၊ ရပ်သော်လည်း။ ဌိတော၊ ရပ်သည်။ အမှိတိ၊ ဖြစ်၏ ဟူ၍။ ပဇာနာတိ၊၏။နိသိန္နော ဝါ၊ ထိုင်သော်လည်း။ နိသိန္နော၊ ထိုင်သည်။ အမှိတိ၊ဖြစ်၏ဟူ၍။ ပဇာနာတိ၊ ၏။ သယာနော ဝါ၊ လျောင်းသော်လည်း။ သယာနော၊ လျောင်းသည်။ အမှိတိ၊ ဖြစ်၏ဟူ၍။ ပဇာနာတိ၊ ၏။ဝါ ပန၊ တနည်းသော်ကား။ ယထာယထာ၊ အကြင်အကြင် အခြင်း အရာအားဖြင့်။ အဿ၊ ထိုရဟန်း၏။ ကာယော၊ ရူပကာယသည်။ပဏိဟိတော၊ ထားအပ်သည်။ ဟောတိ၊ ၏။ တထာတထာ၊ ထိုထိုအခြင်းအရာအားဖြင့်။ နံ၊ ထိုရူပကာယကို။ ပဇာနာတိ၊ ၏။ (အကြွင်းတူပြီ။) (၂)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ဘိက္ခု၊ သည်။ပ။ဟောတိ၊ ၏။ (မ-၃၊ ဒေဝဒဟ သုတ် ၁၅-ပိုဒ်၌ ရေးခဲ့ပြီ။) (အကြွင်းတူပြီ။) (၃)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ခြေဘဝါးအပြင် တိုင်အောင်။ တစပရိယန္တံ၊ ဖီလာအားဖြင့် အရေပါးအဆုံးရှိသော။ နာနပ္ပကာရဿ၊ အထူးထူး အပြားပြားသော။ အသုစိနော၊ မစင်မကြယ် ရွံစဖွယ်ဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်။ (ပစ္စဝေက္ခတိ-၌စပ်)။ "ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ကေသာ၊ ဆံတို့သည်။ အတ္ထိ၊ ရှိကုန်၏။ (ဤနည်းတူ ပုဒ်ငိုင်းပုဒ်တိုင်း လိုက်၍စပ်)။လောမာ၊ မွေးညှင်းတို့သည်။ နခါ၊ ခြေသည်းလက်သည်းတို့သည်။ ဒန္တာ၊ သွားတို့သည်။ တစော၊ အရေလူ အရေပါးသည်။ မံသံ၊ အသားသည်။ နှာရု၊ အကြောသည်။ အဋ္ဌိ၊ အရိုးသည်။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီသည်။ ဝက္ကံ၊ အညို့သည်။ ဟဒယံ၊ နှလုံးသည်။ ယကနံ၊ အသည်းသည်။ ကိလောမကံ၊ အမြှေးသည်။ ပိဟကံ၊ အဖျဉ်းသည်။ ပပ္ဖါသံ၊ အဆုတ်သည်။ အန္တံ၊ အူမသည်။ အန္တဂုဏံ၊ အူသိမ်သည်။ ဥဒရိယံ၊ အစာသစ်သည်။ ကရီသံ၊ အစာဟောင်းသည်။ ပိတ္တံ၊ သည်းခြေသည်။ သေမှံ၊ သလိပ်သည်။ ပုဗ္ဗော၊ ပြည်သည်။ လောဟိတံ၊ သွေးသည်။ သေဒေါ၊ ချွေးသည်။ မေဒေါ၊ အဆီခဲသည်။ အဿု၊ မျက်ရည်သည်။ ဝသာ၊ ဆီကြည်သည်။ ခေဠော၊ တံထွေးသည်။ သိင်္ဃာဏိကာ၊ နှပ်သည်။ လသိကာ၊ အစေးသည်။ မုတ္တံ၊ ကျင်ငယ်သည်။ အတ္ထီတိ၊ ရှိ၏"ဟူ၍။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဖြစ်သင့်ဖြစ်ရာ ဥပမာကို ဆိုအံ့။ ဥဘတောမုခါ၊ နှစ်ဘက်ဝ ရှိသော။ နာနာဝိဟိတဿ၊ အထူးထူး အပြားပြားရှိသော။ (များသောအပြားတို့ဖြင့် စီရင် အပ်သော-သော်လည်းပေး။)ဓညဿ၊ စပါးဖြင့်။ ပူရာ၊ပြည့်သော။ ပုတောဠိ၊အိတ်သည်။(အဿ၊ ဖြစ်ရာ၏။) သေယျထိဒံ၊ အဘယ်စပါးတို့ဖြင့် ပြည့်သနည်း။ သာလီနံ၊ သလေး(ကောက်ကြီး) တို့ဖြင့်ရှင်း။ ဝီဟီနံ၊ ကောက်လတ် (ကောက်ကြမ်း) တို့ဖြင့်ရှင်း။ မုဂ္ဂါနံ၊ ပဲနောက်တို့ဖြင့်ရှင်း။ မာသာနံ၊ မတ်ပဲတို့ဖြင့်ရှင်း။ တိလာနံ၊ နှမ်းတို့ဖြင့်ရှင်း။ တဏ္ဍုလာနံ၊ ဆန်တို့ဖြင့်ရှင်း။ (ပူရာ၊ ပြည့်သတည်း။) တမေနံ၊ ထိုအိတ်ကို။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ား သည်။ မုဉ္စိတွာ၊ ဖြေ၍။"ဣမေ၊ ဤသည်တို့ကား။ သာလီ၊ သလေး (ကောက်ကြီး) တို့တည်း။ ဣမေ၊ တို့ကား။ ဝီဟီ၊ ကောက်လတ် (ကောက်ကြမ်း) တို့တည်း။ ဣမေ၊ တို့ကား။ မုဂ္ဂါ၊ ပဲနောက်တို့တည်း။ ဣမေ၊ တို့ကား။ မာသာ၊ မတ်ပဲတို့တည်း။ ဣမေ၊ တို့ကား။ တိလာ၊ နှမ်း တို့တည်း။ ဣမေ၊ တို့ကား။ တဏ္ဍုလာတိ၊ ဆန်တို့တည်း"ဟူ၍။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။

ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ သည်။ပ။ပစ္စဝေက္ခတိ၊ ၏။ (အကြောင်းတူပြီ။)(၄)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ယထာဌိတံ၊ တည်မြဲတိုင်းသော။ ယထာပဏိဟိတံ၊ ထားမြဲတိုင်းသော။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်။ "ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အတ္ထိ၊ ၏။ အာပေါဓာတု၊ သည်။ အတ္ထိ၊ ၏။ တေဇောဓာတု၊ သည်။ အတ္ထိ၊ ၏။ ဝါယောဓာတု၊ သည်။ အတ္ထီတိ၊ ရှိ၏"ဟူ၍။ ဓာတုသော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဒက္ခော၊ ကျွမ်းကျင်လိမ်မာသော။ ဂေါဃာတကော ဝါ၊ နွားသတ်သမားသည်သော်၎င်း။ ဂေါဃာတကန္တေဝါသီ ဝါ၊ နွားသတ်သမား၏ တပည့်သည်သော်၎င်း။ ဂါဝိံ၊ နွားကို။ ဝဓိတွာ၊ သတ်၍။ စတုမဟာပထေ၊ လမ်းလေးခွ၌။ ဗိလသော၊ အစုအစု (အပုံအပုံ)[1]။ ဝိဘဇိတွာ၊ ခွဲဝေ၍။ နိသိန္နော၊ ထိုင်နေသည် အသႏ၊ ရာ၏၊ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ ဘိက္ခု သည်။ပ။ ပစ္စဝေက္ခတိ. ၏။ (အကြောင်းတူပြီ) (၅)

ဘိက္ခဝေ တို့။ ပုန စပရံ၊ လည်း။ သေယျထာပိ၊ အံ့။ ဘိက္ခု၊ သည်။ သိဝထိကာယ၊ သင်းချိုင်း၌။ ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သော။ ဧကာဟမတံ ဝါ၊ သေပြီး၍ တရက်ရှိသည်လည်းဖြစ်သော။ ဒွီဟမတံ ဝါ၊ သေပြီး၍ နှစ်ရက်ရှိသည်လည်းဖြစ်သော။ တီဟမတံ ဝါ၊ သေပြီး၍ သုံးရက်ရှိသည်လည်းဖြစ်သော။ ဥဒ္ဓုမာတကံ၊ သေသည်မှအထက်ဖူးဖူးကြွတက်သော။ ဝိနီလကံ၊ အထူးအားဖြင့် ညိုမဲသော။ ဝိပုဗ္ဗကဇာတံ၊ ယိုသောပြည်ရှိသော။ သရီရံ၊ ကိုယ်ကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ သော၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ ဤကိုယ်ကိုပင်လျှင်။ "အယမ္ပိ ခေါ ကာယော၊ ဤကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤကဲ့သို့သော သဘောရှိ၏။ ဧဝံဘာဝီ၊ ဤကဲ့သို့မချွတ်ဖြစ်မည်တည်း။ ဧဝံ အနတီတောတိ၊ ဤကဲ့သို့သောသဘောကို မလွန်နိုင်"ဟူ၍။ ဥပသံဟရတိ၊ ဉာဏ်ဖြင့်ကပ်ဆောင်၏။ (အကြောင်းတူပြီ) (၆)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ သေယျထာပိ၊ အံ့။ ဘိက္ခု၊ သည်။ သိဝထိကာယ၊ ၌။ ဆဍ္ဍိတံ၊ သော။ ကာကေဟိ ဝါ၊ကျီးတို့သည်မူလည်း။ ခဇ္ဇမာနံ၊ စားအပ်သော။ကုလလေဟိ ဝါ၊ လင်းယုန်တို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ ဂိဇ္ဈေဟိ ဝါ၊ လင်းတတို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ကင်္ကေဟိ ဝါ၊ ငှက်ကြီးတုံးစပ်တို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ သုနခေဟိ ဝါ၊ခွေးတို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ ဗျဂ္ဃေဟိ ဝါ၊ ကျားတို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ ဒီပီဟိ ဝါ၊ သစ်တို့သည်မူလည်း။ ခဇ္ဇမာနံ၊သော။ သိင်္ဂါလေဟိ ဝါ၊ မြေခွေးတို့သည်မူလည်း။ခဇ္ဇမာနံ၊ သော။ ဝိဝိဓေဟိ၊ အမျိုးမျိုးကုန်သော။ ပါဏကဇာတေဟိ ဝါ၊ ပိုးအပေါင်းတို့သည်မူလည်း။ ခဇ္ဇမာနံ၊ သော။ သရီရံ၊ ကိုယ်ကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ သော၊ သည်။ဣမမေဝ ကာယံ၊ ကိုပင်လျှင်။ "အယမ္ပိ ခေါ ကာယောပိ၊ သည်လည်း။ပ။ ဧဝံ အနတီတောတိ၊ နိုင်"ဟူ၍။ ဥပသံဟရတိ၊ ၏။ (အကြောင်းတူပြီ။ ဤအနက်အားလုံးသည် မ-နိ ၁ သတိပဋ္ဌာနသုတ်၌လည်း လာ၏။) (၇)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ သေယျထာပိ၊ အံ့။ ဘိက္ခု၊ သည်။ သိဝထိကာယ၊ ၌။ ဆဍ္ဍိတံ၊ သော။ အဋ္ဌိကသင်္ခလိကံ၊ သံကြိုးဆက်နှင့်တူသော အရိုးရှိသော။ သမံသလောဟိတံ၊

၁။ သော ဝိစ္ဆာပနကာရေသုမောဂ္ဂလ္လာန်သုတ်ဖြင့် သောပစ္စယ ဝိစ္ဆတ္ထ၌ သက်။

အသားအသွေးနှင့်တကွသော။ နှာရုသမ္ဗန္ဓံ၊ အကြောအဖွဲ့ရှိသော။ သရီရံ၊ ကို။ ပသေယျ၊ ရာ၏။ပ။ အဋ္ဌိကသင်္ခလိကံ၊ သော။ နိမ္မံသလောဟိတမက္ခိတံ၊ အသားမရှိ သွေးတို့ဖြင့်လိမ်းကျံ အပ်သော။ နှာရုသမ္ဗန္ဓံ၊ သော။ (သရီရံ၊ ကို။ ပသေယျ၊ ရာ၏။)။ပ။အဋ္ဌိကသင်္ခလိကံ၊ သော။ အပဂတမံသလောဟိတံ၊ အသားအသွေးမှကင်းသော။ နှာရုသမ္ဗန္ဓံ၊ သော။ သရီရံ၊ ကို။ ပသေယျ၊ ရာ၏။ပ။အညေနု၊တပါးသော အရပ်၌။ (သတ္တမျွတ္တေစ-သုတ်ဖြင့်စီရင်။)ဟတ္ထဋ္ဌိကံ၊လက်ရိုးကို။ပ။ ပါဒဋ္ဌိကံ၊ ခြေရိုးကို။ပ။ဂေါပ္ဖကဋ္ဌိကံ၊ ဖမြက်ရိုးကို။ပ။ ဇင်္ဃဋ္ဌိကံ၊ ဒူးရိုးကို။ပ။ ဦရုဋ္ဌိကံ၊ ပေါင်ရိုး ကို။ပ။ ကဋိဋ္ဌိကံ၊ ခါးရိုးကို။ပ။ ဖာသုကဋ္ဌိကံ၊ နံရိုးကို။ပ။ ပိဋ္ဌိဋ္ဌိကံ၊ ကျောက်ကုန်းရိုး ကို။ပ။ ခန္ဓဋ္ဌိကံ၊ ပခုံးရိုးကို ။ပ။ ဂီဝဋ္ဌိကံ၊ လည်ပင်းရိုးကို ။ပ။ ဟနုကဋ္ဌိကံ၊ မေးရိုးကို ။ပ။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ပ။ သီသကဋာဟံ၊ ဦးခေါင်းခွန်ကို။ ဣတိ၊ သို့။ ဒိသာဝိဒိသာ ဝိက္ခိတ္တာနိ၊ အရပ်ထောင့် အရပ်တို့၌ လွင့်ပစ်အပ်ကုန်သော။ အပဂတသမ္ဗန္ဓာနိ၊ အဆက်အဖွဲ့မှ ကင်းကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့ကို။ ပသေယျ၊ ရာ၏။ သော၊ သည်။ပ။ ဥပသံဟရတိ၊ ၏။ (အကြွင်းတူပြီ။) (ဂ-၁၁)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ သေယျထာပိ၊ အံ့။ ဘိက္ခု၊ သည်။ သိဝထိကာယ၊ ၌။ ဆဍ္ဍိတံ၊ သော။ သရီရံ၊ ကို။ သေတာနိ၊ ဖြူကုန်သော။ သင်္ခဝဏ္ဏပဋိဘာဂါနိ၊ ခရုသင်းအဆင်းနှင့် တူကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့ကို။ပသေယျ၊ ရာ၏။ပ။ ပုဉ္ဇကိတာနိ၊ ဖြစ်သော အစုအပုံ ရှိကုန်သော[၁]။ တေရောဝဿိကာနိ၊ နှစ်လွန်ကုန်သော။ အဋ္ဌိကာနိ၊ တို့ကို။ ပသေယျ၊ ရာ၏။ပ။ ပူတီနိ၊ ပုပ်ကုန်သော။ စုဏ္ဏကဇာတာနိ၊ မှုန့်မှုန့်ညက်ညက်ဖြစ်ကုန်သော။ အဋ္ဌိကာနိ၊ တို့ကို။ ပသေယျ၊ ရာ၏။ သော၊ သည်။ပ။ ဥပသံဟရတိ၊ ၏။ (အကြွင်းတူ၏။) (၁၂-၁၄)

၁၅၅။ (ဈာန်အနက်များကို မ-၃.ဒေဝဒဟသုတ် စာပိုဒ်၁၆-၌ပြန်ရှု။) သော၊ ထိုရဟန်းသည်။ ဣမမေဝ ကာယံ၊ ဤရူပကာယကိုသာလျှင်။ ဝိဝေကဇေန။ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော။ ပီတိသုခေန၊ ပီတိသုခဖြင့်။(ပီတိသုခဟူသောရေဖြင့်ဟူလို။) အဘိသန္ဒေတိ၊ စိုစွတ် စေ၏။ ပရိသန္ဒေတိ၊ ထက်ဝန်းကျင်မှစိုစွတ်စေ၏။ ပရိပူရေတိ၊ ထက်ဝန်းကျင်မှပြည့်စေ၏။ ပရိပ္ဖရတိ၊ ထက်ဝန်းကျင်မှပြန့်နှံ့စေ၏။ အဿ၊ ထိုရဟန်း၏။ သဗ္ဗာဝတော၊ အလုံးစုံသော ကောဋ္ဌာသရှိသော။ ကာယဿ၊ ကိုယ်၏။ ဝိဝေကဇေန၊ သော။ ပီတိသုခေန၊ ဖြင့်။အပ္ဖုဋံ၊ မနှံ့သောအရပ်မည်သည်။ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်မျှ။ န ဟောတိ၊ မဖြစ်။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဒက္ခော၊ လိမ်မာသော။ နှာပကော ဝါ၊ ရေချိုးသမား သည်သော်၎င်း။ နှာပကန္တေဝါသီ ဝါ၊ ရေချိုးသမား၏ တပည့်သည်သော်၎င်း။ ကံသထာလေ၊ ကြေးခွက်၌။ နှာနီယစုဏ္ဏာနိ၊ ရေချိုးကသယ်မှုန့်တို့ကို။အာကိရိတွာ၊ လောင်းထည့်၍။ ဥဒကေန၊ ရေဖြင့်။ ပရိပ္ဖေါသကံ ပရိပ္ဖေါသကံ၊ ဆွတ်ဖျန်း၍ ဆွတ်ဖျန်း၍။ သန္နေယျ၊ ဆုပ်နယ်ရာ၏။ (အစိုင်အခဲပြုရာ၏။) သာယံ နှာနီယပိဏ္ဍိ၊ ထိုရေချိုးကသယ်မှုန့်အစိုင်အခဲသည် (ထိုဆပ်ပြာ ခဲသည်)။ သ္နေဟာနုဂတာ၊ ရေဟူသောအစေးသည် အစဉ်ဝင်အပ်သည်ဖြစ်၍။ သ္နေဟပရေတာ၊ ရေဟူသောအစေးသည် ထက်ဝန်းကျင်မှ စွတ်စိုအပ်သည်ဖြစ်၍။ သ္နေဟေန၊ ရေဟူသောအစေး ဖြင့်။ သန္တရဗာဟိရာ၊ အတွင်းအပြင်နှင့်တကွ(အားလုံး၌)။ဖုဋ္ဌာ၊ ပြန့်နှံ့သည်။ န စ ပဂ္ဃရိဏီ၊

၁။ ပုဉ္ဇကောဋ္ဌတော ဇာတော ယေသန္တိ-ဟူသော ဝိဂ္ဂဟအရပေးသည်။ မ ၁၊ သတိပဋ္ဌာနသုတ်နိဿယ ၁၁၂-ပိုဒ်ရှု။

ယိုလည်းမယိုစီးသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ န ဟောတိ၊ မဖြစ်။ (မ-၁၊ မဟာအဿပုရသုတ် နိဿယ-၄၂၇-ပိုဒ်၌ရှု။) (အကြွင်းတူပြီ။) (၁၅)

ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။နဟောတိ၊ မဖြစ်။ (သမာဓိဇေန၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သောဟုပေး။)

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊အံ့။ ဥဗ္ဘိဒေါဒကော၊ထွက်သောစမ်းရေရှိသော။ ဥဒကရဟဒေါ၊ ရေအိုင်သည်။ ဂမ္ဘီရော၊ နက်၏။ တဿ၊ ထိုရေအိုင်၏။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်၌။ ဥဒကဿ၊ ရေ၏။ အာယမုခံ၊ ဝင်ရာအပေါက်သည်။ နေဝ အဿ၊ မရှိရာ။ ပစ္ဆိမာယ ဒိသာယ၊ အနောက်မျက်နှာအရပ်၌။ပ။န အဿ၊ ရာ။ဥတ္တရာယ ဒိသာယ၊ မြောက်မျက်နှာအရပ်၌။ပ။န အဿ၊ ရာ။ ဒက္ခိဏာယ ဒိသာယ၊ တောင်မျက်နှာအရပ်၌။ပ။န အဿ၊ ရာ။ ဒေဝေါစ၊ မိုးသည်လည်း။ ကာလေနကာလံ၊ ရံဖန်ရံခါ။ သမ္မာဓာရံ၊အယဉ်သည်းထန်စွာ။န အနုပ္ပဝေစ္ဆေယျ၊ မရွာရာ။ အထခေါ၊ ၌။ တမှာဝ ဥဒကရဟဒါ၊ ထိုရေအိုင်မှသာလျှင်။ သီတာ၊အေးလှစွာသော။ ဝါရိဓာရာ၊ ရေအယဉ်သည်။ ဥဗ္ဘိဇ္ဇိတွာ၊ အထက်သို့တက်၍။ တမေဝ ဥဒကရဟဒံ၊ ထိုရေအိုင်ကိုသာလျှင်။ သီတေန၊ သော။ ဝါရိနာ၊ ရေဖြင့်။ အဘိသန္ဒေယျ၊ စိုစွတ်စေရာ၏။ပ။ပရိပ္ဖရေယျ၊ ထက်ဝန်းကျင်မှ ပြန့်နှံ့စေရာ၏။ သဗ္ဗာဝတော၊ အလုံးစုံအစိတ်ရှိသော။အဿ ဥဒကရဟဒဿ၊ ထိုရေအိုင်၏။ သီတေန၊ သော။ ဝါရိနာ၊ ဖြင့်။ အပ္ဖုဋံ၊ မနှံ့သောအရပ်မည်သည်။ ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်မျှ။ န အဿ၊ ရာ။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။န ဟောတိ၊ မဖြစ်။ (အကြွင်းတူပြီ။) (၁၆)

ဘိက္ခဝေ၊ တို့။ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ပ။န ဟောတိ၊ မဖြစ်။ (နိပ္ပီတိကေန၊ပီတိမရှိသော။ သုခေန၊ တတိယဈာန်ချမ်းသာဖြင့်-ဟုပေး။)

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဥပ္ပလိနိယံ ဝါ၊ဥပ္ပလကြာတော၌ရင်း။ပဒုမိနိယံ ဝါ၊ပဒုမ္မာကြာတော၌ရင်း။ ပုဏ္ဍရိကိနိယံ ဝါ၊ ပုဏ္ဍရိက်ကြာတော၌ရင်း။ ဥဒကေ၊ ရေ၌။ ဇာတာနိ၊ ဖြစ်ကုန်သော။ ဥဒကေ၊ ရေ၌။ သံဝဍ္ဎာနိ၊ ကြီးပွါးကုန်သော။ ဥဒကာနုဂ္ဂတာနိ၊ရေသို့ အစဉ်လိုက်ကုန်သော။ အန္တောနိမုဂ္ဂပေါသီနိ၊ ရေအတွင်း၌နစ်လျက် ကြီးပွါးကုန်သော။ အပ္ပေကစ္စာနိ၊ အချို့ကုန်သော။ ဥပ္ပလာနိ ဝါ၊ ဥပ္ပလကြာတို့သည်ရင်း။ ပဒုမာနိ ဝါ၊ ပဒုမ္မာကြာတို့သည်ရင်း။ ပုဏ္ဍရိကာနိ ဝါ၊ပုဏ္ဍရိက်ကြာတို့သည်ရင်း။အဿု၊ရှိကုန်ရာ၏။ တာနိ၊ထိုဥပ္ပလကြာစသည်တို့သည်။ ယာဝ စ အဂ္ဂါ၊အဖျားတိုင်အောင်ရင်း။ယာဝ စ မူလာ၊အရင်းတိုင်အောင်ရင်း။ သီတေန၊သော။ ဝါရိနာ၊ ဖြင့်။ အဘိသန္နာနိ၊ စွတ်စိုကုန်၏။ ပရိသန္နာနိ၊ ထက်ဝန်းကျင်မှ စွတ်စိုကုန်၏။ပရိပူရာနိ၊ ထက်ဝန်းကျင်မှ ပြည့်ကုန်၏။ ပရိပ္ဖုဋ္ဌာနိ၊ ထက်ဝန်းကျင်မှ ပြန့်နှံ့ကုန်၏။ သဗ္ဗာဝတံ၊ အလုံးစုံအစိတ်ရှိကုန်သော။ အဿ ဥပ္ပလာနံ ဝါ၊ထိုဥပ္ပလကြာတို့၏ရင်း။ အဿ ပဒုမာနံ ဝါ၊ထိုပဒုမ္မာကြာတို့၏ရင်း။ အဿ ပုဏ္ဍရိကာနံ ဝါ၊ ထိုပုဏ္ဍရိက်ကြာတို့၏ရင်း။ (အဿ-ကား ဝစနဝိပ္ပလ္လာသ။) သီတေန၊ သော။ ဝါရိနာ၊ ဖြင့်။ အပ္ဖုဋံ၊ သည်။ ကိဉ္စိ၊ မျှ။ န အဿ၊ ရာ။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊သာလျှင်။ပ။နဟောတိ၊ မဖြစ်။ (အကြွင်းတူပြီ။) (၁၇)

ဘိက္ခဝေ၊ တို့။ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ပ။နဟောတိ၊ မဖြစ်။ (ပရိသုဒ္ဓေန၊ စင်ကြယ်စွာသော။ ပရိယောဒါတေန၊ ဖြူစင်စွာသော။ စေတသာ၊ (စတုတ္ထဈာန်)စိတ်ဖြင့်။ ဖရိတွာ၊ ပြန့်၍။ နိသိန္နော၊ ထိုင်နေသည်။ အဿ၊ ရာ၏-ဟုပေးလေ။)

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ပုရိသော၊ သည်။ သြဒါတေန၊ ဖြူစင်စွာသော။ ဝတ္ထေန၊ အဝတ်ဖြင့်။ သသီသံ၊ ဦးခေါင်းနှင့်တကွ။ ပါရုပိတွာ၊ ခြုံ၍။ နိသိန္နော၊ ထိုင်နေသည်။ အဿ၊ ဖြစ်ရာ၏။ အဿ၊ ထိုယောကျ်ား၏။ သဗ္ဗာဝတော၊ အလုံးစုံသောအစိတ်(ကောဋ္ဌာသ)ရှိသော။ ကာယဿ၊ ရူပကာယ၏။ သြဒါတေန၊ သော။ ဝတ္ထေန၊ ဖြင့်။ အပ္ဖုဋံ၊ သည်။ ကိဉ္စိ၊ မျှ။ န အဿ၊ ရာ။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ န ဟောတိ၊ မဖြစ်။ (အကြွင်းဘူပြီ။) (၁၈)

၁၅၆။ ဘိက္ခဝေ၊ တို့။ ယဿကဿစိ၊ အကြင်တစုံတယောက်သောသူသည်။ ကာယဂတာသတိ၊ ကို။ ဘာဝိတာ၊ ဖြစ်စေအပ်ပြီ။ ဗဟုလီကတာ၊ အကြိမ်များစွာပွားအပ်ပြီ။ ဝိဇ္ဇာဘာဂိယာ၊ ဝိဇ္ဇာသို့ချဉ်းကပ်တတ်ကုန်သော။ (ဝိဇ္ဇာအစု၌ ဖြစ်ကုန်သော ဟူ၍သော်လည်းပေး။) ကေစိ၊ တစုံတခုကုန်သော။ ယေ ကုသလာ ဓမ္မာ၊ အကြင်ကုသိုလ်တရားတို့သည်။ (သန္တိ၊ ကုန်၏။) တေ ကုသလာ ဓမ္မာ၊ ထိုကုသိုလ်တရားတို့သည်။ အဿ၊ ထိုသူ၏ (ဘာဝနာ၌)။ အန္တောဂဓာဝ၊ အတွင်းဝင်ကုန်သည်သာလျှင်တည်း။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ကဿစိ၊ သော။ ယဿ၊ အကြင်သူ၏။ စေတသာ၊ စိတ်ဖြင့်။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ဖုဋ္ဌော၊ ပြန့်နှံ့၏။ သမုဒ္ဒင်္ဂမာ၊ သမုဒ္ဒရာ၌ဝင်ရောက်ကုန်သော။ ကာစိ၊ တစုံတရာကုန်သော။ ယာ ကုန္နဒိယော၊ အကြင်မြစ်ငယ်တို့သည်။ သန္တိ၊ ကုန်၏။ တာ ကုန္နဒိယော၊ထိုမြစ်ငယ်တို့သည်။ အဿ၊ ထိုသူ၏(စိတ်၌)။အန္တောဂဓာဝ၊ တည်း။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ အန္တောဂဓာဝ၊ တည်း။

ဘိက္ခဝေ၊ တို့။ ကဿစိ၊ သော။ ယဿ၊ အကြင်သူသည်။ ကာယဂတာသတိ၊ကို။ အဘာဝိတာ၊ မဖြစ်စေအပ်။ အဗဟုလီကတာ၊ အကြိမ်များစွာမပွားအပ်။ မာရော၊ မာရ်နတ်သည်။ တဿ၊ ထိုသူ၏(စိတ်၌)။ သြတာရံ၊(ကိလေသာဖြစ်ခြင်း၏) အခွင့်အပေါက်ကို[၁]။ လဘတိ၊ ရ၏။ မာရော၊ သည်။ တဿ၊ ၌။ အာရမ္မဏံ၊ (ကိလေသာဖြစ်ခြင်း၏) အကြောင်းကို။ လဘတိ၊၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊အံ့။ ပုရိသော၊သည်။ ဂရုကံ၊ လေးလံသှစွာသော။ သိလာဂုဠံ၊ ကျောက်တုံးကို။ အလ္လမတ္တိကာပုဉ္ဇေ၊ စိုသောမြေညက်ပုံ၌။ ပက္ခိပေယျ၊ ထည့်ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံမညထ၊ နည်း။ ဂရုကံ၊ သော။ တံ သိလာဂုဠံ၊ ကို။ အလ္လမတ္တိကာပုဉ္ဇေ၌။ သြတာရံ၊ ဝင်ခွင့်သွားပေါက်ကို။ လဘေထ အပိနု၊ ရရာသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ရား။ဧဝံ၊မှန်ပါ၏။ဘိက္ခဝေ၊တို့။ဧဝမေဝ ခေါ၊ သာလျှင်။ပ။ လဘတိ၊၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ သုက္ခံ၊ ခြောက်သော။ ကောဠာပံ၊ အစေးမရှိသော။ ကဋ္ဌံ၊ ထင်းသည်။ (အဿ၊ ရှိရာ၏။) အထ၊ ထိုအခါ၌။ ပုရိသော၊ သည်။ အဂ္ဂိံ၊ မီးကို။ အဘိနိဗ္ဗတ္တေဿာမိ၊ ဖြစ်စေအံ့။ တေဇော၊ အပူဓာတ်ကို။ ပါတုကရိဿာမီတိ၊ ထင်ရှားပြုအံ့ ဟု နှလုံးသွင်း၍။ ဥတ္တရာရဏိံ၊ မီးပွတ်ကျည်ကို။ အာဒါယ၊ ယူ၍။ အာဂစ္ဆေယျ၊ လာရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံမညထ၊ နည်း။ သော ပုရိသော၊ သည်။ သုက္ခံ၊ သော။ ကောဠာပံ၊ သော။ အမုံ ကဋ္ဌံ၊ ထိုထင်းကို။ ဥတ္တရာရဏိံ၊ ကို။ အာဒါယ၊ ၍။အဘိမန္ထန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိံ၊ ကို။ အဘိနိဗ္ဗတ္တေယျ အပိနု၊ ဖြစ်စေရာသလော။ တေဇော၊

၁။ သြတာရန္တိ ကိလေသုပ္ပတ္တိယာ အဝသရံ။ ဋီကာ။

ကို။ ပါတုကရေယျ အပိနု၊ ထင်ရှားပြုရာသလော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ ရုး။ ဝေါ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ သာလျှင်။ပ။လဘတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ရိတ္တော၊ ရေမှဆိတ်သုဉ်းသော။ တုစ္ဆော၊ အချည်းနှီးသော။ အာခာရေ၊ ကန္တတ်ခွေ၌။ ဌပိတော၊ တင်ထားအပ်သော။ ဥဒကမဏိကော၊ ရေအိုးကြီးသည်။ အဿ၊ ရာ၏။ အထ၊ ၌။ ပုရိသော၊ သည်။ ဥဒကဘာရံ၊ ရေတည်းဟူသော ဝန်ကို။ အာဒါယ၊ ၍။အာဂစ္ဆေယျ၊ရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ သော ပုရိသော၊ သည်။ ဥဒကဿ၊ ရေ၏။ နိက္ခေပနံ၊ သွန်းချရာအရပ်ကို။ လဘေထ အပိနု၊ ရရာသလော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ရုး။ ဝေါ၊ ၏။ ဘိက္ခဝေ၊တို့။ ဝေမေဝ ခေါ၊ သာလျှင်။ပ။ လဘတိ၊ ၏။

၁၅၇။ ဘိက္ခဝေ၊ တို့။ပ။န လဘတိ၊ မရ။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ပုရိသော၊ သည်။ လဟုကံ၊ ပေါ့ပါးသော။ သုတ္တဂုဠံ၊ ချည်လုံးကို။ သဗ္ဗသာရမယေ၊ အလုံးစုံသော အနှစ်အတိပြီးသော။ အဂ္ဂဠဖလကေ၊ တံခါးရွက်၌။ ပက္ခိပေယျ၊ ပစ်ချရာ၏။ ဘိက္ခဝေ၊ တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။သော ပုရိသော၊သည်။လဟုကံ၊သော။တံ သုတ္တဂုဠံ၊ကို။ သဗ္ဗသာရမယေ၊သော။ အဂ္ဂဠဖလကေ၊ ၌။ ဩဘာရံ၊ တည်နေခွင့်ကို။ လဘေယျ အပိနု၊ လော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ ရုး။ တော်၊ ဤစကားသည်။ နော ဟိ၊ မသင့်ပါ။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ သာလျှင်။ပ။ န လဘတိ၊ မရ။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ အလ္လံ၊ စိုသော။ သသ္နေဟံ၊ အစေးရှိသော။ ကဋ္ဌံ၊ ထင်းသည်။(အဿ၊ရာ၏။)အထ၊၌။ပုရိသော၊ သည်။ပ။အာဂစ္ဆေယျ၊ ၏။ ဘိက္ခဝေ၊ တို့။ တံ။ ကို။ ကိံ မညထ၊ နည်း။ သော ပုရိသော၊ သည်။ အလ္လံ၊သော။ သသ္နေဟံ၊ သော။ အမုံ ကဋ္ဌံ၊ ကို။ပ။ပါတုကရေယျ အပိနု၊ လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ရုး။တော်၊သည်။ နောဟိ၊ ပါ။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ သာလျှင်။ပ။န လဘတိ၊မရ။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဥဒကဿ၊ ရေဖြင့်။ပူရော၊ပြည့်သော။ သမတိတ္တိကော၊ ညီမျှသော အနားရေးရှိသော။ ကာကပေယျော၊ ကျီး သောက်နိုင်သော။ အာခာရေ၊ ၌။ ဌပိတော၊ သော။ ဥဒကမဏိကော၊သည်။ (အဿ၊ ရာ၏။)အထ၊ ၌။ပ။ အာဂစ္ဆေယျ၊ ရာ၏။ ဘိက္ခဝေ၊တို့။ တံ၊ ကို။ ကိံ မညထ၊ နည်း။ သော ပုရိသော၊ သည်။ ဥဒကဿ၊ ၏။ နိက္ခေပနံ၊ သွန်ချရာအရပ်ကို။ လဘေထ အပိနု။လော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ ရုး။တော်၊ သည်။နောဟိ၊ ပါ။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ သာလျှင်။ပ။န လဘတိ၊ မရ။

၁၅၈။ ဘိက္ခဝေ၊ တို့ ။ပ။ ဗဟုလီကတာ၊ အပ်ပြီ။ သော၊ ထိုသူသည်။ အဘိညာ-သစ္ဆိကရဏီယဿ၊ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သော။ ယဿ ယဿ ဓမ္မဿ၊ အကြင် အကြင်တရားကို။ အဘိညာသစ္ဆိကိရိယာယ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းငှါ။ စိတ္တံ၊ စိတ်ကို။ အဘိနိန္နာမေတိ၊ ရှေးရှုညွတ်စေ၏။ သတိအာယတနေ၊ သတိတည်းဟူသော အကြောင်းသည်။ သတိ၊ ဖြစ်သော်။ တတြ တတြေဝ၊ ထိုထိုတရား၌သာလျှင်။ သက္ခိဘဗ္ဗတံ၊ သက်သေထိုက်သူ၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ ဥဒကဿ၊ ဖြင့်။ ပူရော၊ သော။ သမတိတ္တိကော၊ သော။ ကာကပေယျော၊ သော။ အာဓာရေ၊ ၌။ ဌပိတော၊ သော။ ဥဒကမဏိကော၊ သည်။ (အဿ၊ ရာ၏။) တမေနံ၊ ထိုအိုးကြီးကို။ ဗလဝါ၊ ခွန်အားရှိသော။ ပုရိသော၊ သည်။ ယတော ယတော၊ အကြင်အကြင်အရပ်မှ။ အာဝိဉ္ဆေယျ၊ ဆွဲငင်ရာ၏။ (တတော တတော၊ ထိုထိုအရပ်မှ။) ဥဒကံ၊ သည်။ အာဂစ္ဆေယျ၊ လာရာသလော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ ဘုရား။ ဧဝံ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ပါပုဏာတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ သမေ၊ ညီညွတ်သော။ ဘူမိဘာဂေ၊ မြေအဘို့၌။ စတုရဿာ ပေါက္ခရဏီ၊ လေးထောင့်ကန်သည်။ အာဠိဗန္ဓာ၊ ဖွဲ့အပ်သော ကန်သင်းရှိသည်။ ဥဒကဿ၊ ဖြင့်။ ပူရာ၊ ပြည့်သည်။ သမတိတ္တိကာ၊ ညီမျှသော ကမ်းပါးရေးရှိသည်။ ကာကပေယျာ၊ ကျီးသောက်နိုင်သည်။ အဿ၊ ရာ၏။ တမေနံ၊ ထိုလေးထောင့်ကန်ကို။ ဗလဝါ၊ သော။ ပုရိသော၊ သည်။ ယတော ယတော၊ မှ။ အာဠိံ၊ ကန်သင်းကို။ မုဉ္စေယျ၊ လွှတ်ရာ၏။ (တတော တတော၊ မှ။) အာဂစ္ဆေယျ၊ လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဧဝံ ဘန္တေ၊ အရှင်ဘုရား ဟုတ်ပါ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ပါပုဏာတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အံ့။ သုဘူမိယံ၊ ညီညွတ်သောမြေ၌။ စတုမဟာပထေ၊ လမ်းကြီးလေးခွ၌။ ယုတ္တော၊ ကအပ်သော။ အာဇညရထော၊ အာဇာနည်မြင်းရထားသည်။ ဌိတော၊ ရပ်တည်သည်။ ဩဓဿွပတောဒေါ၊ ချထားအပ်သော နှင်တံရှိသည်။ အဿ၊ ရာ၏။ တမေနံ၊ ထိုအာဇာနည်မြင်းရထားကို။ ဒက္ခော၊ ကျွမ်းကျင်သော။ ယောဂ္ဂါစရိယော၊ မြင်းတို့၏ ဆရာဖြစ်သော။ အဿဒမ္မသာရထိ၊ ဆုံးမအပ်ပြီးသော မြင်းတို့ကို သွားစေတတ်သော ရထားထိန်းသည်။ အဘိရုဟိတွာ၊ တက်စီး၍။ ဝါမေန ဟတ္ထေန၊ လက်ဝဲလက်ဖြင့်။ ရသ္မိယော၊ ကြိုးတို့ကို။ ဂဟေတွာ၊ ကိုင်၍။ ဒက္ခိဏေန ဟတ္ထေန၊ လက်ျာလက်ဖြင့်။ ပတောဒံ၊ နှင်တံကို။ ဂဟေတွာ၊ ၍။ ယေနိစ္ဆကံ၊ အကြင်အကြင် အလိုရှိအပ်သောလမ်းဖြင့်။ ယဒိစ္ဆကံ၊ အကြင်အကြင်အလိုရှိတိုင်း။ သာရေယျာပိ၊ ရှေ့သို့ သွားလည်း သွားစေရာ၏။ ပစ္စာသာရေယျာပိ၊ နောက်သို့ ဆုတ်လည်း ဆုတ်စေရာ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ ပါပုဏာတိ၊ ၏။

၁၅၉။ ဘိက္ခဝေ၊ တို့။ ကာယဂတာယ၊ ကိုယ်၌ဖြစ်သော။ သတိယာ၊သတိကို။ အာသေဝိတာယ၊ အဖန်ဖန် မှီဝဲအပ်သည်ရှိသော်။ ဘာဝိတာယ၊ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတာယ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ ယာနီကတာယ၊ ကအပ်သောယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော်။ ဝတ္ထုကတာယ၊ တည်ရာဟု ပြုအပ်သည်ရှိသော်။ အနုဋ္ဌိတာယ၊ အဖန်ဖန် တည်စေအပ်သည်ရှိသော်။ ပရိစိတာယ၊ အလွန်ကြာမြင့်စွာ လေ့လာအပ်သည်ရှိသော်။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်သည်ရှိသော်။ ဒသ၊ ဆယ်ပါးကုန်သော။ အာနိသံသာ၊ အကျိုးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။

အရတိ ရတိသဟော၊ (ကုသိုလ်၌)မမွေ့လျော်ခြင်း (ကာမဂုဏ်၌)မွေ့လျော်ခြင်းဘို့ကို လွှမ်းမိုးနိုင်သည်။ ဟောတိ၊ ၏။ အရတိ၊ မမွေ့လျော်ခြင်းသည်။ တံ၊ ထိုရဟန်းကို။ န စ သဟတိ၊ မလွှမ်းမိုးနိုင်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ အရတိံ၊ မမွေ့လျော်ခြင်းကို။ အဘိဘုယျ၊ လွှမ်းမိုး၍။ ဝိဟရတိ၊ ၏။ (၁)

ဘယဘေရဝသဟော၊ ကြောက်တတ်သောစိတ်, ကြောက်မက်ဖွယ်အာရုံတို့ကို လွှမ်းမိုးနိုင်သည်။ ဟောတိ၊ ၏။ ဘယဘေရဝံ၊ ကြောက်တတ်သောစိတ်, ကြောက်မက်ဖွယ်အာရုံသည်။ တံ၊ ထိုရဟန်းကို။ န စ သဟတိ၊ မလွှမ်းမိုးနိုင်။ ဥပ္ပန္နံ၊သော။ ဘယဘေရဝံ၊ ကို။အဘိဘုယျ၊ ၍။ ဝိဟရတိ၊ ၏။ (၂)

သီတဿ၊အအေးကို။ဥဏှဿ၊အပူကို။ဇိဃစ္ဆာယ၊စားလိုခြင်း(ဆာလောင်ခြင်း)ကို။ပိပါသာယ၊သောက်လိုခြင်း (မွတ်သိပ်ခြင်း) ကို။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့တို့ကို။ ဒုရုတ္တာနံ၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော။ ဒုရာဂတာနံ၊ မကောင်းသဖြင့် ရောက်လာကုန်သော။ ဝစနပထာနံ၊ စကားတို့ကို။ ခမော၊ သည်။ ဟောတိ၊ ၏။ ဒုက္ခာနံ၊ဆင်းရဲကုန်သော။ တိဗ္ဗာနံ၊ ကြီးမားကုန်သော။ခရာနံ၊ ကြမ်းကုန်သော။ ကဋုကာနံ၊ စပ်ခါးကုန်သော။ အသာတာနံ၊ သာယာခြင်းမှ ကင်းကုန်သော။ အမနာပါနံ၊ စိတ်နှလုံးကို မပွါးစေတတ်ကုန်သော။ ပါဏဟရာနံ၊ အသက်ကို ပယ်ရှားနိုင်ကုန်သော။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ သာရီရိကာနံ၊ ကိုယ်၌ ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဝေဒနာတို့ကို။ အဓိဝါသကဇာတိကော၊ သည်းခံနိုင်သောသဘောရှိသည်။ ဟောတိ၊ ၏။ (၃)

(ကြွင်း ၄-၅-၆-၇-၈-၉-၁၀-အာနိသံသတို့ကို မ-၃၊ ဂေါပကမောဂ္ဂလ္လာနသုတ်နိဿယ ၈၂ ပိုဒ်၌ ရေးခဲ့ပြီ။ ၎င်းကို ပြန်၍ရှု။)

ဘိက္ခဝေ၊ တို့။ ကာယဂတာယ၊ သော။ သတိယာ၊ ကို။၁။ သုသမာရဒ္ဓါယ၊ သော်။ ဒသ၊ ကုန်သော။ ဣမေ အာနိသံသာ၊ ဤအကျိုးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဣဒမဝေါစ-စသည် ပေးမြဲ။)

နဝမံ၊ သော။ ကာယဂတာသတိသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၁၀-သင်္ခါရုပပတ္တိသုတ်

၁၆၀။ (ဧဝံ မေ သုတံ။ပ။ ပစ္စဿောသုံ-ပေးမြဲ။) ဘဂဝါ၊ သည်။ "ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့အား။ သင်္ခါရုပပတ္တိံ၊ သင်္ခါရုပပတ္တိသုတ်ကို။ (ဝိပါကက္ခန္ဓသင်္ခါရတို့၏ ဖြစ်ခြင်းကိုဟူ၍သော်၎င်း။ ပုညာဘိသင်္ခါရဖြင့် သုဂတိဘဝသို့ ကပ်ရောက်သော ခန္ဓာတို့၏ ဖြစ်ခြင်းကိုဟူ၍သော်၎င်း။ ဋ္ဌ-ဋီဖွင့်အတိုင်း ပေးလေ။)။ပ။ဘာသိဿာမိ၊ အံ့"ဟူသော။ တော်၊ ကို။အဝေါစ၊ပြီ။ပ။ ပစ္စဿောသုံ၊ ကုန်ပြီ။ ဘဂဝါ၊ သည်—

၁၆၁။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သည်။ သဒ္ဓါယ၊ ဩကပ္ပနိယ သဒ္ဓါနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ သီလေန၊ စတုပါရိသုဒ္ဓိသီလနှင့်။ သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ သုတေန၊ မြတ်စွာဘုရားစကားတော်ကို များစွာ ကြားနာခြင်းနှင့်။ (ဗုဒ္ဓဝစနဗာဟုသစ္စံ-ဋီ။) သမန္နာဂတော၊ သည်။ ဟောတိ၊ ၏။ စာဂေန၊ အာမိသကို စွန့်ကြဲခြင်းနှင့်။ သမန္နာဂတော။ သည်။ ဟောတိ၊ ၏။ ပညာယ၊ ကမ္မဿကတာဉာဏ်ပညာနှင့်။ သမန္နာဂတော၊သည်။ ဟောတိ၊ ၏။(ကမ္မဿကကတာဉာဏံ ကမ္မဖလဒိဋ္ဌိ စ။ဋီ။) တဿ၊ထိုရဟန်း၏။ "အဟံ၊ ငါသည်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ မရဏာ၊ မှ။ ပရံ၊ ၌။ ခတ္တိယမဟာ-

သာလာနံ၊ ခတ္တိယမဟာသာလတို့၏။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဥပပဇ္ဇေယျံ၊ ကပ်ရောက်ရမူကား။ အဟော ဝတာတိ၊ ကောင်းလေစွ”ဟူ၍။ ဧဝံ ဤသို့သော တောင့်တချက်သည်။ ဟောတိ၊ ၏။ သော၊ ထိုရဟန်းသည်။ တံ စိတ္တံ၊ ထိုတောင့်တသောစိတ်ကို။ ဒဟတိ၊ ထား၏။ တံ စိတ္တံ၊ ကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။တံ စိတ္တံ၊ ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ တဿ၊ ထိုရဟန်း၏။ ဧဝံသို့။ဘာဝိတာ၊ ကုန်သော။ ဧဝံ သို့။ဗဟုလီကတာ၊ကုန်သော။တေ သင်္ခါရာ စ၊ ထိုဥပပတ္တိဘဝကို ပြုပြင်တတ်သော သင်္ခါရတို့သည်၎င်း။ (ပတ္ထနာနှင့်တကွ သဒ္ဓါ စသော ငါးပါးသော တရားတို့ကိုယူ။)တေ ဝိဟာရာ စ၊ထိုဘဝအထူးကို ဆောက်တတ်သော တရားတို့သည်ရင်း။ တတြ၊ ထို(ခတ္တိယမဟာသာလတို့၏ ဖြစ်ရာ) ဘုံဋ္ဌာန၌။ ဥပပတ္တိယာ၊ ပဋိသန္ဓေ တည်နေခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ တို့။ အယံ မဂ္ဂေါ၊ ဤလမ်းစဉ်သည်။ အယံ ပဋိပဒါ၊ ဤကျင့်စဉ်သည်။ (ပတ္ထနာနှင့်တကွ ပဥ္စဓမ္မတို့တည်း။) တတြ၊ထို(ခတ္တိယမဟာသာလတို့၏ ဖြစ်ရာ)ဘုံဋ္ဌာန၌။ ဥပပတ္တိယာ၊ ငှါ။ သံဝတ္တတိ၊ ၏။

၁၆၂။ ဘိက္ခဝေ၊ တို့။ ပုန စ ပရံ၊ လည်း။ပ။ဗြာဟ္မဏမဟာသာလာနံ၊ တို့၏။ပ။ဂဟပတိမဟာသာလာနံ၊ တို့၏။ပ။သံဝတ္တတိ၊ ၏။

၁၆၃။ ဘိက္ခဝေ၊ တို့။ ပုန စ ပရံ၊ လည်း။ဘိက္ခု၊သည်။ပ။သမန္နာဂတော၊ သည်။ ဟောတိ၊၏။ တဿ၊ ထိုရဟန်းသည်။ “စာတုမဟာရာဇိကာ၊ စတုမဟာရာဇ်ဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ဒီဃာယုကာ၊ ရှည်သောအသက်ရှိကုန်၏။ ဝဏ္ဏဝန္တော၊ အဆင်းလှကုန်၏။ သုခဗဟုလာတိ၊ ချမ်းသာများကုန်၏”ဟူ၍။သုတံ၊ ကြားအပ်ဘူးသည်။ ဟောတိ၊ ၏။ပ။စာတုမဟာရာဇိကာနံ၊ စတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ပ။သံဝတ္တတိ၊ ၏။

၁၆၄။ ဘိက္ခဝေ၊ တို့။ ပုန စ ပရံ၊ လည်း။ပ။တာဝတိံသာ၊ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ပ။ယာမာ၊ ယာမာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။တုသိတာ၊ တုသိတာဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။နိမ္မာနရတီ၊ နိမ္မာနရတီဘုံ၌ ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီ၊ ပရနိမ္မိတဝသဝတ္တီ ဘုံ၌ ဖြစ်ကုန်သော။ဒေဝါ၊ တို့သည်။ပ။ သံဝတ္တတိ၊ ၏။

၁၆၅။ ဘိက္ခဝေ၊ တို့။ ပုန စ ပရံ၊ လည်း။ ဘိက္ခု၊ သည်။ပ။ဟောတိ၊ ၏။ တဿ၊ သည်။ “သဟဿော၊ လောကဓာတ်တထောင်ကို အစိုးရသော။ ဗြဟ္မာ၊ ဗြဟ္မာသည်။ ဒီဃာယုကော၊ ရှည်သောအသက်ရှိ၏။ ဝဏ္ဏဝါ၊ အဆင်းလှ၏။ သုခဗဟုလောတိ၊ ချမ်းသာများ၏”ဟူ၍။သုတံ၊ ကြားအပ်ဘူးသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သဟဿော၊ သော။ ဗြဟ္မာ၊ သည်။ သဟဿိလောကဓာတုံ၊ တထောင်သောလောကဓာတ်ကို။ ဖရိတွာ၊ ဖြန့်၍။ အဓိမုစ္စိတွာ၊ နှလုံးသွင်း၍။ဝိဟရတိ၊ နေ၏။ ယေပိ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်း။တတ္ထ၊ ထိုတထောင်သော လောကဓာတ်၌။ဥပပန္နာ၊ ဖြစ်ကုန်၏။ တေပိ၊ ထိုသတ္တဝါတို့ကိုလည်း။ ဖရိတွာ၊ ၍။ အဓိမုစ္စိတွာ၊ ၍။ ဝိဟရတိ၊ ၏။

ဘိက္ခဝေ၊ တို့။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ သည်။ ဧကံ၊ တလုံးသော။ အာမဏ္ဍံ၊ ဆျစ်သျှားသီးကို။ ဟတ္ထေ၊ လက်၌။ ကရိတွာ၊ တင်၍။ ပစ္စဝေက္ခေယျ သေယျထာပိ၊ ရှုဆင်ခြင်ရာသကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ဝိဟရတိ၊ ၏။ တဿ၊ ၏။“အဟံ၊ သည်။ ကာယဿ၊ ၏။ ဘေဒါ၊ သော။ မရဏာ၊ မှ။ ပရံ၊ ၌။ သဟဿဿ၊ သော။ ဗြဟ္မုနော၊

ဖြဟ္မာ၏။ သဟဗျတံ၊ သို့။ ဥပပဇ္ဇေယျံ၊ ကား။ အဟော ဝတာတိ၊ စွ”ဟူ၍။ ဝေါ၊ သည်။ ဟောတိ၊ ၏။ပ။ သံဝတ္တတိ၊ ၏။

၁၆၆။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ ဒွိသဟဿော၊ လောကဓာတ်နှစ်ထောင်ကို အစိုးရသော။ ဖြဟ္မာ၊ သည်။ပ။ တိသဟဿော၊ လောကဓာတ် သုံးထောင်ကို အစိုးရသော။ ဖြဟ္မာ၊ သည်။ပ။ စတုသဟဿော၊ လောကဓာတ် လေးထောင်ကို အစိုးရသော။ ဖြဟ္မာ၊ သည်။ပ။ ပဉ္စသဟဿော၊ လောကဓာတ် ငါးထောင်ကို အစိုးရသော။ ဖြဟ္မာ၊ သည်။ပ။ ဝိဟရတိ၊ ၏။

ဘိက္ခဝေ၊ တို့။ စက္ခုမာ၊ သော။ ပုရိသော၊ သည်။ ပဉ္စ၊ ငါးလုံးကုန်သော။ အာမဏ္ဍာနိ၊ သျှစ်သျှားသီးတို့ကို။ ဟတ္ထေ၊ ၌။ ကရိတွာ၊ ၍။ ပစ္စဝေက္ခေယျ သေယျထာပိ၊ ကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ သံဝတ္တတိ၊ ၏။

၁၆၇။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ ဒသသဟဿော၊ လောကဓာတ်တသောင်းကို အစိုးရသော။ ဖြဟ္မာ၊ သည်။ပ။ ဝိဟရတိ၊ ၏။

ဘိက္ခဝေ၊ တို့။ သုဘော၊ ကောင်းသော။ ဇာတိမာ၊ အမျိုးဇာတ်နှင့်ပြည့်စုံသော။ အဋ္ဌံသော၊ ရှစ်မြှောင့်ရှိသော။ သုပရိကမ္မကတော၊ ကောင်းစွာအပြေအပြစ်ပြုအပ်သော။ မဏိဝေဠုရိယော၊ ကြောင်မျက်ရွဲရတနာသည်။ ပဏ္ဍုကမ္ဗလေ၊ ဖျော့ဖျော့နီသော ပဏ္ဍုကမ္ဗလာ၌။ နိက္ခိတ္တော၊ ချထားအပ်သည်ရှိသော်။ ဘာသတေ စ၊ ထွန်းလည်းထွန်းလင်း၏။ တပတေ စ၊ တောက်လည်း တောက်ပ၏။ ဝိရောစတိ စ သေယျထာပိ၊ တင့်လည်းတင့်တယ်သကဲ့သို့။ (မ-၂၊ ၂၇၂ ပိုဒ်၌လည်းပါ၏။) ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ သံဝတ္တတိ၊ ၏။

၁၆၈။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ သတသဟဿော၊ လောကဓာတ်တသိန်းကိုအစိုးရသော။ ဖြဟ္မာ၊ ဖြဟ္မာသည်။ပ။ ဝိဟရတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဒက္ခ ကမ္မာရပုတ္တ ဥက္ကာမုခ သုကုသလ သမ္ပဟဋ္ဌံ၊ ကျွမ်းကျင်သော အလွန်တတ်သိလိမ္မာသော ပန်းထိမ်သားသည် ဖိုဝ၌ကျိုပြီး၍ ကောင်းစွာ ကြည်လင်စေအပ်သော[၁]။ ပဏ္ဍုကမ္ဗလေ၊ ၌။ နိက္ခိတ္တံ၊ သော။ နိက္ခံ၊ တနိက္ခအတိုင်းအရှည်ဖြင့်ပြုအပ်သော။ ဇမ္ဗောနဒံ၊ ဇမ္ဗူရစ်ရွှေသည်[၂]။ ဘာသတေ စ၊ ၏။ တပတေ စ၊ ၏။ ဝိရောစတိ စ သေယျထာပိ၊ သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ သာလျှင်။ပ။ သံဝတ္တတိ၊ ၏။

၁။ ဒက္ခကမ္မာရပုတ္တဥက္ကာမုခသုကုသလသမ္ပဟဋ္ဌန္တိ ဒက္ခေန သုကုသလေန ကမ္မာရပုတ္တေန ဥက္ကာမုခေ ပစိတွာ သမ္ပဟဋ္ဌံ၊ (ဋ္ဌ)။ ပစိတွာတိ တာပေတွာ၊ သမ္ပဟဋ္ဌန္တိ သမ္ပဇ္ဇလကတံ(ဋီကာ)။ ကျွမ်းကျင်သော ပန်းထိမ်သားသည် ဖိုဝ၌ကျို၍ ထိုအလွန်ကျွမ်းကျင်သော ပန်းထိမ်သားသည်ပင် ကောင်းစွာကြည်စေအပ်သည်ဟူလို။ သုကုသလ သဒ္ဒါသည် သမ္ပဟဋ္ဌသဒ္ဒါနှင့်နီးသော်လည်း ၎င်း၌မစပ်မူ၍ ကမ္မာရပုတ္တ၌စပ်သောကြောင့် အယုတ္တသမာသ် တည်း။ သဒ္ဒနီတိ (၇၃၂)ပိုဒ် သုတ်ကိုရှု။ အံ-၁၊ စာပိုဒ် (၆၄)၌ “ဒက္ခကမ္မာရပုတ္တ သုပရိကမ္မကတံ ဥက္ကာမုခေ သုကုသလသမ္ပဟဋ္ဌံ”ဟု လာ၍၊ အံ-ဋ္ဌ-၂-၌ ဒက္ခ။ပ။ သုပရိကမ္မကတန္တိ ဒက္ခေန သုဝဏ္ဏကာရပုတ္တေန သုဋ္ဌု ကတပရိကမ္မံ၊ ဥက္ကာမုခေ သုကုသလသမ္ပဟဋ္ဌန္တိ သုဝဏ္ဏကာရဉ္ဒနေ ပစိတွာ သုကုသလေန သုဝဏ္ဏကာရေန ဃဋ္ဋနပရိမဇ္ဇနပဟံသနေန သုဋ္ဌုပဟဋ္ဌံ၊ သုပရိမဒ္ဒိတန္တိ အတ္ထော”ဟု ဖွင့်၏။ တပုဒ်စီဖြစ်၍ အလွန်ရှင်း၏။ ကျွမ်းကျင်သောရွှေပန်းထိမ်သားသည် ကောင်းစွာပြုအပ်သော ပြေပြစ်မှုရှိသော အလွန် ကျွမ်းကျင်သော ရွှေပန်းထိမ်သားသည် ကောင်းစွာကြည်လင်စေအပ်သောဟု ဝိသေသနပြုတော်မူ၏။

၂။ ဇမ္ဗောနဒန္တိ ဇမ္ဗုနဒိယံ နိဗ္ဗတ္တံ၊ ဋ္ဌ။ ဇမ္ဗောနဒံ-ကား နိဗ္ဗတ္တတဒ္ဓိတ်ဖြစ်သောကြောင့် ဇမ္ဗူရစ်ရွှေဟုပြန်ဆို၏။ ဇမ္ဗူမြစ်၌ဖြစ်သောရွှေဟူလို။ ယင်းရွှေဖြစ်ပုံပေါ်ပုံအကျယ်ကို ဤအဋ္ဌကထာနှင့် သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ (၁၁၅)၌ ရှုလေ။

၁၆၉။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ဟောတိ၊ ၏။ တဿ၊ ထိုရဟန်းသည်။ "အာဘာ၊ အာဘာမည်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်[၁]။ပ။ ပရိတ္တာဘာ၊ ပရိတ္တာဘာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ပ။အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာဘုံ၌ ဖြစ်ကုန်သော။ဒေဝါ၊တို့သည်။ပ။ အာဘဿရာ၊ အာဘဿရာဘုံ၌ဖြစ်ကုန်သော။ဒေဝါ၊ တို့သည်။ပ။သုခဗဟုလာတိ၊ ကုန်၏"ဟူ၍။ သုတံ၊ သည်။ ဟောတိ၊ ၏။ပ။သံဝတ္တတိ၊ ၏။

၁၇၀။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ဟောတိ၊ ၏။ တဿ၊ သည်။ "ပရိတ္တသုဘာ၊ ပရိတ္တသုဘာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။အပ္ပမာဏသုဘာ၊ အပ္ပမာဏသုဘာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။သုဘကိဏှာ၊ သုဘကိဏှာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။ သုခဗဟုလာတိ၊ ကုန်၏"ဟူ၍။ သုတံ၊ သည်။ ဟောတိ၏။ပ။ သံဝတ္တတိ၊ ၏။

၁၇၁။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ပ။ဟောတိ၊ ၏။ တဿ၊ သည်။ "ဝေဟပ္ဖလာ၊ ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။အဝိဟာ၊ အဝိဟာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။အတပ္ပါ၊ အတပ္ပါဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။သုဒဿာ၊ သုဒဿာဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊တို့သည်။ပ။သုဒဿီ၊သုဒဿီဘုံ၌ဖြစ်ကုန်သော။ဒေဝါ၊ တို့သည်။ပ။အကနိဋ္ဌာ၊ အကနိဋ္ဌဘုံ၌ဖြစ်ကုန်သော။ ဒေဝါ၊ တို့သည်။ပ။သုခဗဟုလာတိ၊ ကုန်၏"ဟူ၍။ သုတံ၊ သည်။ ဟောတိ၊ ၏။ပ။သံဝတ္တတိ၊ ၏။

၁၇၂။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဟောတိ၊ ၏။ တဿ၊ သည်။ "အာကာသာနဉ္စာယတနူပဂါ၊ အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ပ။ သုခဗဟုလာတိ၊ ကုန်၏"ဟူ၍။ သုတံ၊ သည်။ ဟောတိ၊ ၏။ပ။သံဝတ္တတိ၊ ၏။

၁၇၃-၁၇၄။ (ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာ—တို့၌လည်း မခဲပြီ။)

၁၇၅။ ဘိက္ခဝေ၊ တို့။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ သဒ္ဓါယ၊ ကြွယ်ဝစွာသော သဒ္ဓါနှင့်။ သမန္နာဂတော၊ပြည့်စုံသည်။ ဟောတိ၊ ၏။ပ။ပညာယ၊ကမ္မဿကတာပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ၏။ တဿ၊ ထိုရဟန်းသည်။ "အဟံ၊ သည်။အာသဝါနံ၊အာသဝတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ အရဟတ္တဖိုလ်စိတ်နှင့်ယှဉ်သော ရာဂမှလွတ်သောသမာဓိကို။ ပညာဝိမုတ္တိံ၊ အရဟတ္တဖိုလ်ပညာနှင့် ယှဉ်သော အဝိဇ္ဇာမှလွတ်သော ပညာကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ဤပင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ၍။ သစ္ဆိကတွာ၊ ၍။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရေယျံ၊ နေရမူကား။ အဟောဝတာတိ၊ ကောင်းလေစွ"ဟူ၍။ ဧဝံ၊ သည်။ ဟောတိ၊ ၏။ သော၊ ထိုရဟန်းသည်။ပ။ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံဘိက္ခု၊ ဤရဟန်းသည်။ ကတ္ထစိ၊တစုံတခုသောဘဝ၌။န ဥပပဇ္ဇတီတိ၊ မဖြစ်ဟူသော။ တော၊ ကို။ အဝေါစ၊ ပြီ။ (သုတ်အစ-ဘေဒဝေါစ-သို့ ပြန်စပ်။ ဣဒမဝေါစ-စသည်ပေးမြဲ။)

ဒသမံ၊ သော။ သခ်ါရုပပတ္တိသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဒုတိယော၊ သော။ အနုပဒဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

[၁]။ အာဘာတိအာဒီသု အာဘာဒယောနာမ ပါဋိယေက္ကာ ဒေဝါ နတ္ထိ၊ တယော ပရိတ္တာဘာဒယော ဒေဝါ အာဘာနာမ။ ပရိတ္တာသုဘာဒယော စ သုဘကိဏှာဒယော စ သုဘာနာမ။ (ဋ္ဌ)။

တဿ၊ ထိုအနုပဒဝဂ်၏။ ဥဒ္ဒါနံ၊ ခေါင်းစဉ်အကျဉ်းချုပ် ဥဒ္ဒါန်းကိုဆိုအံ့။ အနုပါဒ-သောဓနေပေါရိသမေ္မာ၊ အနုပဒသုတ်, ဆဗ္ဗိသောဓနသုတ်, သပ္ပုရိသသုတ်ရင်း။ သေဝိ-တဗ္ဗဗဟုဓာတုဝိဘတ္တိ၊ သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်, ဗဟုဓာတုကသုတ်ရင်း။ ဗုဒ္ဓဿ ကိတ္တိနာမစတ္တာရီသေန၊ ဣသိဂိလိသုတ်, မဟာစတ္တာရီသကသုတ်ရင်း။ အာနာပါနေ၊ အာနာပါနဿတိသုတ်ရင်း။ ကာယဂတော၊ ကာယဂတာသတိသုတ်ရင်း။ ဥပပတ္တိ၊ သင်္ခါရုပပတ္တိသုတ်ရင်းတည်း။

၃–သုညတဝဂ်

၁-စူဠသုညတသုတ်

၁၇၆။ (ဧဝံ မေ သုတံ။ပ။ မိဂါရမာတုပါသာဒေ-ပေးမြဲ။) အထခေါ၊ ဌ်။ အာယသ္မာ အာနန္ဒော၊ သည်။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ပဋိသလ္လာနာ၊တပါးဘည်း ကိန်းအောင်းရာ (သုညတာဖလသမာပတ်)မှ။ ဝုဋ္ဌိတော၊ ထတော်မူသည်ဖြစ်၍။ပ။ နိသီဒိ၊ ထိုင်နေပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ သော။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ ကို။ "ဘန္တေ၊ ရှား။ ဧကံ၊ တပါးသော။ သမယံ၊ ၌။ (ဣဒံ-ကား နိပါတ်မျှ။)ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်းတို့၌။ နဂရကံနာမ၊ နဂရကမည်သော။ သကျာနံ၊ သာကီဝင်တို့၏။ နိဂမော၊ နိဂုံးသည်။ (အတ္ထိ၊ ၏။ တသ္မိံ၊ ထိုနဂရကနိဂုံး၌။) ဝိဟရတိ၊ ၏။ ဘန္တေ၊ ရှား။ တတ္ထ၊ ထိုသက္ကတိုင်း နဂရကနိဂုံး၌။ မေ၊ တပည့်တော်သည်။ 'အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါဘုရားသည်။ ဧတရဟိ၊ ယခုအခါ၌။ သုညတာဝိဟာရေန၊ သုညတာဝိဟာရဖြင့်။ ဗဟုလံ၊ များစွာ။ ဝိဟရာမိ-ဣတိ၊ နေတော်မူ၏' ဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ သုတံ၊ ကြားနာအပ်ပါ၏။ ဘဂဝတော၊ ၏။ သမ္မုခါ၊ ၌။ ပဋိဂ္ဂဟိတံ၊ နာခံအပ်ပါ၏။ ဘန္တေ၊ ရှား။ ကစ္စိ၊ အသို့နည်း။ မေ၊ သည်။ ဧတံ၊ ဤစကားတော်ကို။ သုဿုတံ၊ ကောင်းစွာ ကြားနာအပ်သည်။ သုဂ္ဂဟိတံ၊ ကောင်းစွာ နာခံအပ်သည်။ သုမနသိကတံ၊ ကောင်းစွာ နှလုံးသွင်းအပ်သည်။ သူပဓာရိတန္တိ၊ ကောင်းစွာ ဆောင်ယူအပ်သည် မည်ပါသနည်း"ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ ပြီ။ အာနန္ဒ၊ နန္ဒာ။ တေ၊ သင်သည်။ ဧတံ၊ ကို။ တဂ္ဃ၊ စင်စစ်။ သုဿုတံ၊ ကောင်းစွာ ကြားနာအပ်သည် မည်၏။ သုဂ္ဂဟိတံ၊ ကောင်းစွာ နာခံအပ်သည်မည်၏။ သုမနသိကတံ၊ ကောင်းစွာ နှလုံးသွင်းအပ်သည် မည်၏။ သူပဓာရိတံ၊ ကောင်းစွာ ဆောင်ယူအပ်သည် မည်၏။ အာနန္ဒ၊ နန္ဒာ။ အဟံ၊ ငါဘုရားသည်။ ပုဗ္ဗေပိ၊ ရှေး၌ရင်း။ ဧတရဟိ ပိ၊ ယခုအခါ၌ရင်း။ သုညတာဝိဟာရေန၊ ဖြင့်။ ဗဟုလံ၊ များစွာ။ ဝိဟရာမိ၊ ၏။ အာနန္ဒ၊ နန္ဒာ။ သေယျထာပိ၊ အဲ့။ အယံ မိဂါရမာတုပါသာဒေါ၊ သည်။ ဟတ္ထိဂဝဿဝဠဝေန၊ ဆင် နွား မြင်း မြည်းမှ။ သုညော၊ ကင်းဆိတ်၏။ ဇာတရူပရဇတေန၊ ရွှေ ငွေမှ။ သုညော၊ ၏။ ဣတ္ထိပုရိသသန္နိပါတေန၊ မိန်းမ ယောကျ်ားတို့၏ အမြဲစည်းဝေးနေထိုင်ခြင်းမှ။ သုညော၊ ၏။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ ပဋိစ္စ၊ စွဲ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်။ (အသေ၊ ဖြစ်ရာ၏။) ဣဒံ အသုညတံ၊ ဤတခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်[1]။ အတ္ထိ စေဝ၊ ရှိသည်သာတည်း။

အာနန္ဒ၊ နန္ဒာ။ ဧဝမေဝ ခေါ၊ သာလျှင်။ ဘိက္ခု၊ သည်။ ဂါမသညံ၊ ကို။ အမနသိကရိတွာ၊ နှလုံးမသွင်းမူ၍။ မနုဿသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ အရညသညံ၊ ကို။ပဋိစ္စ၊၍။ ဧကတ္တံ၊ တခုတည်းသော တောဟူသော အမှတ်ကို[2]။ မနသိကရောတိ၊ နှလုံးသွင်း၏။

၁။ ဧကဘာဝံ ဧကံ အသုညတန္တိ ပစ္စတ္တေ ဥပယောဂဝစနံ၊ ဧကတ္တံ ဧကော အသုညတောဘာ အတ္ထော၊ဋီကာ။

၂။ အဋ္ဌကထာ၌ ဧကံ အရညံယေဝ ပဋိစ္စ အရညသညံ မနသိကရောတိ-ဟု ဖွင့်သည်ကား အရညသညံ-နှင့် ဧကတ္တံ-တူမျှသည်၏ အဖြစ်ကို ပြ၏။

တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်သည်။ အရညသညာယ၊ တောဟူသော အမှတ်၌။ ပက္ခန္ဒတိ၊ သက်ဝင်၏။ ပသီဒတိ၊ ကြည်လင်၏။ သန္တိဋ္ဌတိ၊ တည်ငြိမ်၏။ အဓိမုစ္စတိ၊ ဆုံးဖြတ်၏။ (အဓိ-မုစ္စတီတိ နိစ္စိနောတိ၊ ဋီ။)

သော၊ ထိုရဟန်းသည်။ "ယေ ဒရထာ၊ အကြင်ပူပန်ခြင်းတို့သည်[၁]။ ဂါမသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ဖြစ်ကုန်ရာ၏။ တေ၊ ထိုပူပန်ခြင်းတို့သည်။ ဣဓ၊ ဤတောဟူသော အမှတ်၌။ န သန္တိ၊ မရှိကုန်။ ယေ ဒရထာ၊ တို့သည်။ မနုဿသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ၌။ န သန္တိ၊ ကုန်။ အရညသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကိလေသာမဖက် ကိုယ်,စိတ်ပူပန်ခြင်းသက်သက်မျှသည်။ (အဿ၊ ဖြစ်ရာ၏။) အယံ ဒရထမတ္တာ၊ ဤကိလေသာမဖက် ကိုယ်,စိတ်ပူပန်ခြင်းသက်သ က်မျှသည်။ အတ္ထိ စေဝ တိ၊ ရှိသည်သာ"ဟူ၍။ ဝေါ၊ သို့။ပဇာနာတိ၊ ၏။

သော၊ ထိုရဟန်းသည်။ "ဣဒံ သညာဂတံ၊ ဤအရညသညာသည်။ ဂါမသညာယ၊ မှ။သုညန္တိ၊ ကင်းဆိတ်၏"ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ သည်။ မနုဿသညာယ၊ မှ။ သုညန္တိ၊ ကင်းဆိတ်၏"ဟူ၍။ ပဇာနာတိ၊ ၏။ အရညသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိစေဝ၊ ရှိသည်သာတည်း။ ဣတိ၊ ဤသို့။ ယံ၊ အကြင်(ဂါမသညာ အရညသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်း ၂-ပါးသည်။ တတ္ထ၊ ထိုအရညသညာ၌။ န ဟောတိ၊ မဖြစ်။ တေန၊ ထို(ဂါမသညာ အရညသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော)ပူပန်ခြင်း ၂-ပါးမှ။ တံ၊ ထိုအရညသညာကို။ သုညံ၊ ကင်းဆိတ်၏ဟူ၍။ သမနုပဿတိ၊ ရှု၏[၂]။ တတ္ထ၊ ထိုအရညသညာ၌။ (ပဝတ္တံ၊ ဖြစ်သော။) ယံ ပန၊ အကြင်ကိလေသာမဖက်ပူပန်ခြင်းသက်သက်သည်။ အဝသိဋ္ဌံ၊ ကြွင်းကျန်သည်။ ဟောတိ၊ ၏။ တံ၊ ထိုအရညသညာ၌ ဖြစ်သော ကိလေသာမဖက် ပူပန်ခြင်းသက်သက်ကို။ "ဣဒံ၊ ဤအရညသညာ၌ ဖြစ်သော ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ သန္တံ၊ ထင်ရှားရှိသည်ဖြစ်၍။အတ္ထီတိ၊ ရှိ၏"ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ န္ဒာ။ ဧဝမ္ပိ၊ ဤသို့လည်း။ (ပိသဒ္ဒါ အစဆုံး ဝါကျဖြစ်၍ ပါရိုးထုံးစံကား မရှိ။) အဿ၊ ထိုရဟန်း၏။ ယထာဘုစ္စာ၊ဟုတ်မှန်သော။ အဝိပလ္လတ္ထာ၊ မဖောက်ပြန်သော" ပရိသုဒ္ဓါ၊ စင်ကြယ်သော။ သော သုညတာဝက္ကန္တိ၊(ဂါမသညာ မနုဿသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော ပူပန်ခြင်း ၂-မျိုးမှ ဆိတ်သည်၏ အဖြစ်ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။

၁၇၇။ အာနန္ဒ၊ န္ဒာ။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ မနုဿသညံ၊ ကို။ အမနသိ-ကရိတွာ၊၍။အရညသညံ၊ ကို။ အမနသိကရိတွာ၊၍။ပထဝီသညံ၊ပထဝီ(ကသိုဏ်းဟူသော)အမှတ်

၁။ ပဝတ္တဒရထ ကိလေသဒရထ ၂-မျိုးကိုယူ။ ပဝတ္တဒရထာတိ ယထာရူပါယ ပဿဒ္ဓိယာ အဘာဝတော ဩဠာရိကဓမ္မပဝတ္တိသိဒ္ဓါ ဒရထာ။ ကိလေသဒရထာတိ အနုနယပဋိဃသမ္ဘဝါ ကိလေသဒရထာ၊ ဋီကာ။

၂။ အဋ္ဌကထာအလို "ယံ၊အကြင်ဂါမသညာ,အရညသညာကို စွဲ၍ဖြစ်သော ပူပန်ခြင်း ၂-ပါးသည်။ အတ္ထိ၊ ၏။ တံ၊ ထိုပူပန်ခြင်း ၂-ပါးသည်။ တတ္ထ၊ ထိုအရညသညာ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုအရညသညာကို။ တေန၊ ထိုပူပန်ခြင်း ၂-ပါးမှ။ သုညံ၊ ဆိတ်၏ဟူ၍။ သမနုပဿတိ၊ ရှု၏"ဟု သမ္ဗန်။

ကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ သည်။ ပထဝီသညာယ၊ ပထဝီ(ကသိုဏ်းဟူသော)အမှတ်၌။ ပက္ခန္ဒတိ၊ ၏။ ပသီဒတိ၊ ၏။ သန္တိဋ္ဌတိ၊ ၏။ အဓိမုစ္စတိ၊ ၏။

အာနန္ဒ၊ နှာ။ သေယျထာပိ၊ ဥပမာသော်ကား။ အာသဘစမ္မံ၊ နွားလားဥသဘ၏ ဥစ္စာဖြစ်သော အရေသည်[၁]။ ဝိဂတဝလိကံ၊ ကင်းသော တွန့်လိန်ခြင်းရှိသည်။ ယောတ် သေယျထာပိ၊ ဖြစ်သကဲ့သို့။ အာနန္ဒ၊ နှာ၊ ဧဝမေဝခေါ၊ သာလျှင်။ ဘိက္ခု၊ သည်။ ဣမိဿာ ပထဝိယာ၊ ဤပြကတေ့မြေ၌။ ယံ ဥက္ကူလဝိက္ကူလံ၊ အကြင် မြင့်ရာအရပ် နိမ့်ရာအရပ်သည်ရှင်း။ ယံ နဒီဝိဒုဂ္ဂံ၊ အကြင်မြစ်,သွားနိုင်ခက်သောအရပ်သည်ရှင်း။ ယံ ခါဏုကဏ္ဋကဋ္ဌာနံ၊ အကြင်ငုတ်ရှိရာအရပ်, ဆူးရှိရာအရပ်သည်ရှင်း။ ယံ ပဗ္ဗတဝိသမံ၊ အကြင် တောင်, မညီညွတ်သောအရပ်သည်ရှင်။ (ဒတ္တိ၊ ၏။) တံ သဗ္ဗံ၊ ထိုအလုံးစုံသောအရပ်ကို။ အမနသိကရိတွာ၊ ၍။ ပထဝီသညံ၊ ကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ ပထဝီသညာယ၊ ၌။ပ။အဓိမုစ္စတိ၊ ၏။

သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ မနုဿသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤပထဝီသညာ၌။ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ အရညသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤပထဝီသညာ၌။ န သန္တိ၊ ကုန်။ ပထဝီသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကိလေသာမဖက် ပူပန်ခြင်း သက်သက်သည်။ (အဿ၊ ရာ၏။) အယံ ဒရထမတ္တာ၊ ဤကိလေသာမဖက် ပူပန်ခြင်းသက်သက် မျှသည်။ အတ္ထိစေဝ၊ ရှိသည်သာ" ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ ၏။ သော၊ သည်။ "ဣဒံ သညာဂတံ၊ ဤပထဝီသညာသည်။ မနုဿသညာယ၊ မနုဿသညာမှ။ သုညန္တိ၊ ၏" ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ ဤပထဝီသညာသည်။ အရညသညာယ၊ မှ။ သုညန္တိ၊ ၏" ဟူ၍။ ပဇာနာတိ၊ ၏။ ပထဝီသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကင်းဆိတ်သည်၏ အဖြစ်သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိစေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (မနုဿသညာ, အရညသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်း ၂-ပါးသည်၊ တတ္ထ၊ ထိုပထဝီသညာ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုပထဝီသညာကို။ တေန၊ ထိုပူပန်ခြင်းနှစ်ပါးမှ။ သုညံ၊ ကင်းဆိတ်၏ဟူ၍။ သမနုပဿတိ၊ ရှု၏။ တတ္ထ၊ ထိုပထဝီသညာ၌။ (ပနတ္တံ၊ သော။) ယံပန၊ အကြင်ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထို ကိလေသာမဖက် ပူပန်ခြင်းသက်သက်ကို။ "ဣဒံ၊ ဤကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ သန္တံ၊ ထင်ရှားရှိသည်ဖြစ်၍သာလျှင်။ အတ္ထိတိ၊ ရှိ၏" ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နှာ။ ဧဝမ္ပိ၊ ဤသို့လည်း။ အဿ၊ ထိုရဟန်း၏။ပ။ သော သုညတာဝက္ကန္တိ၊ (မနုဿသညာ, အရညသညာတို့၏ အစွမ်းအားဖြင့် ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏ အဖြစ် ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၇၈။ အနန္ဒ၊ နှာ။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ အရညသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ ပထဝီသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ အာကာသာနဉ္စာယတနသညံ၊ အာကာသာနဉ္စာယတန

၁။ "ဥသဘဿ စေတန္တိ အာသဘံ"(ဋ္ဌ) ကိုထောက်၍ "မာဟိသံ ဝါ ခီရံ" (ပဏ္ဍိတဘောဇနသိက္ခာပုဒ်) "ယထာပိ အာသဘံ စမ္မံ"(မဟောသဓ)စသည်တို့၌ကဲ့သို့ "အာသဘံ စမ္မံ"ဟု ဝါကျရှိလျှင် ပို၍ကောင်းမွန်မည်။

သညာကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ အာကာသာနဉ္စာယတန သညာယ၊ ၌။ပ။ အဓိမုစ္စတိ၊ ၏။ သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ အရညသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအာကာသာနဉ္စာယတနသညာ၌။ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ ပထဝီသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအာကာသာနဉ္စာယတနသညာ၌။ န သန္တိ၊ ကုန်။ အာကာသာနဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ အဿ၊ ရာ၏။ အယံ ဒရထမတ္တာ၊ သည်။ အတ္ထိစေဝါတိ၊ သာ"ဟူ၍။ ပေါ်သို့၊ ပဇာနာတိ၊ ၏။ သော၊သည်။"ဣဒံ သညာဂတံ၊ ဤအာကာသနဉ္စာယတနသညာသည်။ အရညသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ ဤအာကာသာနဉ္စာယတနသညာသည်။ ပထဝီသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ အာကာသာနဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိစေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (အရညသညာ, ပထဝီသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်းသည်။ တတ္ထ၊ ထိုအာကာသာနဉ္စာယတနသညာ၌။ နဟောတိ၊ မဖြစ်။ တံ၊ ထိုအာကာသာနဉ္စာယတန သညာကို။ တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ကင်းဆိတ်၏ဟူ၍။သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုအာကာ သာနဉ္စာယတနသညာ၌။ (ပဝတ္တံ၊ သော။) ယံ ပန၊အကြင်ကိလေသာမဖက် ပူပန်ခြင်းသက်သက် သည်ကား။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ကို။ "ဣဒံ၊ ဤအာကာသာနဉ္စာယတနသညာ သည်။ သန္တံ၊ ၍သာလျှင်။ အတ္ထီတိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ န္ဒာ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ပ။ သော သုညတာဝက္ကန္တိ၊ (အရညသညာ, ပထဝီသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော) ဤ သုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၇၉။ အာနန္ဒ၊ န္ဒာ။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ ပထဝီသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ အာကာသာနဉ္စာယတနသညံ၊ ကို။ အမနသိကရိတွာ၊၍။ ဝိညာဏဉ္စာယတနသညံ၊ကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ ဝိညာဏဉ္စာယတနသညာယ၊၌။ပ။ အဓိမုစ္စတိ၊ ၏။

သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ ပထဝီသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤဝိညာဏဉ္စာယတနသညာ၌၊ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ အာကာသာနဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤဝိညာဏဉ္စာယတနသညာ၌။ န သန္တိ၊ ကုန်။ ဝိညာဏဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင် တခုတည်းသော ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ (အဿ၊ ရာ၏။) အယံ ဒရထမတ္တာ၊ သည်။ အတ္ထိစေဝါတိ၊ သာ"ဟူ၍။ ဝေါ်၊ သို့။ ပဇာနာတိ၊ ၏။ သော၊ သည်။ "ဣဒံ သညာဂတံ၊ ဤဝိညာဏဉ္စာယတနသညာသည်။ ပထဝီသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ ဤဝိညာဏဉ္စာယတနသညာသည်။ အာကာသာနဉ္စာယတနသညာယ၊ မှ။ သုညန္တိ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ ဝိညာဏဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊

သည်။ အတ္ထိစေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (ပထဝီသညာ, အာကာသာနဉ္စာယတန သညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်းသည်။ တတ္ထ၊ ထိုဝိညာဏဉ္စာယတနသညာ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုဝိညာဏဉ္စာယတနသညာကို။တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ကင်းဆိတ်၏ ဟူ၍။ သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုဝိညာဏဉ္စာယတနသညာ၌။ (ပဝတ္တံ၊ သော။) ယံ ပန၊ အကြင်ပူပန်ခြင်းသည်ကား။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ကို။ "ဣဒံ၊ ဤဝိညာဏဉ္စာယတနသညာသည်။ သန္တံ၊ ရှိသည်လျှင်။ အတ္ထိတိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နှာ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ပ။သော သုညတာဝက္ကန္တိ၊ (ပထဝီသညာ, အာကာသာနဉ္စာယတနသညာတို့၏ အစွမ်းဖြင့်ဖြစ်သော ပူပန်ခြင်းမှ ဆိတ်သည်၏ အဖြစ် ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ဘဝတိ၊ ၏။

၁၀၀။ အာနန္ဒ၊ နှာ။ ပုန ဧပရံ၊ လည်း။ ဘိက္ခု၊ သည်။ အာကာသာနဉ္စာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ ဝိညာဏဉ္စာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ အာကိဉ္စညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ အာကိဉ္စညာယတနသညာယ၊ ၌။ပ။ အဓိမုစ္စတိ၊ ၏။

သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ အာကာသာနဉ္စာယတနသညံ၊ ကို။ပဋိစ္စ၊ ၍။အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအာကိဉ္စညာယတနသညာ၌။ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ ဝိညာဏဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအာကိဉ္စညာယတနသညာ၌။ န သန္တိ၊ ကုန်။ အာကိဉ္စညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ (အဿ၊ ရာ၏။) အယံ ဒရထမတ္တာ၊ သည်။ အတ္ထိစေဝါတိ၊ သာ"ဟူ၍။ ဝေါ၊ သို့။ ပဇာနာတိ၊ ၏။ သော သည်။ "ဣဒံ သညာဂတံ၊ ဤအာကိဉ္စညာယတနသညာသည်။ အာကာသာနဉ္စာယတနသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ ဤအာကိဉ္စညာယတနသညာသည်။ ဝိညာဏဉ္စာယတနသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ အာကိဉ္စညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်။(အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိစေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (အာကာသာနဉ္စာယတနသညာ, ဝိညာဏဉ္စာယတနသညာတို့၏ အစွမ်းအားဖြင့် ဖြစ်သော)ပူပန်ခြင်းသည်။ တတ္ထ၊ ထိုအာကိဉ္စညာယတနသညာ၌။ နဟောတိ၊ မဖြစ်။ တံ၊ ထိုအာကိဉ္စညာယတနသညာကို။ တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ဆိတ်၏ဟူ၍။ သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုအာကိဉ္စညာယတနသညာ၌။(ပဝတ္တံ၊ သော။) ယံ ပန၊ အကြင်ပူပန်ခြင်းသည်ကား။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ကို။ "ဣဒံ၊ဤအာကိဉ္စညာယတနသညာသည်။ သန္တံ၊ ရှိသည်လျှင်။ အတ္ထီတိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နှာ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ပ။ သော သုညတာဝက္ကန္တိ၊ (အာကာသာနဉ္စာယတနသညာ, ဝိညာဏဉ္စာယတနသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၀၁။ အာနန္ဒ၊ နှာ။ ပုန ဧပရံ၊ လည်း။ ဘိက္ခု၊ သည်။ ဝိညာဏဉ္စာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။အာကိဉ္စညာယတနသညံ၊ ကို။ အမနသိကရိတွာ၊၍။ နေဝသညာနာသညာ-

ယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ နေဝသညာနာသညာယတနသညာယ၊ ၌။ ပ။ အဓိမုစ္စတိ၊ ၏။

သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ ဝိညာဏဉ္စာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤနေဝသညာနာသညာယတနသညာ၌။ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ အာကိဉ္စညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤ နေဝသညာနာသညာယတနသညာ၌။ န သန္တိ၊ ကုန်။ နေဝသညာနာသညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော ကိလေသာမဖက် ပူပန်ခြင်းသက်သက်သည်။ (အဿ၊ ရာ၏။) အယံ ဒရထမတ္တာ၊ သည်။ အတ္ထိ စေဝါတိ၊ သာ"ဟူ၍။ ဧဝံ သို့။ ပဇာနာတိ၊ ၏။ သော၊ သည်။ "ဣဒံ သညာဂတံ၊ ဤနေဝသညာနာသညာယတနသညာသည်။ ဝိညာဏဉ္စာယတနသညာယ၊ မှ။ သုညန္တိ၊ ကင်းဆိတ်၏"ဟူ၍။ ပဇာနာတိ၊ ၏။ "ဣဒံ သညာဂတံ၊ ဤနေဝသညာနာသညာယတနသညာသည်။ အာကိဉ္စညာယတနသညာယ၊ မှ။ သုညန္တိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။ နေဝသညာနာသညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ ယဒိဒံ ဧကတ္တံ၊ အကြင်တခုတည်းသော မကင်းဆိတ်သည်၏ အဖြစ်သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိ စေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (ဝိညာဏဉ္စာယတနသညာ, အာကိဉ္စညာယတနသညာ တို့၏ အစွမ်းအားဖြင့် ဖြစ်သော) ပူပန်ခြင်းသည်။ တတ္ထ၊ ထိုနေဝသညာ နာသညာယတန သညာ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုနေဝသညာနာသညာယတနသညာကို။ တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ကင်းဆိတ်၏ ဟူ၍။ သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုနေဝသညာနာသညာ ယတနသညာ၌။ (ပဝတ္တံ၊ သော။) ယံ ပန၊ အကြင်ပူပန်ခြင်းသည်ကား။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ကို။ "ဣဒံ၊ ဤနေဝသညာနာသညာယတနသညာသည်။ သန္တံ၊ ရှိသော်လျှင်။ အတ္ထီတိ၊ ၏"ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နန္ဒာ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏ ။ ပ။ သော သုညတာဝက္ကန္တိ၊ (ဝိညာဏဉ္စာယတနသညာ, အာကိဉ္စညာယတနသညာတို့၏ အစွမ်းအားဖြင့် ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၈၂။ အာနန္ဒ၊ နန္ဒာ။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ အာကိဉ္စညာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ နေဝသညာနာသညာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ အနိမိတ္တံ၊ နိစ္စနိမိတ်စသော နိမိတ်မရှိသော။ စေတောသမာဓိံ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော သမာဓိကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုတည်းသော အမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ အနိမိတ္တေ၊ သော။ စေတောသမာဓိမှိ၊ ၌။ ပ။ အဓိမုစ္စတိ၊ ၏။

သော၊ သည်။ "ယေ ဒရထာ၊ တို့သည်။ အာကိဉ္စညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအနိမိတ္တ စေတောသမာဓိ၌။ န သန္တိ၊ ကုန်။ ယေ ဒရထာ၊ တို့သည်။ နေဝသညာနာသညာယတနသညံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအနိမိတ္တ စေတော သမာဓိ၌။ န သန္တိ၊ ကုန်။ သဠာယတနိကံ၊ ခြောက်ပါးသော အာယတနနှင့် စပ်ယှဉ်သော(ခြောက်ပါးသောအာယတနနှင့် တကွသော ဟုသော်လည်းပေး။) ဣမမေဝ ကာယံ၊ ဤမဟာဘုတ်လေးပါးကိုမှီသော ကိုယ်ကိုသာလျှင်။ ပဋိစ္စ၊ ၍။ ဇီဝိတပစ္စယာ၊ ဇီဝိတိန္ဒြေ ဟူသောအကြောင်းကြောင့်။ ယဒိဒံ၊ အကြင် ပူပန်ခြင်းသည်။ (အဿ၊ ရာ၏။)

အယံ ဒရထမတ္တာ၊ ဤ (ဇီဝိတဟူသော အကြောင်းကြောင့် ဖြစ်သော) ပူပန်ခြင်းမျှသည်။ အတ္ထိ စေဝါတိ၊ သာ” ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ ၏။ သော၊ ထိုရဟန်းသည်။ “ဣဒံ သညာဂတံ၊ ဤအနိမိတ္တစေတောသမာဓိသညာသည်။ အာကိဉ္စညာယတနသညာယ၊ မှ။ သုညန္တိ၊ ၏” ဟူ၍။ ပဇာနာတိ၊ ၏။ “ဣဒံ သညာဂတံ၊ ဤ အနိမိတ္တစေတောသမာဓိ သညာသည်။ နေဝသညာနာသညာယတနသညာယ၊ မှ။ သုညန္တိ၊ ၏” ဟူ၍။ ပဇာနာတိ၊ ၏။ သဠာယတနိကံ၊ သော။ ဣမမေဝ ကာယံ၊ ကိုသာလျှင်။ ပဋိစ္စ၊ ၍။ ဇီဝိတပစ္စယာ၊ ဇီဝိတိန္ဒြေ ဟူသော အကြောင်းကြောင့်။ ယဒိဒံ၊ အကြင် မကောင်းဆိတ်သည်၏ အဖြစ်သည်။ (အသ၊ ရှာ၏။) ဣဒံ အသုညတံ၊ ဤမကောင်းဆိတ်သည်၏ အဖြစ်သည်။ အတ္ထိ စေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (အာကိဉ္စညာယတနသညာ, နေဝသညာနာသညာယတနသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်းသည်။ တတ္ထ၊ ထိုအနိမိတ္တစေတောသမာဓိ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုအနိမိတ္တ စေတောသမာဓိကို။ တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ဆိတ်၏ ဟူ၍။ သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုအနိမိတ္တ စေတောသမာဓိ၌။ (ပဝတ္တံ၊ သော။) ယံ၊ အကြင်ပူပန်ခြင်းသည်။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုပူပန်ခြင်းကို။ “ဣဒံ၊ သည်။ သန္တံ၊ ရှိသာလျှင်။ အတ္ထိတိ၊ ၏” ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နန္ဒ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ ပ။ သော သုညတာဝက္ကန္တိ၊ (အာကိဉ္စ-ညာယတနသညာ, နေဝသညာနာသညာယတနသညာတို့၏ အစွမ်းအားဖြင့် ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၇၃။ အာနန္ဒ၊ နန္ဒ။ ပုန စပရံ၊ လည်း။ ဘိက္ခု၊ သည်။ အာကိဉ္စညာယတနသညံ၊ ကို။ အမနသိကရိတွာ၊ ၍။ နေဝသညာနာသညာယတနသညံ၊ ကို။ အမနသိကရိတွာ၍။ အနိမိတ္တံ၊ နိစ္စနိမိတ်စသော နိမိတ်မရှိသော။ စေတောသမာဓိံ၊ ဝိပဿနာ စိတ်နှင့်ယှဉ်သော သမာဓိကို။ ပဋိစ္စ၊ ၍။ ဧကတ္တံ၊ တခုသောအမှတ်ကို။ မနသိကရောတိ၊ ၏။ တဿ၊ ၏။ စိတ္တံ၊ သည်။ အနိမိတ္တေ၊ သော။ စေတောသမာဓိမှိ၊ ၌။ ပ။ အဓိမုစ္စတိ၊ ၏။

သော၊ သည်။ “အနိမိတ္တော၊ နိစ္စနိမိတ်စသော နိမိတ်မရှိသော။ အယမ္ပိ ခေါ စေတောသမာဓိ၊ ဤဝိပဿနာစိတ်နှင့်ယှဉ်သော သမာဓိကို။ အဘိသင်္ခတော၊ ပြုပြင်အပ်၏။ အဘိသင်္ခတယိတော၊ စေ့ဆော် ဟိုက်တွန်းအပ်၏။ ကိဉ္စိ၊ တစုံတခုသော။ ယံ၊ အကြင်တရားအပေါင်းကို။ အဘိသင်္ခတံ၊ ပြုပြင်အပ်၏။ အဘိသင်္ခတယိတံ၊ စေ့ဆော်တိုက်တွန်းအပ်၏။ တံ၊ ထိုတရားအပေါင်းသည်။ အနိစ္စံ၊ မမြဲ။ နိရောဓဓမ္မန္တိ၊ ချုပ်ခြင်း သဘောရှိ၏” ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ ၏။ (ဤ၌ နောက်ဆုံး ပဇာနာတိ မလို။) ဧဝံ၊ သို့။ ဇာနတော၊ သိသော။ ဧဝံ၊ သို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်သည်။ ကာမာသဝါပိ၊ မှလည်း။ ပ။ အဝိဇ္ဇာ-သဝါပိ၊ မှလည်း။ ဝိမုစ္စတိ၊ ၏။ ဝိမုတ္တသ္မိံ၊ လွတ်သည်ရှိသော်။ ဝိမုတ္တံ ဣတိ၊ လွတ်ပြီ ဟူ၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ၏။ “ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ပ။ အပရံ၊ သည်။ နာတိ၊ မရှိ” ဟူ၍။ ပဇာနာတိ၊ ၏။ သော၊ သည်။ “ယေ ဒရထာ၊ တို့သည်။ ကာမာသဝံ၊ ကို။ ပဋိစ္စ၊ ၍။ ပ။ အဝိဇ္ဇာသဝံ၊ ကို။ ပဋိစ္စ၊ ၍။ အဿု၊ ကုန်ရာ၏။ တေ၊ တို့သည်။ ဣဓ၊ ဤအနိမိတ္တစေတောသမာဓိ၌။ န သန္တိ၊ ကုန်။ သဠာယတနိကံ၊ သော။ ဣမမေဝ ကာယံ၊ ကိုသာလျှင်။ ပဋိစ္စ၊ ၍။ ဇီဝိတပစ္စယာ၊ ကြောင့်။ ယဒိဒံ၊ အကြင်ပူပန်ခြင်းသည်။ (အသ၊ ရှာ၏။) အယံ ဒရထမတ္တာ၊ ဤပူပန်ခြင်းမျှသည်။ အတ္ထိစေဝါတိ၊ သာ” ဟူ၍။ ဧဝံ၊ သို့။ ပဇာနာတိ၊ ၏။

သော၊ သည်။ “ဣဒံ ဤသည်ကား၊ ဤ အနိမိတ္တစေတောသမာဓိသည်သည်။ ကာမာသဝေန၊ ကာမာသဝမှ။ ပ။ ဘဝါသဝေန၊ မှ။ ပ။ အဝိဇ္ဇာသဝေန၊ မှ။ သုညန္တိ၊ ၏” ဟူ၍။ ပဇာနာတိ၊ ၏။ သင္ဒာယတနိကံ၊ သော။ ဣမမေဝ ကာယံ၊ ကိုသာလျှင်။ ပဋိစ္စ၊ ၍။ ဇီဝိတပစ္စယာ၊ ကြောင့်။ ယဒိဒံ၊ အကြင်မကောင်းဆိတ်သည်၏ အဖြစ်သည်။ (အဿ၊ ရာ၏။) ဣဒံ အသုညတံ၊ သည်။ အတ္ထိစေဝ၊ သာတည်း။ ဣတိ၊ သို့။ ယံ၊ အကြင် (အာကိဉ္စညာယတနသညာ, နေဝသညာနာသညာယတနသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော) ပူပန်ခြင်းသည်။ တတ္ထ၊ ထိုအနိမိတ္တစေတောသမာဓိ၌။ န ဟောတိ၊ မဖြစ်။ တံ၊ ထိုအနိမိတ္တစေတောသမာဓိကို။ တေန၊ ထိုပူပန်ခြင်းမှ။ သုညံ၊ ဆိတ်၏ဟူ၍။ သမနုပဿတိ၊ ၏။ တတ္ထ၊ ထိုအနိမိတ္တစေတောသမာဓိ၌။ (ပဝတ္တံ၊ သော။) ယံ ပန၊ အကြင်ပူပန်ခြင်းသည်ကား။ အဝသိဋ္ဌံ၊ သည်။ ဟောတိ၊ ၏။ တံ၊ ကို။ “ဣဒံ၊ သည်။ သန္တံ၊ ၍သာလျှင်။ အတ္ထိတိ၊ ၏” ဟူ၍။ ပဇာနာတိ၊ ၏။

အာနန္ဒ၊ နွာ။ ဧဝမ္ပိ၊ လည်း။ အဿ၊ ထိုရဟန်း၏။ ပ။ သော သုညတာဝက္ကန္တိ၊ (အာကိဉ္စညာယတနသညာ, နေဝသညာနာသညာယတနသညာတို့၏ အစွမ်းအားဖြင့်ဖြစ်သော ပူပန်ခြင်းမှ ကင်းဆိတ်သည်၏အဖြစ်ဟူသော) ဤသုညတသို့ သက်ဝင်ခြင်းသည်။ ဘဝတိ၊ ၏။

၁၇၄။ အာနန္ဒ၊ နွာ။ အတီတံ အဒ္ဓါနံ၊ လွန်ပြီးသောကာလ၌။ ကေစိ၊ အချို့ကုန်သော။ ယေ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်၎င်း။ ယေ ဗြာဟ္မဏာ ဝါ၊ အကြင်ဗြာဟ္မဏတို့သည်၎င်း။ (ဤ၌ ခီဏာသဝဖြစ်သော ရဟန်းတို့ကိုယူ။) ပရိသုဒ္ဓံ၊ စင်ကြယ်သော။ ပရမံ၊ မြတ်သော။ အနုတ္တရံ၊ အလုံးစုံတို့ထက်မြတ်သော။ သုညတံ၊ သုညတဖလသမာပတ်ကို။ (အရဟတ္တဖလသမာပတ်ဟူလို။) ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိံသု၊ နေကုန်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထိုသမဏဗြာဟ္မဏတို့သည်။ ပရိသုဒ္ဓံ၊ သော။ ပရမံ၊ သော။ အနုတ္တရံ၊ သော။ ဣမံယေဝ သုညတံ၊ ဤသုညတဖလသမာပတ်ကိုသာလျှင်။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိံသု၊ ကုန်ပြီ။

အာနန္ဒ၊ နွာ။ အနာဂတံ အဒ္ဓါနံ၊ လာလတ္တံ့သော ကာလ၌။ ပ။ ဝိဟရိဿန္တိ၊ နေကုန်လတ္တံ့။

အာနန္ဒ၊ နွာ။ ဧတရဟိ၊ ယခုအခါ၌။ ပ။ ဝိဟရန္တိ၊ နေကုန်ဆဲ။

အာနန္ဒ၊ နွာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ ပရိသုဒ္ဓံ၊ သော။ ပရမံ၊ သော။ အနုတ္တရံ၊ သော။ သုညတံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိဿာမိ၊ နေကုန်အံ့ဟူ၍။ (သိက္ခိတဗ္ဗံ၊ ကျင့်သုံးအပ်၏။) အာနန္ဒ၊ နွာ။ ဝေါ၊ သင်တို့သည်။ ဧဝံဟိ၊ ဤသို့သာလျှင်။ သိက္ခိတဗ္ဗံ၊ ကျင့်သုံးအပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဣဒမဝေါစ-စသည် ပေးမြဲ။)

ပဌမံ၊ သော။ စူဠသုညတသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီ။

၂-မဟာသုညတသုတ်

၁၇၅။ (ဧဝံ မေ သုတံ-ပေးမြဲ။) ဧကံ၊ သော။ သမယံ၊ ၌။ ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်းတို့၌။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ္ထုမြို့၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ ၌။ နိဝါသေတွာ၊ ၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ယူ၍။ ကပိလဝတ္ထုံ၊ ကို။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ဝင်တော်မူပြီ။ ကပိလ-

ဝတ္တုသို့ ၊ ၌။ ပိဏ္ဍာယ၊ ငှါ။ စရိတွာ၊ သုည့်လည်၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသည်မှ နောက်ကာလ၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းစားရာမှ ဖဲခွါသည်ဖြစ်၍။ ယေန၊ ၌။ ကာဠခေမကဿ၊ (အသားမည်း၍)ကာဠခေမကမည်သော။ သက္ကဿ၊ သာကီဝင်၏။ ဝိဟာရော၊ ကျောင်းသည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဒိဝါဝိဟာရာယ၊ နေ့သန့်ခြင်းအလို့ငှါ။ ဥပသင်္ကမိ၊ ကပ်ပြီ။

တေန ခေါ ပန သမယေန၊ ၌။ ကာဠခေမကဿ၊ သော။ သက္ကဿ၊ ၏။ ဝိဟာရေ၊ ကျောင်း၌။ သမ္ဗဟုလာနိ၊ များစွာကုန်သော။ သေနာသနာနိ၊ အိပ်ရာနေရာတို့ကို။ ပညတ္တာနိ၊ ခင်းအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ ကာဠခေမကဿ၊ သော။ သက္ကဿ၊ ၏။ ဝိဟာရေ၊ ၌။ သမ္ဗဟုလာနိ၊ ကုန်သော။ သေနာသနာနိ၊ တို့ကို။ ပညတ္တာနိ၊ ခင်းထားအပ်သည်တို့ကို။ အဒ္ဒသာ ခေါ၊ မြင်တော်မူပြီ။ ဒိသွာန၊၍။ ဘဂဝတော၊ ၏။ "ကာဠခေမကဿ၊ သော။ သက္ကဿ၊ ၏။ ဝိဟာရေ၊ ၌။ သမ္ဗဟုလာနိ၊ ကုန်သော။ သေနာသနာနိ၊ တို့ကို။ ပညတ္တာနိ၊ အပ်ကုန်ပြီ။ ဣဓ၊ ဤကျောင်း၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝိဟရန္တိ နု ခေါ တိ၊ နေကုန်လေသလော"ဟူသော။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ပြီ။

၁၇၆။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ သမ္ဗဟုလေဟိ၊ ကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဃဋာယ၊ ဃဋာအမည်ရှိသော။ သက္ကဿ၊ သာကီဝင်၏။ (ဤ၌ ယောကျ်ားကိုပင် ဣတ္ထိလိင်ဖြင့် သုံးထား၏။) ဝိဟာရေ၊ ၌။ စီဝရကမ္မံ၊ သင်္ကန်း(ချုပ်ခြင်းစသော) အမှုကို။ ကရောတိ၊ ပြု၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ပ။ နိသီဒိ၊ နေပြီ။ ဘဂဝါ၊ သည်။ နိသဇ္ဇ၊ ၍။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ "အာနန္ဒ၊ နှင့်။ပ။ ဝိဟရန္တိ နု ခေါ တိ၊ လော"ဟူ၍။ အာမန္တေသိ၊ မိန့်တော်မူပြီ။ ဘန္တေ၊ ရား။ပ။ ဝိဟရန္တိ၊ ကုန်၏။ ဘန္တေ၊ ရား။ နော၊ တပည့်တော်တို့၏။ စီဝရကာရသမယော၊ သင်္ကန်းအမှုကို ပြုရာအခါသည်။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့လျှောက်၏။

အာနန္ဒ၊ နှင့်။ သင်္ဂဏိကာရာမော၊ မိမိအပေါင်းအဖော်သာလျှင် မွေ့လျော်ရာရှိသော။ သင်္ဂဏိကရတော၊ မိမိအပေါင်းအဖော်၌ မွေ့လျော်သော။ သင်္ဂဏိကာရာမတံ အနုယုတ္တော၊ မိမိအပေါင်းအဖော်သာလျှင် မွေ့လျော်ရာရှိသည်၏အဖြစ်၌။ ယုတ္တော၊ ယှဉ်သော။ ဂဏာရာမော၊ အထူးထူးသော အပေါင်းအဖော်သာလျှင် မွေ့လျော်ရာရှိသော။ ဂဏရတော၊ အထူးထူးသော အပေါင်းအဖော်၌ မွေ့လျော်သော။ ဂဏသမ္မုဒိတော၊ အထူးထူးသော အပေါင်းအဖော်ဖြင့် ဝမ်းမြောက်သော။ ဘိက္ခု၊ ရဟန်းသည်။ န သောဘတိ၊ မတင့်တယ်။ အာနန္ဒ၊ နှင့်။ သင်္ဂဏိကာ-ရာမော၊ သော။ပ။ဂဏသမ္မုဒိတော၊ သော။ သော ဘိက္ခု၊ သည်။ ဝတ၊ စင်စစ်။ (ဘဝိဿတိ ၌စပ်။) ယံ တံ နေက္ခမ္မသုခံ၊ အကြင်ကာမမှ ထွက်မြောက်သည်၏အစွမ်းအားဖြင့် ဖြစ်သောချမ်းသာသည်။ ယံ တံ ပဝိဝေကသုခံ၊ အကြင်ကာမမှ ကင်းဆိတ်သည်၏အစွမ်းအားဖြင့် ဖြစ်သောချမ်းသာသည်။ ယံ တံ ဥပသမသုခံ၊ အကြင်ရာဂစသည်တို့ ငြိမ်းသည်၏အစွမ်းအားဖြင့် ဖြစ်သောချမ်းသာသည်။ ယံ တံ သမ္ဗောဓိသုခံ၊ အကြင်မဂ်ဉာဏ်ကို ဆောင်နိုင်သော ချမ်းသာသည်။ (အတ္ထိ၊ ၏။)တဿ သုခဿ၊ ထိုချမ်းသာအပေါင်းကို။ နိကာမလာဘီ၊အလိုရှိတိုင်းရလေ့ရှိသည်။ အကိစ္ဆလာဘီ၊မငြိုမငြင်ရလေ့ရှိသည်။ အကသိရလာဘီ၊ အနပ္ပကမ်းရလေ့ရှိသည်[၁]။ဘဝိဿတီတိ၊

၁။ ကသိရံ ဝုစ္စတိ အပ္ပကန္တိ အာဟ "အကသိရလာဘီတိ ဝိပုလလာဘီ"တိ၊ (ဋီကာ)အနပ္ပက-န+အပ္ပက-ပုဒ်ခွဲ၊ မနည်းပါး အများကြီး ရလေ့ရှိသည် ဟူလို၊ မ- ၁၊ မဟာသီဟနာဒသုတ်စာပိုဒ်- ၁၆၁-အဋ္ဌကထာ၌ "အပ္ပကသိရေနာတိ နဒုက္ခေန"ဟု ဖွင့်၏။ကသိရသဒ္ဒါသည် အဘိဓာန်ဂါထာ-ပိုဒ်၌ကဲ့သို့ ဒုက္ခအနက်ဟောတည်း။

ဖြစ်လတ္တံ့ ဟူသော။ တေ၊ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ အာနန္ဒ၊ နန္ဒာ။ယော စ ခေါ သော ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ ဧကော၊ တပါးတည်းဖြစ်၍။ ဂဏသ္မာ၊ အပေါင်းအဖော်မှ။ ဝူပကဋ္ဌော၊ ဝေးကွာသည်ဖြစ်၍[၁]။ ဝိဟရတိ၊ ၏။ တဿ ဘိက္ခုနော၊ သည်။ ဧတံ၊ ဤဆိုမည့်အကျိုးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ယံ တံ နေက္ခမ္မသုခံ၊ သည်ရှင်း။ပ။ဘဝိဿတီတိ၊ လတ္တံ့ ဟူသော။ တေ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ၏။

အာနန္ဒ၊ နန္ဒာ။ သင်္ဂဏိကာရာမော၊ သော။ပ။ဂဏသမ္မုဒိတော၊ သော။ သော ဘိက္ခု၊ သည်။ ဝတ၊ စင်စစ်။ သာမာယိကံ၊ ဝင်စားရာရာ အခါကာလ၌ ကိလေသာတို့မှလွတ်သော။ (သမယေ ဝိမုတ္တံ သာမာယိကံ-မ၌ အ-ကို အာဒီဿပြု။) ကန္တံ၊ နှစ်သက်အပ်သော။ စေတောဝိမုတ္တိံဝါ၊ (မဟဂ္ဂုတ်စိတ်နှင့်ယှဉ်သော ကိလေသာတို့မှ လွတ်သော) မဟဂ္ဂုတ် ဈာန်သမာပတ်ကိုရင်း။ အသာမာယိကံ၊ ဝင်စားရာအခါ၌သာ ကိလေသာတို့မှ လွတ်သည်မဟုတ်သော။ (စင်စစ်အခါ ခပ်သိမ်း၊ကိလေသာတို့မှ လွတ်သောဟူလို။) အကုပ္ပံ၊ ကိလေသာတို့သည် မဖျက်ဆီးနိုင်သော။ စေတောဝိမုတ္တိံဝါ၊ (လောကုတ္တရာစိတ်နှင့်ယှဉ်သော ကိလေသာတို့မှလွတ်သော)မဂ်ဖိုလ်ကိုရင်း။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိဿတီတိ၊နေလတ္တံ့ ဟူသော။ တေ ဌာနံ၊ သည်။ နဝိဇ္ဇတိ၊ မရှိ။ အာနန္ဒ၊ နန္ဒာ။ ယော စ ခေါ သော ဘိက္ခု၊ သည်။ပ။ ဝိဟရိဿတီတိ၊ လတ္တံ့ ဟူသော။ တေ ဌာနံ၊ သည်။ ဝိဇ္ဇတိ၊ ၏။

အာနန္ဒ၊ နန္ဒာ။ ယတ္ထ၊ အကြင်ကရဇာချပ်၌။ ရတ္တဿ၊တပ်နှစ်သက်သောပုဂ္ဂိုလ်၏ (သန္တာန်၌)။ ယထာဘိရတဿ၊ အကြင်အကြင်မွေ့လျော်နှစ်သက်အပ်သော။ ရူပဿ၊ ရုပ်၏။ ဝိပရိဏာမညထာဘာဝါ၊ ဖောက်ပြန်ခြင်း, တပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်။ သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသာ၊ တို့သည်။ န ဥပ္ပဇ္ဇေယျုံ၊ မဖြစ်ကုန်ရာ။ ဧကံ၊ တခုသော။ တံရူပမ္ပိ၊ ထိုကရဇာချပ်ကိုကား။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ[၂]။

၁၇၇။ အာနန္ဒ၊ နန္ဒာ။ သဗ္ဗနိမိတ္တာနံ၊ အလုံးစုံသောသင်္ခတနိမိတ်တို့ ကို။အမနသိကာရာ၊နှလုံး မသွင်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိကိုယ်ကိုစွဲ၍ဖြစ်သော။ ယဒိဒံ သုညတံ၊ အကြင်သုညတဖလ သမာပတ်ကို[၃]။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ အယံ ခေါ ဝိဟာရော၊ ဤနေရာနေကြောင်းဖြစ်သော သုညတဖလသမာပတ်ကို။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ ကောင်းစွာသိအပ်ပြီ။ အာနန္ဒ၊ နန္ဒာ။ တတြ ဣမိနာ ဝိဟာရေန၊ ဖြင့်။ ဝိဟရန္တံ၊ နေသော။တတြ တထာဂတံ၊ ထိုမြတ်စွာဘုရား ကို။ (တတြစေတိ ဥပယောဂတ္ထေ ဘုမ္မံ၊ ၌။) ဥပသင်္ကမိတာရော၊ ကပ်ရောက်ကြကုန်သော။ ဘိက္ခူ၊ ရဟန်းယောကျ်ားတို့သည်။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ဥပါသကာ၊ဆည်းကပ်

၁။ ဝူပကဋ္ဌော-၌ ဝိ+ဥပကဋ္ဌ။ဥပကဋ္ဌ=နီးကပ်သည်၊ ဝိ- မ=မနီးကပ်၊ ဝေးကွာသည်ဟူလို၊ "သာမန္တာ အာသန္နေ အဝိဒူရေ ဥပကဋ္ဌေ"(တိဿမေတ္တေယျ-မဟာနိဒ္ဒေသပါဠိ)၊ "ဥပကဋ္ဌေတိ သန္တိကေ၊" (ဎင်းအဋ္ဌကထာ။)

၂။ ပုဂ္ဂိုလ်တယောက်ကို စွဲလမ်းနေသူသည် အစွဲသင်းခံရသောပုဂ္ဂိုလ်၏ ဖောက်ပြန်ခြင်း, မိမိမှတပါး အခြားသူသို့ ပြောင်းလဲခြင်းစသည်ကြောင့် သောကစသည်မဖြစ်သူကို ငါဘုရားမြင်တော်မမူဟူလို။ ဤဝါကျဖြင့် သင်္ဂဏိကာရာမအပြစ်ကို ပြတော်မူ၍ ၁၇၇-စာပိုဒ်ဖြင့် မြတ်စွာဘုရား၏ ဝိဝိတ္တအဖြစ်ကိုလည်း သိစေတော်မူ၏။ (ဋီကာ။)

၃။ အဇ္ဈတ္တအရ ဝိသယဇ္ဈတ္တ-ကိုယူ။ "အဇ္ဈတ္တံ၊ ၌"ဟူ၍သော်လည်းပေး။ မည်သို့ပင် ပေးသည်ဖြစ်စေ "ကိံပန တန္တိ အာဟ သုညတန္တိ သုညတဖလသမာပတ္တိန္တိ"ကိုထောက်၍ အဇ္ဈတ္တံ-နှင့် သုညတ-အရ တူဟုမှတ်။

သူ(ဥပါသကာ)တို့သည်။ ဥပါသိကာယော၊ ဆည်းကပ်သူ(ဥပါသိကာမ)တို့သည်။ ရာဇာနော၊ မင်းတို့သည်။ ရာဇမဟာမတ္တာ၊ မင်း၏အမတ်ကြီးဘို့သည်။ တိတ္ထိယာ၊ တိတ္ထိဘို့သည်။ တိတ္ထိယသာဝကာ၊ တိတ္ထိ၏တပည့်တို့သည်။ စေ ဘဝန္တိ၊ အကယ်၍ရှိကုန်အံ့။ အာနန္ဒ၊ န္ဒာ။ တတြ၊ ထိုပရိသတ်၌။ (ဌိတော၊ တည်သော။) တထာဂတော၊ သည်။ ဝိဝေကနိန္နေန၊ နိဗ္ဗာန်သို့ညွတ်သော။ ဝိဝေကပေါဏေန၊ နိဗ္ဗာန်သို့ကိုင်းသော။ ဝိဝေကပဗ္ဘာရေန၊ နိဗ္ဗာန်သို့ရှိုင်းသော။ ဝူပကဋ္ဌေန၊ ကိလေသာတို့မှဝေးသော။ နေက္ခမ္မာဘိရတေန၊ နိဗ္ဗာန်၌မွေ့လျော်သော။သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဝါ၊အလုံးစုံကုန်သော။ အာသဝဋ္ဌာနိယေဟိ၊ အာသဝေါတရားတို့၏အကြောင်းဖြစ်ကုန်သော။ ဓမ္မေဟိ၊ တို့မှ။ ဗျန္တီဘူတေန၊ ကင်းသောအပိုင်းအခြားရှိသည်ဖြစ်၍ဖြစ်သော။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ အညဒတ္ထု၊ စင်စစ်။ ဥယျောဇနိကပဋိသံယုတ္တံယေဝ၊ တိုက်တွန်းသော စကားနှင့် စပ်သည်သာလျှင် ဖြစ်သော။ ကထံ၊ စကားကို။ ကတ္တာ၊ ပြုလုပ်ဟောပြောတော်မူတတ်သည်။ ဟောတိ၊ ၏။ အာနန္ဒ၊ န္ဒာ။ တသ္မာ၊ ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ "အဇ္ဈတ္တံ၊ မိမိကိုယ်ကို စွဲ၍ဖြစ်သော။ သုညတံ၊ သုညတဖလသမာပတ်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရေယျန္တိ၊ နေအံ့"ဟူ၍။ စေပိ အာကင်္ခေယျ၊ အကယ်၍မူလည်း အလိုရှိငြားအံ့။ အာနန္ဒ၊ န္ဒာ။ တေန ဘိက္ခုနာ၊ သည်။ အဇ္ဈတ္တမေဝ၊ မိမိကိုယ်ကို စွဲ၍ဖြစ်သော ကသိုဏ်းစသော အာရုံ၌ ပင်လျှင်။(ဂေါစရဇ္ဈတ္တမေဝ-ဌ။) စိတ္တံ၊ ဈာန်စိတ်ကို။ သဏ္ဌပေတဗ္ဗံ၊ ကောင်းစွာတည်စေအပ်၏။ သန္နိသာဒေတဗ္ဗံ၊ ကောင်းစွာ ထိုင်စေအပ်၏။ဧကောဒိကာတဗ္ဗံ၊ မြတ်သည်ဖြစ်၍ တည်ကြည်အောင် ပြုအပ်၏။သမာဒဟာတဗ္ဗံ၊ ကောင်းစွာထားအပ်၏။

